ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 24 June 2024 ၁၁၄၉၈

လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ -၂၁၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသော ဆီတန်ချိန် ၅၃၀၀ ပါရှိသည့် စားအုန်းဆီတင်သင်္ဘောကြီး ရန်ကုန်မြို့သို့ရောက်ရှိ

အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသော ဆီတန်ချိန် ၅၃၀၀ ပါရှိသည့် စားအုန်းဆီတင်သင်္ဘောကြီး ကြည့်မြင်တိုင်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိစဉ်။

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ၌ ဆီစားသုံးသူပြည်သူများ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ စီစဉ်ဆောင်ရွက်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံမှ ထပ်မံတင်သွင်းလာသော ဆီတန်ချိန် ၅၃၀၀ ပါရှိသည့် စားအုန်းဆီတင်သင်္ဘောကြီးသည် ဇွန် ၁၉ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ကြည့်မြင်တိုင်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာပြီး ဆီသိုလှောင်ကန်များအတွင်း စားသုံးဆီများ ဖြည့်တင်းဆောင်ရွက်ကြသည်။ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆီသိုလှောင်ကန်ကြီးများတွင် ဆီတန်ချိန် ၄၀၀၀၀ ကျော်ရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီသိုလှောင်ကန်များမှ စားသုံးဆီများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဈေးနှုန်းများဖြင့် ပြည်သူများ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇွန် ၂၃

ကျိုက္ခမီ	၄ ဒသမ ၂၉ လက်မ
ထားဝယ်	၄ ဒသမ ၀၁ လက်မ
ဟိုင်းကြီးကျွန်း	၃ ဒသမ ၈၆ လက်မ
ဘိုကလေး	၃ ဒသမ ၅၀ လက်မ
မြိတ်	၃ ဒသမ ၀၃ လက်မ
သထုံ	၂ ဒသမ ၉၁ လက်မ
မော်လမြိုင်	၂ ဒသမ ၉၁ လက်မ

ယနေ့ ဖတ်စရာ

အနာဂတ်ကိုထုဆစ်ဖို့ စက်မှုပညာသင်ကြစို့ (အပိုင်း-၁)
ဆောင်းပါး စာမျက်နှာ » ၆

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင်ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများ
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

ပိုးလမ်းမရပ်ဝန်းနိုင်ငံများအတွက် သစ်သီးဝလံများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာ နည်းပညာ
ဆောင်းပါး စာမျက်နှာ » ၁၀

တိုကျိုမြို့တော်ရှိ လမ်းမများပေါ်တွင် မောင်းသူမဲ့မော်တော်ယာဉ်များ စတင်ပြေးဆွဲ
စာမျက်နှာ » ၁၃

ဒေသတွင်း သဘာဝပေါက်ပင်ကို ဈေးကွက်ဝင်စားသောက်ကုန်အဖြစ် ထုတ်လုပ်နေသည့် “ဇာနည်ဝဥလုပ်ငန်း”
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၂၅

ကြေးမုံ

တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံသမိုင်းတစ်လျှောက်ကို လေ့လာကြည့်မည်ဆိုပါက အပြုနှင့်အဖျက်တို့ အမြဲဒွန်တွဲဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံကို တည်ဆောက်နေကြသူများကတစ်ဖက်၊ နိုင်ငံကို တစိုက်မတ်မတ် ဖျက်ဆီးနေကြသူများကတစ်ဖက် တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်တွင် နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ အကြောင်းတစ်စုံတစ်ရာပေါ်လာပါက ယင်းကိုအသုံးချလိုသူများနှင့် ဖျက်လိုဖျက်ဆီးပြုလုပ်သူများ ပေါ်ပေါက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ပွတ်တိုက်ထိရှလွယ်သော လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေးကိစ္စများတွင် အကြောင်းတစ်စုံတစ်ရာရှိလာပါက အခွင့်ကောင်းစောင့်နေသူများနှင့် မီးလောင်ရာလေပင့်လိုသူများ ပေါ်ထွက်လာပြီး တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ကြသည်။ ယနေ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ပြည်တွင်း/ပြည်ပ အဖျက်အန္တရာယ်များ ကြီးမားလာသည်ကို သတိပြုရမည်ဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းက အထင်ကရ ဆရာတော်ကြီးတစ်ပါး ပျံလွန်တော်မူခဲ့ခြင်းနှင့်ပတ်သက်၍ အားလုံးကစိတ်မကောင်းဝမ်းနည်းဖြစ်ရသည်။ ယင်းကိုအကြောင်းပြု၍ ပြည်သူလူထုကြားတွင် စိတ်ဝမ်းကွဲပြားအောင်၊ ပြဿနာကြီးထွားလာအောင် သွေးထိုးလှုံ့ဆော်မှုများကိုလည်း သတိထားရမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ထုတ်ဖော်ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပြီး ပျံလွန်တော်မူခဲ့ရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးကို နိုင်ငံတော်အဆင့် စိစစ်ဖော်ထုတ်ပေးလျက်ရှိသည်။ အဆိုပါဖြစ်စဉ်စတင်ဖြစ်ပေါ်သည်နှင့် ပြည်ဖျက်မီဒီယာများက ပြည်သူလူထုကြားတွင် အထင်အမြင်လွဲမှားအောင် စတင်ပြုလုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးတကက်ကြွလှုပ်ရှားသူများ၊ အကြမ်းဖက်အဖွဲ့ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် အချိန်ကိုက်လုပ်ဆောင်ခဲ့သည်။

မျက်မှောက်ကာလ၌ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတာဝန်များကို ထမ်းဆောင်ရာတွင် အခက်အခဲများစွာရှိသည်။ တိုင်းပြည်ကာကွယ်ရေး၊ လုံခြုံရေးအတွက် မပြတ်မလပ်စောင့်ကြည့်နေရပြီး ရန်သူ၊ မိတ်ဆွေ၊ အဖြူအမည်း မသဲကွဲသည့်အခြေအနေများလည်းရှိသည်။ ထိုအခြေအနေမျိုး၌ ဖြစ်စဉ်ဖြစ်ပွားခြင်းမရှိဘဲ မဟုတ်မမှန်လုပ်ကြံဇာတ်ခင်းမှုများ၊ ကောလာဟလသတင်းစကားများ၊ ဖြစ်စဉ်ဖြစ်ပွားသော်လည်း ဖြစ်စဉ်တစ်ဝက် မမှန်တစ်ဝက်ရောချသည့်သတင်းများ၊ ဖြစ်စဉ်မှန်သော်လည်း ပုံကြီးချဲ့ကားသတင်းများဖြင့် ပြည်သူလူထုထင်ယောင်ထင်မှားဖြစ်အောင်၊ တွေဝေအောင်၊ အစိုးရအပေါ် ယုံကြည်မှုပျက်အောင် ပြုလုပ်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ဘာသာသာသနာအပေါ် ရိုသေလေးစားကြည်ညိုပြီး ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု စည်ပင်ထွန်းကားပြန့်ပွားရေးကို ရှေးယခင်ကာလများမှ ယနေ့ထက်တိုင်အောင် နိုးကြားတက်ကြွ အလေးထားဆောင်ရွက်လျက်ရှိသည်။ ယခုဖြစ်စဉ်ကို အကြောင်းပြု၍ အထင်အမြင်လွဲမှားအောင် လုပ်ဆောင်လာကြသည်။ အမှန်တကယ်တွင် ဘာသာသာသနာ၊ ယဉ်ကျေးမှုကို ထိခိုက်စော်ကားနေသည်မှာ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသာဖြစ်သည်။ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်သတ်ဖြတ်မှုကြောင့် ရဟန်းသံဃာ အပါး ၁၄၀၊ သီလရှင် နှစ်ပါး ပျံလွန်တော်မူခဲ့ပြီး ၉၆ ပါး ဒဏ်ရာရရှိခဲ့သည်။ ထိုဖြစ်စဉ်များနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်များက ရေငုံနှုတ်ပိတ်နေပြီး ယခုဖြစ်စဉ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် ပြုလုပ်နေသည်မှာ သတိပြုစရာဖြစ်သည်။

၁၉၈၈ ခုနှစ် မတိုင်မီကာလက တိုင်းပြည်အဘက်ဘက်၌ အကျပ်အတည်းဖြစ်နေချိန် အနောက်မီဒီယာများ၏ မီးလောင်ရာလေပင့်ပေးမှုကြောင့် လူထုအုံကြွမှုဖြစ်ပေါ်လာပြီး ပြည်ထောင်စုကြီး ပြိုကွဲတော့မည်အထိဖြစ်ခဲ့ရာ သင်ခန်းစာယူစရာဖြစ်သည်။ တိုင်းပြည်၏ ကံကြမ္မာကို ပြောင်းလဲသွားအောင် ပြည်ဖျက်မီဒီယာများနှင့် အဖျက်အမှောင့်၏ အကြံအစည်ကို သတိပြုရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို ပြောင်းလဲသွားအောင် ကြိုးစားအားထုတ်နေကြသည့် အဖျက်မီဒီယာများ၊ ပြည်တွင်း/ပြည်ပ အဖျက်သမားများ၏ ကြိုးစားအားထုတ်မှုများ၊ အခွင့်အခါပေါ်သည်နှင့် သွေးထိုးလှုံ့ဆော်မှုများကို သတိပြုရမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းပြည်တိုးတက် ကောင်းမွန်လာအောင် ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်မှု၊ သည်းခံခွင့်လွှတ်နားလည်မှု၊ အပြုသဘောဆောင်အကောင်းမြင်မှုများ အားနည်းမှုတို့ကြောင့် အဆိုးသံသရာတွင် ဝဲလည်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်အခြေအနေကောင်းတစ်ခုရောက်လာချိန်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ ဘာသာရေး နယ်ပယ်တစ်ခုခုတွင် ဖြစ်ပေါ်လာသည့် အကြောင်းတစ်မျိုးမျိုးကို အကြောင်းပြု၍ လှုံ့ဆော်မှုများပြုလုပ်ကာ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်မှုများပေါ်ပေါက်တတ်သည်ကိုသတိပြုပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောမှု မပျက်ပြားအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပင်လုံမြို့၌ စပါးမျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

လွိုင်လင် ဇွန် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် မိုးစပါး Drum Seeder တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး လက်တွေ့အစေ့ချစိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက တန်အယ်ကျေးရွာအုပ်စုရှိ တောင်သူဦးစိုင်းစံလူ၏ လယ်မြေ၌ စုပေါင်းဆောင်ရွက်ကြသည်။

တိုက်ရိုက် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးများအား လက်တွေ့အစေ့ချစိုက်ပျိုးခြင်းကို စိုက်ပျိုးရေးဦးစီးဌာန လွိုင်လင်ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်း၊ ခရိုင်(မြေ-မျိုး-ပိုး)တာဝန်ခံ၊ ပင်လုံမြို့ဦးစီးမှူးနှင့် ပင်လုံမြို့ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများက ကြည့်ရှုအားပေးကာ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ လိုအပ်သည့် နည်းပညာပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြင့် တောင်သူလုပ်သားရှားပါးမှု၊ ရာသီဥတုပြောင်းလဲမှုများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး မျိုးစေ့နှုန်းထားသက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သိန်းသန်း(ပြန်/ဆက်)

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
စာတည်းမှူး	- ဦးဝင်းနိုင်	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	**သုတေသန**	- ဒေါ်ဇင်မာဝင့်
		စာပြင်	- ဒေါ်မြသီတာနှင့်အဖွဲ့
ဘာသာပြန် စာတည်းများ	- ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးခိုင်ဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် နှစ်နိုင်ငံ သီးခြားတွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

(၁၉)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် တီဟီရန်မြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အေစီဒီ လက်ရှိဥက္ကဋ္ဌနှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီနှင့် ယနေ့ ဒေသစံတော်ချိန် ၁၀ နာရီတွင် တီဟီရန်မြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသည် မြန်မာ-အီရန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အေစီဒီလက်ရှိဥက္ကဋ္ဌ နှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီ တို့ တွေ့ဆုံဆွေးနွေးစဉ်။

(၁၉)ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မတိုင်မီ အေစီဒီအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့တွင် တီဟီရန်မြို့၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

✪ ရွှေဖုံးမှ

လက်ဝယ်သို့ အမြန်ဆုံးဖြန့်ဖြူးရောင်းချနိုင်ရေး စားသုံးဆီတင် မော်တော်ယာဉ်ကြီးများဖြင့် ဆီထည့်သွင်းနေမှုအား ယမန်နေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

“ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီတွေကို ပြည်တွင်းမှာ ဖူလုံရေးအတွက် စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ ဖြန့်ဖြူးမှုအနေနဲ့ လက်ရှိ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာရှိတဲ့ စားသုံးသူတွေရဲ့ လိုအပ်ချက်အတိုင်း အနီးစပ်ဆုံး လိုအပ်ချက်ပြည့်မီအောင်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဥပမာ ရန်ကုန်ဆိုလို့ရှိရင် ဆီတန်ချိန်တစ်သောင်းလေးထောင်ခန့်၊ မန္တလေးဆိုရင် ဆီတန်ချိန် ခုနစ်ထောင်ခန့် ဖြန့်ဖြူးပေးတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကိုလည်း လိုအပ်ချက်အတိုင်း လစဉ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်”ဟု မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးဆန်းလင်းက စားသုံးဆီတင်သွင်းဖြန့်ဖြူးနေမှုကို လာရောက်စစ်ဆေးစဉ် ပြောကြားသည်။

ဆက်လက်၍ “လက်ရှိဖြန့်ချိရေးအပိုင်းမှာ ကုမ္ပဏီ၂ဖခုနဲ့ လစဉ်တန်ချိန်သုံးသောင်းကျော်သွင်းပြီး ဖြန့်ချိပေးနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လက်လီဆိုင်ပေါင်း၅၈၀၀ကျော်ရှိပါတယ်။ အဲဒီဆိုင်တွေက နေ့စဉ်ထုတ်ရတဲ့ဆီ မြို့နယ်အလိုက် တစ်ရက်ကို ဆီပေပါ၂၆၆၀ကျော်ဖြန့်ချိပေးရပါတယ်။ ရန်ကုန် တိုင်းဒေသကြီး ၄၄ မြို့နယ်က လက်ရှိလူဦးရေ၊ ဝန်ထမ်းအင်အား၊ ဘာသာရေးအဖွဲ့အစည်းတွေ အပါအဝင် လက်ဖက်ရည်ဆိုင်လေးတွေကအစ အကြော်အလှော်ဆိုင်လေးတွေအထိ တွက်ချက်ပြီး မြို့နယ်တစ်မြို့နယ်ချင်းအလိုက် သတ်မှတ်ချက်နဲ့အညီ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်”ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က ပြောသည်။

စားသုံးဆီတင်မော်တော်ယာဉ်ကြီးများဖြင့် ဆီထည့်သွင်းနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာနိုင်ငံတွင် ဆီစားသုံးသူပြည်သူများ စိတ်ချမ်းသာစွာသုံးစွဲနိုင်ရန်အတွက် ဆီတင်သင်္ဘောကြီးများ စဉ်ဆက်မပြတ် ဝင်ရောက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

မိုးစပါးပန်းတိုင်အထွက်ရရှိရေးနှင့် စပါးမျိုးသစ်များအကြောင်း တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် မိုးစပါး ပန်းတိုင်အထွက်ရရှိရေးနှင့် စပါးမျိုးသစ်များအကြောင်း တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ တောင်သူနည်းပညာ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာယဉ်မင်းထွန်းက စပါးသီးနှံ အထွက်နှုန်းကွာဟချက် လျှော့ချရေးနှင့် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနလက်ထောက်-၂ ဒေါ်ယဉ်မြတ်မြတ်မင်းက မိုးစပါးပန်းတိုင် အထွက်ရရှိရေးနှင့် စပါးမျိုးသစ်များနှင့်စပ်လျဉ်း၍ လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြရာ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူကိုယ်တိုင် တက်ရောက်သူများသာမက Zoom ဖြင့် တက်ရောက်လျက် ရှိကြသည့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ တက်ရောက်နေသူများနှင့် စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးပြောင်းလဲရေးနှင့် အရည်အသွေးကောင်း၊ အထွက်ကောင်း စပါးမျိုးသစ်ဝိုင်အက်စ်အာ (၁) စိုက်ပျိုးရန် လျာထားချက်များ၊ စိုက်နည်းစနစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ညွှန်ကြားရေးမှူး ဦးဝင်းဦးတို့က စပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေး အတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆည်ရေ၊ မိုးရေ၊ မြေအောက်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုစေရေး ဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှဒေါက်တာ ခင်သိန်းညွန့်က စပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ပိုးမွှားကာကွယ်နည်းများကို ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

ဘဂ်လား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဇွန် ၂၃

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန် ကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ **မိုး/ဇလ**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများအသင်းနှင့် မကာအိုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့အစည်းတို့မှ Green Innovation and Digital Connectivity (စိမ်းလန်းသောတီထွင်ဆန်းသစ်မှုနှင့် ဒစ်ဂျစ်တယ်ကူးလူးဆက်သွယ်မှု) ဆောင်ပုဒ်ဖြင့် ကျင်းပသည့် (၁၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ် (The 15th International Infrastructure Investment and Construction Forum – IIICF)သို့ တက်ရောက်ပြီး ယမန်နေ့နံနက်ပိုင်းက မကာအိုလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ပြန်လည်ထွက်ခွာလာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၌ အခြေခံ အဆောက်အအုံဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ State Home Company များကို သီးခြားစီတွေ့ဆုံ၍ ဒေသအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများတွင် Green Innovation and Digital Connectivity များ ဖော်ဆောင်နိုင်မည့် အခြေအနေများကိုအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ State Home Company များဘက်မှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအတွက် အခြေခံအဆောက်အအုံဆိုင်ရာ နည်းပညာနှင့်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ကောင်းမွန်လာစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ၏ Feasibility Study(FS) လေ့လာဆန်းစစ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေးကဏ္ဍများအတွက် ထိရောက်သော ပူးပေါင်း ဆောင်ရွက်မှုများ၊ နည်းပညာမျှဝေပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် (Human Resources) မြှင့်တင်ခြင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုကိစ္စရပ်များ၊ အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးကြသည် ။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပတ်ဝန်းကျင် သဘာဝကိုမထိခိုက်စေဘဲ ကာဗွန်ဒိုင်အောက်ဆိုက်ကိုလျှော့ချ၍ စိမ်းလန်းသော တိုးတက်ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် မကာအိုမြို့အတွင်း ဆောင်ရွက်နေသော စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် တည်ဆောက်နေသော အဆောက်အအုံကိုလည်းကောင်း၊ လူမှုပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေဘဲ လူမှုစီးပွားတိုးတက်အောင်ဖော်ဆောင်မှုအစီအစဉ်ဖြင့် ဆောင်ရွက်နေသော မကာအိုမြို့တွင်း လမ်းချဲ့ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ ဆူညံသံနှင့် ဖုန်မှုန့်များ မပျံ့လွင့်စေရန် ထိန်းချုပ် ဆောင်ရွက်သည့် အခြေအနေနှင့် ကျောက်တောင်များကို ပတ်ဝန်းကျင်အနှောင့်အယှက်မရှိအောင် ဖယ်ရှားရှင်းလင်းဆောင်ရွက်သည့် အခြေအနေများကိုလည်းကောင်း လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ်ကျင်းပပြုလုပ်ခြင်းနှင့် စပ်လျဉ်းပြီး သုံးသပ်ဖော်ထုတ်ဆွေးနွေးပွဲအစီအစဉ်သို့ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောနိုင်ငံများမှ အခြေခံအဆောက်အအုံများနှင့် သက်ဆိုင်သော ဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးကြပြီး IIICFက ကြီးမှူး၍ ပြသထားသော Green Innovation and Digital Connectivity ဆိုင်ရာ ပြခန်းများကို လိုက်လံကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

တောင်ငူ ဇွန် ၂၃

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို ဇွန် ၂၁ ရက်က တောင်ငူခရိုင်လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပန်းချီပြိုင်ပွဲကို စတင်ကျင်းပရာ တောင်ငူမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းခွဲမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက မူးယစ်ဆေးဝါးအန္တရာယ်အား အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက်နေမှုများ၊ မူးယစ်ဆေးဝါး၏ အန္တရာယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်သည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ စသည်တို့ကို အသိပညာပေး ဟောပြောဆွေးနွေးပြီး ပန်းချီပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုး၊ ပန်းချီဆရာ ဦးစိုးမြင့်လေးနှင့် မြို့မအခြေခံပညာအလယ်တန်းကျောင်းခွဲမှ ဆရာမ ဒေါ်နော်လာစေးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ခရိုင်(ပြန်/ဆက်)

ကျိုက်လတ်၌ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် လျှော့ချရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျိုက်လတ် ဇွန် ၂၃

ဧရာဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် လျှော့ချရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ အဖွဲ့ဝင်(၂) ဦးစိန်မြင့်နှင့် အတွင်းရေးမှူးရဲမှူးကျော်စိုးတို့က ပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကကျသော ဆန်၊ စားသုံးဆီနှင့် အခြေခံစားသောက်ကုန်စျေးနှုန်းများ တည်ငြိမ်မှုရှိစေရေး လက်တွေ့ကျပြီး အမှန်တကယ် ထိရောက်အကျိုးရှိမည့် နည်းလမ်းများဖြင့် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကုန်စျေးနှုန်းတည်ငြိမ်မှုကို ပျက်ပြားစေမည့်ကိစ္စရပ်များအား စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်း ကော်မတီဝင်များ၊ လုပ်ငန်းရှင်များ၊ ဆီလုပ်ငန်းရှင်များနှင့် ဆန်လုပ်ငန်းရှင်များက ဒေသအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ကုန်စည်အဝင်အထွက်မျှတမှုရှိစေရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကုန်စျေးနှုန်း တည်ငြိမ်မှုရှိစေရေးဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

၂၀၇

ညောင်တုန်းမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ ကျင်းပ

ညောင်တုန်း ဇွန် ၂၃

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို လူငယ်အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၁ ရက် မွန်းလွဲပိုင်းက ညောင်တုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကျော်မျိုးထက်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးဆိုးကျိုးအပြစ်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးစိုင်းခွန်ဆမ်က မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်လှိုင်က ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရေး၊ တိုးပွားရေးအတွက် စာပေဖတ်ကြရန်နှင့် လူငယ်ရေးရာအသိပညာပေးအကြောင်းအရာများကို ကျောင်းသားကျောင်းသူများအား ရှင်းလင်းဟောပြောသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ ဓာတ်ပုံများနှင့် နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများအား ပြသခဲ့ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

သတင်း

(ယမန်နေ့မှအဆက်)

'သတင်း' ဟူသောဝေါဟာရ၏ အနက်နှင့် အဓိပ္ပာယ်ကို ရှင်းခဲ့ပြီးဖြစ်သဖြင့် ယခုထပ်မံရှင်းပြရန် လိုတော့မည်မဟုတ်ပါ။ သို့ရာတွင် 'သတင်း' ဟူသောအရေးကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သုံးခဲ့ကြသနည်းဟူသည်ကိုမူ လေ့လာရန် လိုပါလိမ့်ဦးမည်။

'သတင်း' ဟူသောအရေးကို တွေ့ရသည်မှာ ချားစ်လိန်း၏ အင်္ဂလိပ်-မြန်မာအဘိဓာန်တွင် ဖြစ်သည်။ ယင်းအဘိဓာန်ကို သဘော်ကပ္ပိတန် ချားစ်လိန်းအမည်ရှိပုဂ္ဂိုလ်က ဦးဆောင်ပြုစုခဲ့သည်။ မြန်မာစာအပိုင်းကို မက္ခရာမင်းသားကြီးက ကြပ်မတ်တည်းဖြတ်ခဲ့သည်။ အင်္ဂလိပ်ဝေါဟာရ News ကို 'သတင်း'ဟု ရေးသားပုံနှိပ်ထားသည်ကို တွေ့ရသည်။ ၁၈၃၃ ခုနှစ်မှစ၍ပြုစုခဲ့ပြီး ၁၈၄၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော အဘိဓာန်ဖြစ်သည်ဟု သိရသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ မြန်မာဘာသာဖြင့် ပထမဦးစွာ ပုံနှိပ်ထုတ်ဝေခဲ့သော သတင်းစာ၏ အမည်ကိုမူ 'သတင်းစာ'ဟု စာလုံးမပေါင်းဘဲ 'သ'တွင် လုံးကြီးတင်လျက် 'သိတင်းစာ'ဟု စာလုံးပေါင်းလျက် တွေ့ရပါသည်။ ထိုသတင်းစာမှာ 'ဓမ္မသိတင်းစာ' ဖြစ်သည်။ 'ဓမ္မသိတင်းစာ'ကို ၁၈၄၃ ခုနှစ်မှ စတင်၍ ၁၈၅၃ ခုနှစ်အထိ မော်လမြိုင်မြို့၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထူးထူးခြားခြား မှတ်သားရသည်မှာ ၁၈၃၃ ခုနှစ်မှစ၍ ပြုစု၍ ၁၈၄၁ ခုနှစ်တွင် ထုတ်ဝေသော ချားစ်လိန်းနှင့် မက္ခရာမင်းသားကြီးတို့၏ အင်္ဂလိပ်-မြန်မာအဘိဓာန်၌ 'သ' တွင် လုံးကြီးတင်မပါဘဲ 'သတင်း'ဟု စာလုံးပေါင်းသော်လည်း ထိုအဘိဓာန်ထက် အနှစ် ၂၀ ခန့်နောက်ကျမှ ထုတ်ဝေသည့် သတင်းစာကိုမူ 'သ'တွင် လုံးကြီးတင်လျက် 'သိတင်းစာ'ဟု စာလုံးပေါင်းထားခြင်းဖြစ်သည့် အချက်ဖြစ်သည်။

တစ်ဖန်တုံ ၁၈၅၂ ခုနှစ်တွင် မော်လမြိုင်မြို့၌ပင် ပုံနှိပ်ထုတ်ဝေခဲ့သည့် မြန်မာ-အင်္ဂလိပ် အဘိဓာန်တစ်ဆူ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းအဘိဓာန်ကား ဆရာယုဒသန်ပြုစုသည့် 'မြမ္မာနှင့် အင်္ဂလိပ်အဘိဓာန်' (မြန်မာ-အင်္ဂလိပ်အဘိဓာန်) ဖြစ်သည်။ ထိုအဘိဓာန်တွင်လည်း 'သိတင်းစာ' ဟူ၍ပင် 'သ' တွင် လုံးကြီးတင်လျက် စာလုံးပေါင်းထားသည်ကို တွေ့ရပြန်ပါသည်။ မှတ်သားရသည့်အချက်မှာ ၁၈၄၁ ခုနှစ်တွင် ပုံနှိပ်သော ချားစ်လိန်း၏အဘိဓာန်တွင် 'သ'တွင် လုံးကြီးတင်မပါဘဲ 'သတင်း'ဟု စာလုံးပေါင်းပါလျက် ၁၈၄၃ ခုနှစ်တွင် ပုံနှိပ်သောသတင်းစာနှင့် ၁၈၅၂ ခုနှစ်တွင် ပုံနှိပ်သော အဘိဓာန်တို့တွင် 'သိတင်း'ဟု 'သ'တွင် လုံးကြီးတင်လျက် 'သိတင်း'ဟု စာလုံးပေါင်းထားသော အချက်ဖြစ်သည်။

လုံးကြီးတင်ပါခြင်းအဖြစ်ကို ဤသို့စဉ်းစားမိပါသည်။ လုံးကြီးတင်သည် ယေဘုယျအားဖြင့် 'အိ' သရသင်္ကေတဖြစ်ပါသည်။ 'အိ'သရကို ကိုယ်စားပြုပါသည်။ 'အိ'သရ၏ တန်ဖိုးကိုပင် ဖော်ပြပါသည်။ သို့ရာတွင် အချို့သောဝေါဟာရတို့တွင်ပါသော လုံးကြီးတင်သည် 'အိ' သရကို ကိုယ်စားမပြုပါ။ 'အိ' သရ၏ တန်ဖိုးမရှိပါ။ လုံးကြီးတင်သော သင်္ကေတမျှသာ ဖြစ်ပါသည်။

ထိုလုံးကြီးတင် သင်္ကေတသည် ယင်းနှင့်ယှဉ်ဖက်ထားသော ဗျည်းအက္ခရာ၌ 'အ' သရမရှိကြောင်း ဖော်ပြသည့် သင်္ကေတမျှသာဖြစ်သည်။ တစ်နည်းဆိုရသော် အသတ်သင်္ကေတနှင့် တန်ဖိုးတူသည်ဟု ဆိုသော် ရနိုင်ပါမည်။ အသတ်ဟူသည်လည်း ယင်းတွဲစပ်ထားသော၊ ယင်းတံခွန်လွှားထားသော ဗျည်းအက္ခရာ၌ အ သရသံမရှိကြောင်းကို ဖော်ပြသည့် သင်္ကေတမျှသာ ဖြစ်သောကြောင့်ဖြစ်သည်။

ဤတွင် 'သိတင်း' ဟူသောဝေါဟာရကို 'သတင်း' ဟု မရေးဘဲ 'သိတင်း'ဟု 'သ'တွင် လုံးကြီးတင်လျက် စာလုံးပေါင်းရေးသားခြင်း၏ အကြောင်းရင်းကို သိရန်လိုအပ်ပါသည်။ မြန်မာဘာသာတွင် အ သရသံကို အ ဖျောက်သောစနစ်နှစ်ခု ရှိပါသည်။ တစ်ခုမှာ လုံးကြီးတင်သောစနစ်ဖြစ်၍ နောက်တစ်ခုမှာ တစ်ချောင်းငင်သောစနစ် ဖြစ်ပါသည်။ ဤတွင် အ သရသံကို ဖျောက်သော၊ လုံးကြီးတင်သောစနစ်ကို တင်ပြလိုပါသည်။

အထင်ရှားဆုံးသော သာဓကမှာ တာဝတိံသာမှ သိကြား ဖြစ်ပါသည်။ တာဝတိံသာသိကြားကို ယခုအခါ 'သ'တွင် လုံးကြီးတင်လျက် သိကြားဟု ရေးသားကြပါသည်။ သိကြားဟုပင် လုံးကြီးတင်လျက် ပြဋ္ဌာန်းထားပါသည်။ စင်စစ် 'သ'တွင် လုံးကြီးတင်လျက် 'သိကြား'ဟုရေးရန် အကြောင်းမရှိပါ။ 'သိကြား'၏ ရင်းမြစ်စကားမှာ သက္ကတဘာသာ 'ၐကြ' ဖြစ်ပါသည်။ သက္ကတဘာသာ 'ၐကြ'သည် ပါဠိဘာသာဖြင့် 'သက္က' ဖြစ်ပါသည်။ 'သ'သည် ပါဠိအလို၊ 'ကြ'သည် သက္ကတ အလိုဖြစ်သည်။ ပါဠိသက္ကတ နှစ်မျိုးသက်၌ 'သကြ' ဖြစ်သည်။ 'သကြ'ကိုပင် 'သကြား'ဟု 'ကြ'ကို ကြားပြု၍ 'သကြား' ဖြစ်ပါသည်။ သို့ရာတွင် 'သ'တွင် 'အ' သရ မပါစေလိုသဖြင့် 'သ'တွင် လုံးကြီးတင်ယှဉ်လျက် 'သိ' ဟုရေးကာ 'သိကြား' ဖြစ်လာပါသည်။

နောက်ထပ်သာဓကတစ်ခုမှာ 'ပိတောက်' ဖြစ်ပါသည်။ ပိတောက်၏ ရှေးအကျဆုံးအရေးမှာ 'ပျာတောက်' ဖြစ်ပါသည်။ 'ပျားတောက်'ဟု ဆိုလိုရင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ 'ဗျာတောက်'ဟုပင် စာလုံးပေါင်းပါသေးသည်။ ယင်းပန်း၏ရနံ့မှာပျားများပင် တောက်လောင်အောင် မွှေးသဖြင့် ပျားတောက်ဟု အနွတ္ထအမည် ပေးခဲ့ကြဟန်တူပါသည်။ ပျားများပင်တောက်သော ပန်းကို ပျားတောက်ပန်းဟုခေါ်ရာမှ ပျတောက်ပန်း၊ ပျတောက်ပန်းမှ ပတောက်ပန်းဖြစ်ခဲ့ဟန်တူပါသည်။ ထိုမှတစ်ဖန် 'ပ'တွင် အသရကင်းကြောင်းသိစေရန် လုံးကြီးတင်သင်္ကေတကိုယှဉ်လျက် ပိတောက်ပန်းဟု ရေးမှတ်ကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ နေ့စဉ်အသုံးပြုနေကြရသော ပစ္စည်းတစ်ခုရှိပါသည်။ ယင်းပစ္စည်းမှာ 'ဖိနပ်' ဖြစ်ပါသည်။ 'ဖိနပ်'၏ ရင်းမြစ်စကားလုံးမှာ 'ဖနပ်' ဖြစ်ပါလိမ့်မည်။ 'ဖနပ်' ဟူသောစကား၌ 'ဖ'တွင် အ သရကင်းကြောင်း သိစေလိုသဖြင့် 'ဖ' အပေါ်တွင် လုံးကြီးတင်လျက် 'ဖိနပ်'ဟု အရေးတွင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်လျှင် 'ဖ'၏ အနက်ကားအဘယ်နည်း။ 'ဖ'၏အနက်မှာ 'ခြေ' ဖြစ်ပါသည်။ 'ခြေ'မှ 'ခြ'၊ 'ခြ' မှ 'ခ'၊ 'ခ' မှ 'ဖ' သို့ အသံလည်းပြောင်း၊ အက္ခရာလည်းပြောင်းခြင်း ဖြစ်ပါသည်။ ဖဝါး၊ ဖမိုး၊ ဖနောင့်၊ ဖမျက်၊ ဖဆစ်တို့တွင်ရှိသော 'ဖ'၏ အနက်ပင်ဖြစ်ပါသည်။ 'ဖနပ်'သည် ရှေးအရ 'ခြေနှပ်> ခြနှပ် > ခနှပ် > ဖနှပ် > ဖနပ်'သို့ အဆင့်ဆင့်ပြောင်းရွေ့လာခြင်းဖြစ်သည်။ ဤတွင် နှပ်၊ နပ်၏ အနက်ကို ရှင်းရပေဦးမည်။ 'နှပ်၊ နပ်'၏ ရင်းမြစ်အနက်မှာ 'ပူးကပ်' ဖြစ်သည်။ သို့ဖြစ်၍ 'ဖနပ်'၏အနက်မှာ 'ခြေတွင်ကပ်ရသော၊ ခြေတွင်ကပ်နေသောအရာ' ဖြစ်ပေသည်။ အထက်ပါသာဓကများ (သကြား> သိကြား၊ ပျားတောက်> ပျတောက်> ပတောက်> ပိတောက်) တို့ကဲ့သို့ပင် ဖနပ်မှ 'ဖိနပ်' ဖြစ်လာရပါသည်။

(ဖဝါး၊ ဖမိုး၊ ဖနောင့်တို့ကို 'ခြေ' ထပ်ထည့်၍ ခြေဖဝါး၊ ခြေဖမိုး၊ ခြေဖနောင့်ဟု သုံးရာမှ 'လက်'နှင့် တွဲကာ လက်ဖဝါး၊ လက်ဖမိုး၊ လက်ဖနောင့် ဟူသောဝေါဟာရများလည်း ဖြစ်လာပါသည်။)

ချုပ်၍ဆိုရသော် 'သကြား'မှ 'သိကြား'၊ 'ပတောက်' မှ 'ပိတောက်'၊'ဖနပ်'မှ 'ဖိနပ်' ဖြစ်လာသကဲ့သို့ပင် 'သတင်း'မှ 'သိတင်း' ဖြစ်သွားခြင်းပေတည်း။ နောင်တွင်မူ မူလအနက်စွဲအရေးဖြစ်သော 'သတင်း' ဟုပင် တွင်တွင်ကျယ်ကျယ် ရေးသားသုံးနှုန်းကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသတည်း။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသောဆေးကုသမှုစရိတ် လျော့နည်းကျဆင်းစေရေးဆောင်ရွက်လျက်ရှိရာ အထူးကုသမှုများ လိုအပ်သောပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ကုသမှုများရရှိနိုင်စေရေး ရည်ရွယ်ကာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဇွန် ၂၂ ရက်နှင့် ၂၃ရက်တို့တွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်)တို့မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ သွားရောက်ကာ ခရိုင်ပြည်သူ့ဆေးရုံ၊ ကော့သောင်းမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ၁၁၇ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၅၆ ဦး၊ ကလေးနှလုံးဆေးကုသမှုဆိုင်ရာ၁၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၁၁၈ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၁၂၇ ဦး၊ အထွေထွေရောဂါဆေးပညာလူနာ ၁၉၀၊ စုစုပေါင်းဒေသခံပြည်သူ ၆၂၅ဦးတို့ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ခြောက်ဦး၊ ကလေးနှလုံးရောဂါ လူနာတစ်ဦး၊ အစာအိမ်အူလမ်းကြောင်းလူနာသုံးဦးတို့ကို လိုအပ်သောစစ်ဆေးကုသမှုများ ဆက်လက်ခံယူနိုင်ရန် ရန်ကုန်ရှိ သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း(Echocardiography) ၂၄ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၆၅ ဦး၊ ဓာတ်ခွဲစမ်းသပ်မှု ၆၄ ဦး၊ သွေးချိုဓာတ်(HbA1C) တိုင်းတာခြင်း ၁၀ ဦး၊ Ultrasound ရိုက်ကူးခြင်း ၃၄ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၂၁၄ ဦး စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အထူးကုဆေးကုသရေးအစီအစဉ်သို့ လာရောက်ပြသကုသမှုခံယူကြသူများကို တွေ့ဆုံအားပေးကာ အာဟာရဒါနစားသောက်ဖွယ်ရာများ လှူဒါန်းပြီး ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ဒေသထွက်အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ယခုကဲ့သို့ အထူးကုဆေးကုသရေးခရီးစဉ်များကို ၂၀၂၄ ခုနှစ်အတွင်း (၁၃)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အထူးကုသမှုဘာသာရပ်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများရှိ ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အထူးကုဆေးအဖွဲ့များဖြင့်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ကျေးလက်ဒေသများသို့ အထူးကုကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

အနာဂတ်ကိုထုဆစ်ဖို့ စက်မှုပညာသင်ကြစို့ (အပိုင်း-၁)

----- ဒေါက်တာလပြည့်ခင် -----

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများဘက်ညီမျှတစွာဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားကို ပိုမိုတိုးတက်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော National Com-prehensive Development Plan (NCDP) အရ ၂၀၃၀ ပြည့်နှစ်တွင် စက်မှုကဏ္ဍဖွံ့ဖြိုးမှုအား တစ်နှစ်လျှင် ငါးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းကြားတိုးတက်လာစေရန်ရည်မှန်း၍ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။ စက်မှုကဏ္ဍတိုးတက်မှုတွင် လုပ်သားအခြေပြု အဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းများကို ပြန်လည်ထူထောင်ခြင်းဖြင့် စက်မှုလုပ်ငန်းများတွင် အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်းများ နာလန်ထူလာနိုင်ပြီး အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် နယ်စပ်ဖြတ်ကျော်၍ ထုတ်လုပ်မှုလုပ်ငန်းများ ဝင်ရောက်လာပြီး စက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့အတွက် ထုတ်လုပ်မှုစွမ်းရည်၊ လုပ်သားဈေးကွက်စွမ်းရည်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရန်အတွက် ကာလရှည်နည်းဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုသင်တန်းများ (Technical, Vocational and Education Training -TVET)

လက်ရှိမြန်မာနိုင်ငံ၏ စက်မှုကဏ္ဍလုပ်ငန်းများတွင် တရားဝင်မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းကြီး၊ လတ်၊ ငယ်ပေါင်း ငါးသောင်းကျော်နှင့် အိမ်တွင်းစက်မှုလုပ်ငန်း နှစ်သောင်းကျော်ခန့်ရှိရာ အဆိုပါစက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းတစ်နည်းအားဖြင့် လိုအပ်လျက်ရှိသော စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်စေမည်ဖြစ်ပါသည်။ ထိုကဲ့သို့စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်တွင် ကျွမ်းကျင်လုပ်သားလုံလောက်စွာမရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနည်းပါးခြင်းတို့မှာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(OECD)၏ မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှရှုမြင်သုံးသပ်ချက် အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများတွင် ပေါ်ပေါက်လာမည့် အလုပ်အကိုင်အများအပြားမှာ Technical,Vocational and Education Training (TVET) ဟုခေါ်သည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုများ တတ်ကျွမ်းရန်လိုအပ်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံတစ်ဝန်း နည်းပညာနှင့် အသက်မွေးပညာသင်တန်းကို တက်ရောက်ပြီးစီးသူ အရေအတွက်မှာ ခြောက်သောင်းကျော်သာရှိသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သုည ဒသမ ၁၃ ရာခိုင်နှုန်းသာရှိသေးကြောင်း သိရှိရပါသည်။

နိုင်ငံတော်၏ လက်ရှိစီးပွားရေး၊ လူမှုရေးရာနှင့် အလုပ်သမားဈေးကွက်တို့တွင် နည်းပညာကျွမ်းကျင်လုပ်သားများမှာ အခြေခံလိုအပ်ချက်ဖြစ်ပြီး ၎င်းတို့ကို ကြီးကြပ်ကွပ်ကဲမည့် အဆင့်မြင့်လုပ်သား၊ အင်ဂျင်နီယာများဖြင့် အဆင့်ဆင့်အခြေခံကို ခိုင်မာအောင်ပြုလုပ်ထားသည့် ပညာရေးကိုဖော်ဆောင်သွားရမည်ဖြစ်ရာ အရပ်ဘက်နှင့် အစိုးရ လက်တွဲညီညီဖြင့် ပြိုင်တူဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမည့် ပညာရေးသည် TVET ပညာရေးသာ ဖြစ်ပါသည်။

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ စက်မှုသင်တန်းကျောင်းများ

အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) (200)ဦး

အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)(180)ဦး

အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) (200)ဦး

အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) (200)ဦး

TVET ပညာရေး၏သဘာဝမှာ လူငယ်လူရွယ်များ မိမိဝါသနာပါရာ စက်မှုလက်မှုနည်းပညာ အတတ်ပညာများကို စူးနစ်စွာလေ့လာလိုက်စားခြင်းဖြင့် ကျွမ်းကျင်လိမ္မာစေပြီး နိုင်ငံနှင့် နိုင်ငံ့စီးပွားရေးအတွက် လုပ်သားကောင်းများ မွေးထုတ်ပေးနိုင်ခြင်းပင်ဖြစ်သည်။ Skill, Knowledge, Attitude ဆိုသည့် လုပ်ငန်းကျွမ်းကျင်မှု၊ ဗဟုသုတ၊ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ကျွမ်းကျင်လုပ်သားများသည် နိုင်ငံ၏အဖိုးမဖြတ်နိုင်သည့် တန်ဖိုးရှိသောလူသားအရင်းအမြစ်ကောင်းများဖြစ်ပြီး ၎င်းတို့ကိုမွေးထုတ်ပေးနေသည်မှာ TVET ကျောင်းများပင်ဖြစ်ပါသည်။

နည်းပညာနှင့် အသက်မွေးပညာလေ့ကျင့်ရေးစနစ်ကို ကောင်းစွာအသုံးချနိုင်ပါက နိုင်ငံတွင်းရှိ အလုပ်လက်မဲ့ဦးရေကို လျှော့ချနိုင်ကာ တစ်ဦးချင်းဝင်ငွေတိုးတက်စေပြီး မိသားစုများ၏ လူနေမှုနှင့် စီးပွားရေးအဆင့်အတန်းကို မြှင့်တင်နိုင်မည်ဖြစ်ပေသည်။ လုပ်ငန်းခွင်အသုံးချခွင့်နည်းပါးနေမှုများကနဦးပပျောက်ရန်လိုပြီး နိုင်ငံတကာ၏ နည်းပညာအကူအညီနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်နေပါသည်။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းအသီးသီးကလည်း ဟန်ချက်ညီညီဖြင့် အသက်မွေးပညာရပ်များ ထွန်းကားကျယ်ပြန့်လာစေရန် ကြိုးစားလုပ်ဆောင်ရပါမည်။

မြန်မာနိုင်ငံတွင် နည်းပညာ၊ အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ အကောင်အထည်ဖော်မှုအနေဖြင့် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခုတို့က နည်းပညာနှင့် အသက်မွေးမှုဆိုင်ရာ ကျောင်းပေါင်း ၂၄၇ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ယင်းတို့အနက် စက်မှုဝန်ကြီးဌာနကဖွင့်လှစ်ထားသော ကနဦးစက်မှုသင်တန်းကျောင်း ခြောက်ကျောင်းလည်း ပါဝင်နေပါသည်။ နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်လျက်ရှိသော အခြေခံကျသည့် စက်မှုကျွမ်းကျင်လုပ်သားများအား လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း၍ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းကို စက်မှုဖွံ့ဖြိုးပြီး မိတ်ဖက်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံများ၏ နည်းပညာအထောက်အပံ့ဖြင့် တည်ထောင်ဖွင့်လှစ်ထားရှိပြီး ဘာသာရပ် ၁၆ မျိုးဖြင့် နှစ်စဉ် သင်တန်းသား ၁၀၀၀ ကျော်ကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါသည်။ လက်ရှိအချိန်အထိ သင်တန်းကျောင်းခြောက်ကျောင်းမှ သင်တန်းသားစုစုပေါင်း ၁၂၀၉၅ ဦးအား လေ့ကျင့်မွေးထုတ်နိုင်ခဲ့ပြီး ယင်းတို့အနက် ၁၁၀၃၉ ဦးအား အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စက်မှုသင်တန်းကျောင်းများ (Industrial Training Centres)

အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် စက်မှုသင်တန်းကျောင်းဖြစ်သော အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)သည် ရန်ကုန်မြို့မှ ၂၂၇ ကီလိုမီတာအကွာရှိ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် တည်ရှိပါသည်။ ထိုသင်တန်းကျောင်းကို ဖွင့်လှစ်ရန်အတွက် ၁၉၇၇ ခုနှစ်မှစတင်၍ ဂျာမနီနိုင်ငံ၏ အထောက်အပံ့ဖြင့် သင်ကြားမှုအထောက်အကူပြုစက်ပစ္စည်းကိရိယာနှင့် နည်းပညာများအား ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (German Agency for Technical Cooperation-GTZ/ German International Development Cooperation Agency-GIZ) အဖွဲ့အစည်းနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းအမှတ်စဉ်(၁)ကို ၁-၁၂-၁၉၇၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဂျာမန်ပညာရှင်များက မြန်မာနိုင်ငံတွင် လေးနှစ်ခန့်နေထိုင်၍ လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်ပသင်တန်းစေလွှတ်မှုအနေဖြင့် စာတွေ့ဘာသာသင်ကြားမည့် မြန်မာနည်းပြများအား တစ်နှစ်၊ လက်တွေ့ဘာသာသင်ကြားမည့် နည်းပြဆရာများအား နှစ်နှစ်စီဖြင့် ဂျာမနီနိုင်ငံသို့ စေလွှတ်၍ လေ့ကျင့်သင်ကြားစေခဲ့ပါသည်။ သင်တန်းစတင်ဖွင့်လှစ်ချိန်မှစ၍ အမှတ်စဉ်(၁၅) အထိကို သင်တန်းကာလ သုံးနှစ်၊ အမှတ်စဉ် (၁၆) မှ (၂၇)အထိကို သင်တန်းကာလ နှစ်နှစ်၊ သင်တန်းအမှတ်စဉ်(၂၈) မှ အမှတ်စဉ်(၃၆)အထိကို သင်တန်းကာလ တစ်နှစ်၊ အမှတ်စဉ် (၃၇)မှ အမှတ်စဉ်(၃၉) အထိကို သင်တန်းကာလ နှစ်နှစ် စသည်ဖြင့် သတ်မှတ်ဖွင့်လှစ်ခဲ့ပြီး အမှတ်စဉ်(၁) မှ (၃၉)အထိ သင်တန်းသားစုစုပေါင်း ၄၆၄၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သင်တန်းသား ၄၄၉၆ ဦး (ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၈ ရာခိုင်နှုန်းခန့်)ကို အလုပ်အကိုင်များ ရှာဖွေပေးနိုင်ခဲ့ပါသည်။ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)မှ-

(၁) စက်ကိရိယာ ကိုင်တွယ်မောင်းနှင်သူသင်တန်း (Machine Tool Operator Course)

(၂) ကိရိယာနှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း (Tools and Die Maker Course)

(၃) စက်ရုံပစ္စည်းဖစ်တာသင်တန်း (Machinery Fitter Course)

(၄) မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း (Motor Vehicle Mechanic Course)

(၅) လျှပ်စစ်ပညာသည်သင်တန်း(Electrical Fitter Course)

(၆) သတင်းအချက်အလက်နှင့် နည်းပညာသင်တန်း (Information Technology Course)

(၇) သွန်းလောင်းပုံစံသွင်း ပုံစံထုတ်လုပ်သူသင်တန်း (Pattern Maker Course)

(၈) စက်မှုပုံဆွဲသင်တန်း (Mechanical Draughtsman Course) ဘာသာရပ်များကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)

အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)ကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် စက်မှုဝန်ကြီးဌာနနှင့် Institute of Planning and Project Research-IPPR Engineering International အဖွဲ့အစည်းတို့ပူးပေါင်း၍ တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၉-၈-၂၀၀၈ ရက်နေ့တွင် လွှဲပြောင်းလက်ခံကာ ၁၆-၁၀-၂၀၀၈ ရက်နေ့တွင် **စာမျက်နှာ ၇ သို့ ✻**

❝ နိုင်ငံတော်၏ လက်ရှိစီးပွားရေး၊ လူမှုရေးရာနှင့် အလုပ်သမားဈေးကွက်တို့တွင် နည်းပညာကျွမ်းကျင်လုပ်သားများမှာ အခြေခံလိုအပ်ချက်ဖြစ်ပြီး ၎င်းတို့ကို ကြီးကြပ်ကွပ်ကဲမည့် အဆင့်မြင့်လုပ်သား၊ အင်ဂျင်နီယာများဖြင့် အဆင့်ဆင့်အခြေခံကို ခိုင်မာအောင်ပြုလုပ်ထားသည့် ပညာရေးကိုဖော်ဆောင်သွားရမည်ဖြစ်ရာ အရပ်ဘက်နှင့် အစိုးရ လက်တွဲညီညီဖြင့် ပြိုင်တူဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမည့် ပညာရေးသည် TVET ပညာရေးသာဖြစ်ပါသည်။ TVET ပညာရေး၏သဘာဝမှာ လူငယ်လူရွယ်များ မိမိဝါသနာပါရာ စက်မှုလက်မှုနည်းပညာ အတတ်ပညာများကို စူးနစ်စွာလေ့လာလိုက်စားခြင်းဖြင့် ကျွမ်းကျင်လိမ္မာစေပြီး နိုင်ငံနှင့် နိုင်ငံ့စီးပွားရေးအတွက် လုပ်သားကောင်းများ မွေးထုတ်ပေးနိုင်ခြင်းပင်ဖြစ် ❞

၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇွန် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး) ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင်၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်းလေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၁ နှစ်၊ ၁၁ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၃၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူများအား စဉ်ဆက်မပြတ် အိမ်ထောင်စုလူဦးရေစာရင်း၊ မွေးတိုးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားသူများအား ပန်းခင်းစီမံချက်(၃) ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၂ ရက် နံနက်ပိုင်းက ချောင်းဝကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်လဝကဦးစီးရုံးမှ ဒုတိယလဝကမှူးများဖြစ်ကြသည့် ဒေါ်နီလာချစ်ဆွေ၊ ဦးကျော်သန့်ဇင်နှင့် လက်ထောက်လဝကမှူး ဦးမျိုးဇော်ထက်အဖွဲ့တို့က အိမ်ထောင်စုလူဦးရေစာရင်း၂၈ စုနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသား ၅၅ ဦးတို့အား ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

သျှင်ဝင်းသျှင်

ဥတုရာသီ တောကိုမှီ၏

✻ စာမျက်နှာ ၆ မှ

သင်တန်းအမှတ်စဉ်(၁)ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနည်းပြဆရာ ၄၃ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တွင် နည်းပညာသင်တန်းများကို ငါးလကြာ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ် (၁) မှ (၁၂) အထိ စုစုပေါင်း သင်တန်းသားသင်တန်းသူဦးရေ ၁၇၃၆ ဦး မွေးထုတ်ခဲ့သည့်အနက် ၁၆၁၅ ဦး (ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ သုညရာခိုင်နှုန်းခန့်) အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပါသည်။ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)မှ–

(၁) စက်ခုတ်စားမှု၊ စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း (Conventional Machine Tool Operator Course)

(၂) ကွန်ပျူတာသုံးဒီဇိုင်း/ ထုတ်လုပ်မှုနှင့် စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း CAD/ CAM & CNC Course)

(၃) လျှပ်စစ်ပညာသည်သင်တန်း (Electrical Fitter Course)

(၄) ဂဟေဆက်၊ သတ္တုရည်စိမ်နှင့် မျက်နှာပြင်ပြုပြင်ခြင်းသင်တန်း (Welding, Electro–plating & Surface Treatment Course)

ဘာသာရပ်များကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့ ၃၀–၁၂–၂၀၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် Agreement on Economic and Technical Cooperation အရ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) အဆင့်မြှင့်တင်ရေးစီမံကိန်းကာလ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း သင်ကြားရေးအလုပ်ရုံသစ်ဆောက်လုပ်ခြင်းနှင့် လုပ်ငန်းများပြန်လည်မွမ်းမံခြင်း၊ နည်းပြများအားသင်တန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် ပညာရှင်များစေလွှတ်ခြင်းတို့ လုပ်ဆောင်ခဲ့ပါသည်။ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) အား အဆင့်မြှင့်တင်ခြင်းဖြင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းမှ ဖွံ့ဖြိုးတိုးတက်လာသော စက်မှုလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် Industrial Electrician၊ Industrial Electronic၊ Welding & Piping၊ Machine Tool Operator၊ CNC Machine Tool Operator နှင့် Automotive

Mechanic သင်တန်းများဖွင့်လှစ်၍ တစ်နှစ်လျှင် ကျွမ်းကျင်လုပ်သား ၂၄၀ ကို လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်ပါသည်။

အမှတ်(၃)စက်မှုသင်တန်းကျောင်း (သာဂရ)

အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ) သည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေတွင်တည်ရှိပြီး ကိုရီးယားသမ္မတနိုင်ငံ၏ အထောက်အပံ့ကို Korea Inter–national Cooperation Agency – KOICA အဖွဲ့အစည်းက စက်မှုဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းကျောင်းတည်ထောင်ခြင်းဆိုင်ရာ Record of Discussion (RoD) ကို ၃၀–၇–၂၀၀၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၅–၂–၂၀၀၉ ရက်နေ့တွင် လွှဲပြောင်းလက်ခံခဲ့ကာ အမှတ်စဉ်(၁) သင်တန်းကို ၁၀–၈–၂၀၀၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ နည်းပြ ၁၆ ဦးကို Instructor Course လေးလသင်တန်းနှင့် ဝန်ထမ်းငါးဦးအား Administrator Course နှစ်ပတ်သင်တန်းများကို ကိုရီးယားသမ္မတနိုင်ငံသို့ခေါ်ယူ၍ လေ့ကျင့်သင်ကြားပေးသကဲ့သို့ ကိုရီးယားပညာရှင် လေးဦးက မြန်မာနိုင်ငံသို့လာရောက်ပြီး ခြောက်လမှ တစ်နှစ်အထိနေထိုင်၍ နည်းပြများအား သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။

သင်တန်းကာလမှာတစ်နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ်(၁) မှ (၁၁) အထိ သင်တန်းဆင်းပြီးဦးရေ ၁၆၀၃ ဦး မွေးထုတ်ပေးခဲ့သည့်အနက် ၁၃၃၁ ဦး (ရာခိုင်နှုန်းအားဖြင့် ၈၃ ဒသမ ၂ ရာခိုင်နှုန်းခန့်) အလုပ်အကိုင်ရရှိပြီး ဖြစ်ပါသည်။ စက်မှုသင်တန်းကျောင်း(သာဂရ)မှ–

(၁) စက်ရုံပစ္စည်းပညာသည် သင်တန်း (Machinery Course)

(၂) ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်မှုသင်တန်း (CAD/ CAM Course)

(၃) လျှပ်စစ်ပညာသည်သင်တန်း (Electricity Course)

(၄) အီလက်ထရောနစ် ပညာသည်သင်တန်း (Electronics Course)

(၅) သတ္တုရည်ကျိုလုပ်သားသင်တန်း (Foun–dary Course) တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

အမှတ်(၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ)

အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင်တည်ဆောက်ထားသော အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)သည် စက်မှုဝန်ကြီးဌာနနှင့် HMT (International Co.,Ltd.) အဖွဲ့အစည်းတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ်(၁)ကို ၁၅–၇–၂၀၁၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းအမှတ်စဉ် (၁) မှ (၁၀) အထိ သင်တန်းဆင်းပြီးဦးရေမှာ ၁၅၈၃ ဦးရှိပြီး ၁၅၅၁ ဦး (၉၈ ရာခိုင်နှုန်းဖြင့်) ရာနှုန်းပြည့်နီးပါး အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ပါသည်။ အဆိုပါ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် သင်တန်းများမှာ–

(၁) တွင်ခုံ၊ ကြိတ်ခုံများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း (Machinist Tunner Miller Course)

(၂) ကွန်ပျူတာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း (CNC Mechining Course)

(၃) စက်ရုံလျှပ်စစ်ပညာသည် သင်တန်း (Industrial Electrician Course)

(၄) အီလက်ထရောနစ် စက်ပြင်သင်တန်း (Electronics Mechanics Course)

(၅) မော်တော်ယာဉ်မက္ကင်းနစ် သင်တန်း (Automobile Mechanics Course)

(၆) အမာတင်လုပ်ငန်းသင်တန်း (Heat Treatment Course)

(၇) ဂဟေဆက်သင်တန်း(Welder Course)

တို့ဖြစ်ပါသည်။

အမှတ်(၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ) "ငါးနှစ်ဘက်စုံပြုပြင်ထိန်းသိမ်းရေး စီမံချက်"ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အိန္ဒိယနိုင်ငံ HMT (International) Ltd. နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းများတွင် အိန္ဒိယနိုင်ငံမှ ပညာရှင်များနှင့် မြန်မာနည်းပြများ ပူးပေါင်း၍ စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ နည်းပြများအား အိန္ဒိယနိုင်ငံသို့စေလွှတ်၍ သင်တန်းများပေးခြင်းနှင့် လိုအပ်သောစက်ပစ္စည်းအစိတ်အပိုင်းများ၊ သင်ကြားရေးသုံးကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစီမံချက်အရ နည်းပြအသစ်သင်တန်းအတွက် နည်းပြရှစ်ဦးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ အိန္ဒိယနိုင်ငံသို့စေလွှတ်၍ ပညာသင်ယူစေခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းမှ မျိုးဆက်သစ်လူငယ်များ မိမိတို့အနာဂတ်ဘဝကို လှပစွာထုဆစ်နိုင်ဖို့ စက်မှုသင်တန်းကျောင်းများသို့ တက်ရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

ကိုးကား–

- **စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**
- **စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန**

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ "လှ" ချည်မျှင်စက်ရုံသို့ သွားရောက်ကြည့်ရှု၍ ပြည်ထောင်စုဝန်ကြီးက ဝါစိုက်တောင်သူများ ဝင်ငွေတိုးပွားလာစေရေးအတွက် ဝါမျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသောဝါများ ဈေးကွက်သေချာစွာရရှိရေးနှင့် စက်ရုံအတွက်လိုအပ်သော ကုန်ကြမ်းများရရှိရေး ဝါစက်ရုံ၊ ချည်စက်ရုံများနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံမှ ထွက်ရှိသောချည်များ ပြည်တွင်း၌သာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် PEP နို့ထွက်ပစ္စည်းစက်ရုံကိုလည်းကောင်း၊ သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော သန်လျင်မြို့နယ် ရုံးသပြေကန်-ပြည်တော်သာကျေးရွာအဝင်လမ်းအရှည် ပေ ၂၃၀၀ ကွန်ကရစ်လမ်းခင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ ကျေးရွာနေပြည်သူများ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ပါဒကြီးကျေးရွာ ယာယီရှင်းလင်းဆောင်၌ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းများ ဖွဲ့စည်းရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် စိုက်ပျိုးနိုင်သည့်မြေများပေါ်တွင် မိုးသီးနှံအပြီး ဆောင်းသီးနှံနှင့် နွေသီးနှံများ သီးထပ်သုံးသီးစိုက်ပျိုးခြင်းအားဖြင့် ကျေးရွာတောင်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားပြီး အသင်းသားတောင်သူများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တန်းမြို့နယ် သီလဝါ(စက်မှုဇုန်) ရှိ Xin Fa (Myanmar) Textile ကုမ္ပဏီ၏ အထည်အလိပ်စက်ရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းမှ ဝါကုန်ကြမ်းများရယူပြီး ထွက်ရှိလာသော ချည်ကုန်ချောများကို ပြည်တွင်း၌ ပြန်လည်ဖြန့်ဖြူးနိုင်ပါက ပြည်ပမှ ချည်တင်သွင်းမှု လျှော့ချနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြည်တွင်း၌ ချည်ချောများ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိ၍ တက္ကသိုလ်ပိုင်မြေနှစ်ဧကပေါ်တွင် Myanmar V.S.R Group ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ရန်လျာထားသည့် အိန္ဒိယစားသောက်ဆိုင်၊ မီးဖိုချောင်သုံးနှင့် လူသုံးကုန်ပစ္စည်းဆိုင်များ၊ Mini Mart၊ ဖူဆယ်အားကစားကွင်း၊ Food Court နှင့် အများပြည်သူအပန်းဖြေနေရာများ ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဟသ်ာတမြို့နယ်၌ သန္ဓသနော့-မြေခြား ကိုယ်ထူကိုယ်ထချောင်းကူးတံတားဖွင့်ပွဲ ကျင်းပ

ဟသ်ာတ ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် သန္ဓသနော့အုပ်စု သန္ဓသနော့ကျေးရွာနှင့် နတ်မော်အုပ်စု မြေခြားကျေးရွာကြားတွင် နတ်မော်ချောင်းအား ဖြတ်သန်း၍ သန္ဓသနော့-မြေခြား ကိုယ်ထူကိုယ်ထချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက အဆိုပါတံတားသစ်မုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါတံတားသစ်ဖွင့်ပွဲအခမ်းအနားတွင် သန္ဓသနော့ကျေးရွာရှိ မဟာနန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော် ဥူးနန္ဒောဘာသ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းအောင်တို့က သန္ဓသနော့-မြေခြား ကိုယ်ထူကိုယ်ထချောင်းကူးသစ်သားတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ယခုဖွင့်လှစ်ခဲ့သော သန္ဓသနော့-မြေခြား ကိုယ်ထူကိုယ်ထချောင်းကူးသစ်သားတံတားကို ကျေးရွာနေပြည်သူများက စုပေါင်းမတည်ငွေကျပ် သိန်း ၉၀ ဖြင့် စတင်ဆောက်လုပ်ခဲ့ရာ စေတနာရှင်အလှူရှင်များက ထပ်မံထည့်ဝင်လှူဒါန်းငွေများဖြင့် တံတားအား ဆောက်လုပ်ပြီးစီးသည်အထိ စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ခန့် ကုန်ကျခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ကျေးရွာနေပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် ဒေသထွက်ကုန်များကို လိုရာခရီးသို့ အမြန်ပေးပို့နိုင်မည်ဖြစ်ကာ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝများ အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ပင်လုံမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

လွိုင်လင် ဇွန် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ အမှတ် (၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်က ကြီးမှူး၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းကာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ပင်လုံမြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ် (၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ဒုတိယရဲမှူး တင်မောင်မြင့်က လူကုန်ကူးမှုဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လွိုင်လင်ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေးက လူငယ်နှင့်အင်တာနက်သုံးစွဲမှုအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရေတာရှည်မြို့နယ်၌ သန်းခေါင်စာရင်းဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေ

ရေတာရှည် ဇွန် ၂၃

သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကရင်ချောင်းလမ်းဆုံတွင် ဆောင်ရွက်ကြသည်။

အဆိုပါ လက်ကမ်းစာစောင်များကို ရေတာရှည်မြို့နယ် သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀ ခန့်က ပူးပေါင်းဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးအောင်မင်း ဦးဆောင်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သီပေါမြို့ အခြေခံပညာအလယ်တန်းကျောင်းတွင် မြက်ပင်ချုံနွယ်များကို ဇွန် ၂၂ ရက် နံနက်ပိုင်းက ခုတ်ထွင် ရှင်းလင်းပေးကြစဉ်။

၂၁၀

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများ

ပုသိမ် ဇွန် ၂၃

ကျောင်းသားလူငယ်များ စာအုပ်စာပေတွင် နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်အတွက်ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သူများ၏ရင်တွင်းစကားသံများအား ဖော်ပြပေးလိုက်ပါသည်–

ဒေါ်ယဉ်ဆွေဝင်း
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှာ ဇွန် ၂၂ ရက်နဲ့ ၂၃ ရက် နှစ်ရက်ကြာကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှာ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းဆင့်စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းဆင့်စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲတွေကို ထည့်သွင်းကျင်းပခဲ့ပါတယ်။ အခုလို ကျင်းပပေးခြင်းဖြင့် ကျောင်းသား လူငယ်တွေအနေနဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ စာအုပ်စာပေတွေကို လေ့လာဖတ်ရှုရမယ်။ အဲဒီကမှ စာဖတ်တဲ့ အလေ့အကျင့်တွေရရှိလာပြီး ပညာဗဟုသုတတွေကြွယ်ဝလာမယ်။ ပြီးတော့မှ အနာဂတ်မှာတိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူတွေ ဖြစ်လာဖို့ ရည်ရွယ်ပြီးကျင်းပပေးခြင်း ဖြစ်ပါတယ်။

ပွဲတော်မှာ လူငယ်တွေလေ့လာနိုင်ဖို့အတွက် စာအုပ်ပြခန်း၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံ ပြခန်းတွေအပြင် အပျော်တမ်းဂိမ်းကစားနည်းများဖြစ်တဲ့ အရုပ်ဆက်၊ ခါးကွင်းလှည့်၊ မြားပစ် ကစားနည်းတွေကိုလည်း ထည့်သွင်းပေးထားပါတယ်။ ကျောင်းသားလူငယ်တွေအနေနဲ့ မိမိတို့လေ့လာလိုတဲ့ စာအုပ်တွေကို ဝယ်ယူဖတ်ရှုနိုင်ဖို့အတွက်လည်း စာအုပ်အရောင်းဆိုင်တွေက လာရောက်ရောင်းချပေးပါတယ်။ ဒီပွဲက ဧရာဝတီတိုင်းဒေသကြီးအတွင်း ပထမဆုံးပြုလုပ်ခဲ့တဲ့ ပွဲတော်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။

မချစ်စနိုးထွေး
Grade–11
အမှတ်(၅)အခြေခံပညာ
အထက်တန်းကျောင်း၊ ပုသိမ်မြို့

သမီးကတော့ ကျပန်းစကားပြောပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမဆုရရှိခဲ့ပါတယ်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ပြုလုပ်ပေးတဲ့အတွက် သမီးအနေနဲ့ အလွန်ပဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုပွဲမျိုးပြုလုပ်ပေးခြင်းဟာ သမီးတို့ကျောင်းသား ကျောင်းသူလူငယ်တွေအတွက် အထူးသင့်လျော်တဲ့ပွဲလို့ ထင်မြင်ယူဆမိပါတယ်။ ဒီလိုပွဲတွေ များများလုပ်ပေးမှလည်း သမီးတို့ကျောင်းသား ကျောင်းသူတွေဟာ စာတွေကို များများဖတ်ရှုဖြစ်မှာဖြစ်ပါတယ်။ အခုခေတ်က နည်းပညာခေတ်ဆိုတော့ mobile game တွေနဲ့ပဲ အချိန်ကုန်တာများတော့ စာဖတ်ရှုတဲ့အပိုင်းမှာ တော်တော်လေးကိုမှ အားနည်းနေတာကို တွေ့ရပါတယ်။ အခုလိုပွဲတော် လုပ်ပေးခြင်းအားဖြင့် စာပေတွေကိုဖတ်ရှုဖို့ အခွင့်အလမ်းတွေ အများကြီးပေးစွမ်းတယ်လို့ ထင်ပါတယ်။ ဒီလိုမျိုးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အတွက်ကြောင့်လည်း သမီးအနေနဲ့ မသိသေးတဲ့ ဗဟုသုတတွေ၊ တခြားအကြောင်းအရာတွေကိုလည်း သိရှိရသလို လူငယ်နဲ့စာပေဟာ ဘယ်လောက်အထိ ဆက်နွယ်နေလဲဆိုတာကိုလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုပွဲတွေ ပြုလုပ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကျောင်းသား ကျောင်းသူ လူငယ်တွေကိုလည်း ယခုလိုပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်ကြဖို့ဖိတ်ခေါ်ပါတယ်။ ဒါမှသာ လူငယ်တွေအနေနဲ့ စာပေအကြောင်းကို အများကြီးနားလည်ပြီး ဘဝအတွက် တိုးတက်အောင်မြင်နိုင်တဲ့ အရာတွေကို စာဖတ်ခြင်း စာပေဗဟုသုတတွေကနေ ရရှိလာမယ်ဆိုတာကိုလည်း သိမြင်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုပွဲတွေပြုလုပ်တဲ့အခါမှာ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ ဟောပြောပွဲတွေမှာလည်း ဝင်ရောက်နားထောင်ကြဖို့ တိုက်တွန်း အကြံပြုအပ်ပါတယ်။

မောင်စွမ်းစစ်စ်နိုင်
Grade 10
အမှတ်(၂)အခြေခံပညာ
အထက်တန်းကျောင်း၊ ပုသိမ်မြို့

ကျွန်တော့်အနေနဲ့ အဓိကတိုက်တွန်းလိုတာကတော့ သူငယ်ချင်းကျောင်းသား ကျောင်းသူတွေကို ဒီလိုမျိုးစာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မှာ ပါဝင်ဆင်နွှဲဖို့ ပါဝင်ယှဉ်ပြိုင်ဖို့ ပြောကြားလိုပါတယ်။ ကျောင်းသား ကျောင်းသူတွေကိုလည်း အားလပ်ချိန်တွေမှာ စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာသင့်တယ်လို့လည်း အကြံပြုလိုပါတယ်။ ဒီလိုမျိုးပွဲတော်တွေကိုလည်း မြို့နယ်တွေတိုင်းမှာ ကျင်းပပေးဖို့နဲ့ ဒီလိုမျိုး ကျင်းပပေးခြင်းဖြင့် လူငယ်တွေရဲ့ အနာဂတ်နေ့ရက်တွေမှာ ပိုမိုတောက်ပလာမှာ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ဒေါ်တင်တင်ကျော်
ကျောင်းသားမိဘ၊ ပုသိမ်မြို့

ဒီပွဲတော်မှာ ကျွန်မနဲ့အတူ ကျွန်မရဲ့သားသမီးတွေ၊ သားသမီးတွေရဲ့ သူငယ်ချင်းတွေ လာရောက်လေ့လာကြတာဖြစ်ပါတယ်။ ယနေ့ခေတ်မှာ များသောအားဖြင့် လူငယ်တွေဟာ မိုဘိုင်းဖုန်းသုံးပြီး အချိန်ကုန်လာကြတာများပါတယ်။ အခုလို စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်လုပ်တဲ့အခါကျတော့ ကျောင်းသားလူငယ်လူရွယ်တွေဟာ ပျော်ရွှင်စွာ လေ့လာခွင့်ရတယ်၊ စာအုပ်စာပေတွေကို လေ့လာခြင်းဖြင့် စာပေဖတ်ရှုချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ပြိုင်ပွဲတွေမှာလည်း ဥပမာ စာစီစာကုံးတို့ ကျပန်းစကားပြောပြိုင်ပွဲတို့မှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် ပုံမှန်အသိဉာဏ်ထက် ပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေကနေ ထပ်တိုးအသိဉာဏ်တွေလည်း ရလာကြတယ်။ ဒီပွဲတော်မှာလည်း ပြိုင်ပွဲတွေ ဟောပြောပွဲတွေ စုံလင်အောင် ထည့်သွင်းဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူ လူကြီးတွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျောင်းသား လူငယ်လူရွယ်တွေကိုလည်း ဒီလိုပွဲမျိုးတွေမှာ သွားရောက်လေ့လာကြဖို့ ပါဝင်ယှဉ်ပြိုင်ကြဖို့ကို မိဘတွေအနေနဲ့ တိုက်တွန်းပြောကြားပေးဖို့ အကြံပြုအပ်ပါတယ်။

ကျောင်းသား ကျောင်းသူများအနေဖြင့် အသိပညာဗဟုသုတတွေ တိုးပွားပြီး စာအုပ်စာပေတွေကို လေ့လာဖတ်ရှုစေရန် ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးတွင် ဆက်လက်ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း
ချိုမာထွန်း(ခရိုင်ပြန်/ဆက်)
ဓာတ်ပုံ
ကျော်ဟိန်း(ခရိုင်ပြန်/ဆက်)

ဒေါ်ယဉ်ဆွေဝင်း

မချစ်စနိုးထွေး

မောင်စွမ်းစစ်စ်နိုင်

ဒေါ်တင်တင်ကျော်

ညီညာတက်ကြွ ဖော်ဆောင်ကြစို့

- ❖ တိုင်းချစ်ပြည်ချစ် မျိုးဆက်သစ် ရင်းမြစ်ရင်သွေး ပေါ်ထွန်းရေး။
- ❖ ရည်သွေးနှံ့စပ် ပညာတတ် မပြတ်မွေးမြူ လုံ့လထူ။
- ❖ ကုန်ထုတ်ဖောင်းပေး ပညာရေး သက်မွေးပညာ ဖွံ့ဖြိုးရာ။
- ❖ ရည်သွေးစံပြ အာစရိယ ပြည့်ဝမြှင့်တင် ထာဝစဉ်။
- ❖ ဆန်းသစ်တီထွင် လုပ်ငန်းခွင် အစဉ်လုံ့လ သုတေသန။
- ❖ ရည်သွေးစစ်မှန် အာမခံ ရှင်သန်အားမွေး ပညာရေး။
- ❖ ပညာညီလာ ရည်ရွယ်ရာ ညီညာတက်ကြွ ဖော်ဆောင်ကြစို့။

(ပညာရေးညီလာခံကို ကြိုဆိုလျက် ရည်ရွယ်ချက် (၆)ရပ်ကို ဖော်ကျူးဖွဲ့ဆိုပါသည်)

ကျော်စောဟန်

○ မြန်မာအသင်းမှ

ဒုတိယအဆင့်ခြေစစ်ပွဲတွင် အမှတ်အနည်းဆုံးရရှိသည့် မြန်မာအသင်းအပါအဝင် အာဖဂန်နစ္စတန်၊ မလေးရှား၊ ဆီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ တာဂျစ်ကစ္စတန်၊ တရုတ်(တိုင်ပေ)၊ နီပေါ၊ ထိုင်း၊ ဟောင်ကောင်၊ ပါကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လက်ဘနွန်၊ စင်ကာပူ၊ ယီမင်တို့မှာ ၂၀၂၇ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားရမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရသည့်အသင်းများအနက် ဘူတန်၊ လာအိုနှင့် မော်လ်ဒိုက်အသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ မကာအို၊ မွန်ဂိုလီးယား၊ တီမောနှင့် ဘရူနိုင်းအသင်းတို့မှာ Play–off ထပ်မံကစားရမည်ဖြစ်သည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး အသင်း ၁၈ သင်း ထွက်ပေါ်ပြီးဖြစ်သောကြောင့် တတိယအဆင့်ခြေစစ်ပွဲမှ ခြောက်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – သော်ကြီး

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ပိုးလမ်းမရပ်ဝန်းနိုင်ငံများအတွက် သစ်သီးဝလံများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာ နည်းပညာ

ကေရီအောင်အောင် (SSID)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ MOFCOM ၏ ထောက်ပံ့မှုအစီအစဉ်ဖြင့် “Seminar on Food Processing and Utilization for Belt and Road Countries” သို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ငါးဦးသည် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ ၆-၅-၂၀၂၄ မှ ၂၁-၅-၂၀၂၄ ရက်နေ့အထိ သွားရောက်ခဲ့ပါသည်။

ပေကျင်းမြို့သို့ ၇-၅-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိပြီး ထိုနေ့တွင် Seminar ကို စတင်ကျင်းပခဲ့ပါသည်။ Chinese Academy of Agricultural Mechanization Science Group Co.,Ltd.(CAAMS) ရုံးရှိ Meeting Room ၌ Seminar တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ Seminar ကို ပိုးလမ်းမရပ်ဝန်းအစီအစဉ်တွင်ပါဝင်သော နိုင်ငံများ၏ သစ်သီးဝလံများအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်နည်းပညာများကို အပြန်အလှန် ဆွေးနွေးသိရှိစေရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များကို ထုပ်ပိုးမှုပုံစံအမျိုးမျိုးနှင့် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းအောင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ စီမံဆောင်ရွက်သည့်နည်းလမ်းများကို လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးသွားရောက်သူများ

Belt and Road Countries နိုင်ငံများဖြစ်သော နီပေါ၊ ဗီယက်နမ်၊ တူရကီယဲ၊ နိုင်ဂျီးရီးယား၊ ဥဇဘက်ကစ္စတန်၊ ထရီနီဒက်တိုရှန်တို၊ အီသီယိုးပီးယား၊ မြန်မာ စသည်တို့မှ ကိုယ်စားလှယ် စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စာရေးသူနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်း၊ စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်အေးမာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဇော်ထိုက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မိုးတို့ တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြချက်များ

CAAMS Meeting Room သို့ China Agricultural University, Ministry of Agricultural and Rural Affairs, Food Research Institute (Jinan) များမှ Professor နှင့် Researcher လေးဦး လာရောက်၍ စိုက်ပျိုးရေးသုံး စက်ကိရိယာများအကြောင်း၊ သီးနှံ အရွယ်အစား၊ အရည်အသွေး ရွေးချယ်သည့် စက်ကိရိယာများအကြောင်း၊ သဘာဝသစ်သီးဖျော်ရည်အမျိုးမျိုး ပြုလုပ်နည်းများ၊ ယိုအမျိုးမျိုး ပြုလုပ်နည်းတို့ကို ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။

ထို့အပြင် အသီးအနှံ၊ သစ်သီးဝလံများကို သီးနှံအမျိုးအစားအလိုက် ပိုးသတ်နည်းအမျိုးမျိုး၊ အခြောက်ခံနည်းအမျိုးမျိုးကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆက်လက်ရှင်းလင်း ဆွေးနွေးပေးခဲ့ပါသည်။ သဘာဝဖျော်ရည်နှင့်ယိုများ အဓိကပျက်စီးရခြင်းမှာ လေထဲတွင်ရှိသော Microorganism များနှင့် ရေငွေ့ပါဝင်နှုန်းများခြင်းကြောင့်ဖြစ်ပြီး ၎င်းတို့ကို ကာကွယ်ရန် နည်းမျိုးစုံသုံးကြသည်ကို တွေ့ရှိခဲ့ရပါသည်။

ပတ်ဝန်းကျင်အခြေအနေများကြောင့် ဖြစ်ပေါ်လာသော (Pathogenic Microorganism) ကို လျှော့ချရန် အခြောက်ခံနည်းမျိုးစုံ၊ အခြောက်ခံစက်မျိုးစုံကို အသုံးပြုကြောင်း ဆရာများက ရှင်းလင်းပြောကြားပေးခဲ့ပါသည်။ စနစ်တကျ အခြောက်ခံထုပ်ပိုးပါက ရေငွေ့ပါဝင်နှုန်းကို လျှော့ချပြီး Microorganism ပေါက်ပွားမှုကို ထိန်းချုပ်စေကာ ထုတ်ကုန်များ ကြာရှည်ခံစေမည်ဖြစ်ပါသည်။ သကြားပါဝင်နှုန်း ၆၀ ရာခိုင်နှုန်းအထက်နှင့် ရေဓာတ်ပါဝင်နှုန်း ၂၀ ရာခိုင်နှုန်းအောက်ဆိုလျှင် Microorganism ပေါက်ပွားမှုကို ကာကွယ်နိုင်ကြောင်း၊ သကြားပါဝင်နှုန်းနည်းပါက တာရှည်ခံစေရန်အတွက် ရေဓာတ်ပါဝင်နှုန်း ပိုမိုလျှော့နည်းရမည်ဖြစ်ပြီး Vacuum Packaging စနစ်ဖြင့် ထုပ်ပိုးသင့်ကြောင်း ဆရာများက အကြံပြုဆွေးနွေးပေးခဲ့ပါသည်။

အစားအသောက်များကို Physical Way ဖြင့် တာရှည်ခံစေရန် ပိုးသတ်သည့်အပူချိန် (Sterilization Temperature) ကိုလည်း အက်စစ်ဓာတ်နည်းပါးသည့် အစားအသောက်များကို ၁၀၀°C အထက် အပူပေးသင့်ပြီး အက်စစ်ဓာတ်များသည့် အစားအသောက်များကို ၁၀၀°C အောက် အပူပေးသင့်ကြောင်း၊ ယနေ့ခေတ်တွင် Radio Frequency Technology အသုံးပြု၍ ပိုးသတ်ခြင်းသည် Low Temperature၊ Short Duration ဖြင့် အစားအသောက်များ၏ အာဟာရမပျက်စီးစေဘဲ အတွင်းသားများအထိ မြန်မြန်ဆန်ဆန် ပျံ့နှံ့အပူဝင်စီးပြီး အခြောက်ခံနိုင်သဖြင့် ပိုမိုသုံးစွဲလာကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ချဉ်ဖတ်စိမ်ခြင်းအကြောင်းကို ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်မှာ ရိုးရိုးချဉ်ဖတ်ထက် (Fermented)အချဉ်ဖောက်ထားသည့် ချဉ်ဖတ်က ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ကြောင်း၊ ချဉ်ဖတ်စိမ်သည့်အခါ ဆားပါဝင်မှုနည်းပါးပြီး အပူချိန်မြင့်ပါက Nitrate ဓာတ်များ ထွက်ပေါ်လာပြီး အန္တရာယ်ဖြစ်စေနိုင်သဖြင့် Nitrate reduce ဖြစ်စေရန် ကြက်သွန်ဖြူထည့်၍စိမ်လျှင် ပိုမိုကောင်းမွန်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

သဘာဝသစ်သီးဖျော်ရည်များ ထုတ်လုပ်ရာတွင်လည်း ပန်းသီး၊ လိမ္မော်သီးများကို အရည်ညှစ်ယူပြီး ကြည်လင်သော အရည်ကြည်ရအောင်စစ်ယူကာ တာရှည်ခံစေရန် ပြုလုပ်ထုပ်ပိုးမှုများကို ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။ အသီးများကို ကြိတ်ခြေ၍ အရည်ညှစ်ယူရာတွင် ထုတ်ကုန်အရည်အသွေးကောင်းစေရန် Enzyme များ ထည့်သွင်း၍ အသုံးပြုကြပါသည်။ Enzyme ကို ထည့်သွင်းအသုံးပြုခြင်းအားဖြင့်(Sound of Fruit) ဖျော်ရည်၏အရသာမှာ ပိုမိုကောင်းမွန်ပြီး ဖျော်ရည်၏ အရောင်အသွေးမှာ ပိုမိုကြည်လင်တောက်ပလာကြောင်း သိရှိခဲ့ရပါသည်။ တာရှည်ခံစေရန်အတွက် Sterilization ပြုလုပ်ခြင်းကို (High Temperature Short Time) ကို Heat Exchanger Sterilizar စက်များဖြင့် ပြုလုပ်ကြကြောင်း ဆွေးနွေးရှင်းပြပေးခဲ့ပါသည်။ (စားသောက်ကုန်စက်ရုံများတွင် HACCP လက်မှတ်များ FSSC-22000 လက်မှတ်များလည်း ရယူထားရန်လိုအပ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။) ဖျော်ရည်ထည့်မည့် အိတ်ခေါင်းသည် သေးငယ်စေပြီး Aseptic Tank ဖြင့် တိုက်ရိုက်ချိတ်ဆက်၍ ပြည့်ခါနီးတွင် Sterilize လုပ်ပြီးဖြည့်ခြင်းဖြင့် တာရှည်ခံစေပြီး Microorganism များကို Control လုပ်နိုင်မည်ဖြစ်ကြောင်း ဆရာများက ဆွေးနွေးပြောကြားပေးခဲ့ပါသည်။

> ❝ ဂျီနန်မြို့ရှိ ယိုမျိုးစုံထုတ်လုပ်သော Jinye Co.,Ltd. ကို လေ့လာရေးခရီး ထပ်မံသွားရောက်ခဲ့ကြပါသည်။ ထိုစက်ရုံ၌ တရုတ်နိုင်ငံမှ ထွက်ရှိသည့် ဟောသွန်းခေါ် အသီးတစ်မျိုးကို အသုံးပြုပြီး စားသောက်ကုန်မျိုးစုံ ထုတ်လုပ်သောစက်ရုံဖြစ်ပါသည်။ ဟောသွန်းအသီးသည် ပန်းသီးနှင့် ချယ်ရီသီးစပ်ထားသည့် ပုံစံလေးဖြစ်ပြီး ကျန်းမာရေးအတွက် အထူးကောင်းမွန်စေပါသည်။ သွေးပေါင်ချိန်ထိန်းညှိပေးပြီး အစာခြေဖျက်မှုကောင်းမွန်စေသော အာနိသင်များရှိပါသည်။ အဆိုပါအသီးကို အသုံးပြု၍ ဖျော်ရည်၊ ယိုများထုတ်လုပ်ပြီး အသီး၏အစေ့များကိုစုကာ ခေါင်းအုံးလေးများပါ ပြုလုပ်ရောင်းချသည်ကို တွေ့မြင်ခဲ့ရပါသည်။ အသီးယိုများ၊ ဖျော်ရည်များ ပြုလုပ်ရာတွင် Free Chemical Preservative ဖြစ်စေရန်နှင့် Food Safety ဖြစ်စေရန် ထုတ်လုပ်မှုအဆင့်တိုင်းကို စက်ကိရိယာများသုံးစွဲပြီး စနစ်တကျ လုပ်ဆောင်နေကြသည်ကို လေ့လာတွေ့ရှိခဲ့ ❞

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း လေ့လာရေးခရီးစဉ်

စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံအများစုသည် Yantai၊ Jinan မြို့တို့တွင် တည်ရှိသောကြောင့် ထိုမြို့များသို့ လေ့လာရေးသွားရောက်ရန် ၁၂-၅-၂၀၂၄ ရက်နေ့တွင် ပေကျင်းမြို့မှ Yantai မြို့သို့ လေယာဉ်ဖြင့် ခရီးထွက်ခဲ့ကြပါသည်။ Yantai မြို့သည် ပေကျင်းမြို့မှ ၇၉၃ ကီလိုမီတာကွာဝေးသော ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သဖြင့် ထုတ်ကုန်များကို ကွန်တိန်နာများဖြင့် ထည့်သွင်း၍ သင်္ဘောများဖြင့်တင်ပို့ပြီး ကုန်သွယ်မှု ပိုမိုလွယ်ကူအဆင်ပြေကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ပထမဦးဆုံးစက်ရုံအဖြစ် Yantai မြို့ရှိ DSM Andera Pectin Co.,ltd. သို့ လေ့လာရေးသွားရောက်ခဲ့ကြပြီး စက်ရုံမှထုတ်လုပ်လျက်ရှိသည့် ထုတ်ကုန်များကို လေ့လာကြည့်ရှုခဲ့ကြပါသည်။ (စက်ရုံအတွင်း ဓာတ်ပုံရိုက်ခွင့်မပြုပါ။) အဆိုပါစက်ရုံသည် ပန်းသီးနှင့် Citrus Fruit များ အသုံးပြု၍ ဖျော်ရည်၊ ယို၊ ဂျယ်လီ၊ အာဟာရဖြည့်ဓာတ်စာတို့ကို Customer Order များအတိုင်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိခဲ့ရပါသည်။

Yantai Great Fruit Beverages Co.,Ltd. ကို သွားရောက်လေ့လာခဲ့ရာမှာ တရုတ်နိုင်ငံတွင် ပေါများစွာထွက်ရှိသော ပန်းသီးများကို Concentrate Juice သီးသန့်ပြုလုပ်၍ ဥရောပ၊ အမေရိကသို့ တင်ပို့ရောင်းချနေကြောင်း သိရှိခဲ့ရပါသည်။ စက်ရုံအတွင်းသို့ ဝင်ရောက်လေ့လာကြရာတွင် ပန်းသီးတန်ချိန်ပေါင်းများစွာ ဝန်ချီစက်ဖြင့် သယ်လာပြီး စက်များဖြင့် အဆင့်ဆင့်ဆေးကြောသန့်စင်ခြင်းများဆောင်ရွက်ကာ ပန်းသီးများကြိတ်ခြေအရည်ညှစ်ခြင်း၊ စစ်ယူခြင်း၊ ပိုးသတ်ခြင်း၊ ထုပ်ပိုးခြင်းများကို Mash Tank၊ Retentate tank၊ Nanomembrane Filter များအသုံးပြု၍ Ultrafiltration ပြုလုပ်ခြင်းဖြင့် အဆင့်ဆင့်ကျော်ဖြတ်ပါသည်။ ထို့နောက် Aseptic Aluminum Bag (20 L) များအတွင်းသို့ ထည့်သွင်းပြီး တိုင်ကီများထဲသို့ထည့်၍ အအေးခန်းကွန်တိန်နာများဖြင့် ဥရောပ၊ အမေရိကသို့ ပို့ဆောင်ပြီး အဆိုပါနိုင်ငံများသို့ ရောက်ရှိသောအခါ Repackaging ပြုလုပ်၍ ပြန်လည်သုံးစွဲကြကြောင်း သိရှိခဲ့ရပါသည်။ သစ်သီးဖျော်ရည်၏ အရည်အသွေး၊ အရသာပိုမိုကောင်းမွန်စေရန် Enzyme(Pectic Enzyme) ကို သုံးစွဲကြောင်း၊ သစ်သီးဖျော်ရည်များ တာရှည်ခံစေရန် ဓာတုဗေဒပစ္စည်းများသုံးစွဲမှုမရှိဘဲ Heat Exchanger ကို အသုံးပြု၍ High Temperature၊ Short Time Method ဖြင့် Sterilization ပြုလုပ်ကြကြောင်း သိရှိခဲ့ရပါသည်။ (0 to 4°C) တွင် နှစ်နှစ်နှင့် (–18°C) တွင် လေးနှစ် အထားခံကြောင်း လေ့လာသိရှိခဲ့ရပါသည်။

၁၄-၅-၂၀၂၄ ရက်နေ့တွင် Yantai မြို့ရှိ Pula Valley ရှိ Yantai Shui Yun Winery Management Co.,Ltd.သို့လေ့လာရေးဆက်လက်သွားရောက်ခဲ့ကြပြီး **စာမျက်နှာ ၁၁ သို့** ☆

ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရေဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ရေဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြကန်သာရပ်ကွက်ရှိ မွေးမြူရေးတောင်သူ ဦးငြိမ်းချမ်းဦး၏ ဥစားကြက်မွေးမြူရေးခြံ၌ ကြက်ကောင်ရေ ၁၈၀၀၀ မွေးမြူထားရှိမှုနှင့် ကြက်ဥများ ဖြန့်ဖြူးပေးနေမှု၊ ကြက်ချေးကို သဘာဝမြေဩဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးစီမံဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မြကျွန်းရွှေဝါခန်းမ၌ ကျင်းပသည့် အဋ္ဌမအကြိမ် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

တိုက်တွန်းပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့စိုက်ပျိုးရေးဒီပလိုမာဘွဲ့လက်မှတ်အပ်နှင်းခြင်းခံရသည့် မောင်မယ်များအနေဖြင့် မိမိတို့ကျွမ်းကျင်တတ်မြောက်ထားသည့် ပညာရပ်များကို တောင်သူလယ်သမားများ၏ လူနေမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးထိပ်ထား၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က တန်းစဉ်ပေါင်း အမှတ်အများဆုံးဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး စိုက်ပျိုးရေးဒီပလိုမာ လက်မှတ်ရကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြောင်းမြမြို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန၏ ရေ၊ မြေ၊ ဒေသနှင့် သင့်တော်သည့် အထွက်နှုန်းကောင်းမွန်သော မိုးကောင်းသောက်လယ်စပါးမျိုးများ၊ ဆည်ရေသောက် စပါးမျိုးများ၊ အရည်အသွေးကောင်းစပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများနှင့် ဆားငန်ခံစပါးမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်နေမှု၊ ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ စားဖိုဆောင်သီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံများအတွက် မျိုးနှင့်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်နေမှု၊ မျိုးစပါးများစမ်းသပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သုတေသီများနှင့် တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့အတူ မွေးမြူရေးသုတေသနဦးစီးဌာန ချောင်းသာမွေးမြူရေးသုတေသနစခန်း၏ ဒေသနှင့်ကိုက်ညီသည့် ရေငန်ငါး၊ ပုစွန်များ မွေးမြူသုတေသနပြုခြင်း၊ တိုင်းရင်းရေငန်ငါး၊ ပုစွန်မျိုးစိတ်များကို မျိုးထိန်းသိမ်းရန်နှင့် အမြောက်အမြားမွေးမြူထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မျိုးငါး၊ ပုစွန်များကို အရည်အသွေးပြည့်မီစေရေး မွေးမြူထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သုတေသနနှင့် ဖွံ့ဖြိုးရေးတိုးချဲ့ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ရှိ ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရေဝတီတိုင်းဒေသကြီးအတွင်း နှမ်းစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံများစိုက်ပျိုးလျာထားဧက ပြည့်မီရေးနှင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၁၀ မှ

အဆိုပါဝိုင်စက်ရုံတွင် ကုန်ကြမ်းစပျစ်သီး စိုက်ပျိုးသည်မှ ကုန်ချောဝိုင်ထုတ်လုပ်သည်အထိ လေ့လာခဲ့ကြပါသည်။ ၎င်းဝိုင်စက်ရုံမှ ထုတ်လုပ်သောဝိုင်များသည် ဘာလင်မြို့တွင် နှစ်စဉ်ကျင်းပသည့် ကမ္ဘာ့ဝိုင်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ရရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ကောင်းမွန်ပြည့်စုံသည့် ကုန်ချောရရှိရန် ကုန်ကြမ်း စပျစ်သီးမျိုးစေ့မှစ၍ ဂရုပြုဆောင်ရွက်ကြပြီး ရရှိလာသည့်ဝိုင်များကို အနံ့အရသာ ပိုမိုကောင်းမွန်စေရန် ဝက်သစ်ချစည်များဖြင့် မြေအောက်တွင်ထည့်၍ သိမ်းဆည်းပြီးTemperature Control ရရှိစေရန် နွေရာသီတွင် 25°C၊ ဆောင်းရာသီတွင် 5°C အတိုင်း သိမ်းဆည်းသိုလှောင်ထားပါသည်။

လေ့လာရေးအဖွဲ့များသည် ရန်တိုင်းမြို့မှ ၄၇၆ ကီလိုမီတာကွာဝေးသော ဂျီနန်မြို့သို့ High Speed Train ဖြင့် ၁၅-၅-၂၀၂၄ ရက်နေ့တွင် ထွက်ခွာခဲ့ကြပါသည်။ ရန်တိုင်းမြို့နှင့် ဂျီနန်မြို့များသည် တရုတ်နိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်ငန်းစက်ရုံများ အများအပြားတည်ရှိရာမြို့ကြီးများဖြစ်ကြောင်း သိရပါသည်။

ဂျီနန်မြို့သို့ရောက်ရှိခဲ့ကြပြီး ၁၆-၅-၂၀၂၄ ရက်နေ့တွင် The Jinan Fruit Research Institute သို့ လေ့လာရေးသွားရောက်ခဲ့ကြပါသည်။ အဆိုပါ သုတေသနစင်တာကြီးသည် သစ်သီးဝလံမျိုးစုံကို စားသောက်ကုန်မျိုးစုံထုတ်လုပ်ရန် သုတေသနပြုလုပ်သည့်နေရာ ဌာနကြီးဖြစ်ပြီး အရည်အသွေးစစ်ဆေးရန် ဓာတ်ခွဲခန်းများလည်းထားရှိကာ ထုတ်ကုန်၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နေကြကြောင်း တွေ့မြင်ခဲ့ရပါသည်။ ထုတ်ကုန်များကို သုတေသနပြုဆောင်ရွက်ကြရာတွင် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ အရည်အသွေးကောင်းမွန်စေရန် ခေတ်မီနည်းစနစ်များကို သုံးစွဲလျက်ရှိပြီး လုပ်ငန်းရှင်များအား နည်းပညာလွှဲပြောင်းပေးခြင်း၊ အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

Laboratory Scale မှသည် Pilot Scale ထိုမှတစ်ဆင့် Industrialization အဆင့်အထိရောက်အောင် ဆောင်ရွက်နိုင်သည်အထိ စီစဉ်ထားရှိမှုများကို တွေ့ရှိခဲ့ရပါသည်။ ကုန်ထုတ်လုပ်မှုနည်းပညာများအလိုက် Fermentation Technology Laboratory၊ Fruit and Vegetable Beverage Laboratory၊ Functional Food Laboratory များထားရှိကာ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ သုတေသနပြုရရှိလာသော နည်းပညာများအား တရုတ်နိုင်ငံအတွင်းရှိ ကုမ္ပဏီပေါင်း ၅၀ ကျော်သို့ နည်းပညာများလွှဲပြောင်း၍ ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိခဲ့ရပါသည်။

ဂျီနန်မြို့ရှိ ယိုမျိုးစုံထုတ်လုပ်သော Jinye Co.,ltd. ကို လေ့လာရေးခရီးထပ်မံ သွားရောက်ခဲ့ကြပါသည်။ ထိုစက်ရုံ၌ တရုတ်နိုင်ငံမှ ထွက်ရှိသည့် ဟောသွန်း ခေါ် အသီးတစ်မျိုးကို အသုံးပြုပြီး စားသောက်ကုန်မျိုးစုံ ထုတ်လုပ်သောစက်ရုံဖြစ်ပါသည်။ ဟောသွန်းအသီးသည် ပန်းသီးနှင့် ချယ်ရီသီးစပ်ထားသည့် ပုံစံလေးဖြစ်ပြီး ကျန်းမာရေးအတွက် အထူးကောင်းမွန်စေပါသည်။ သွေးပေါင်ချိန်ထိန်းညှိပေးပြီး အစာခြေဖျက်မှုကောင်းမွန်စေသော အာနိသင်များရှိပါသည်။ အဆိုပါအသီးကို အသုံးပြု၍ ဖျော်ရည်၊ ယိုများထုတ်လုပ်ပြီး အသီး၏အစေ့များကို စုကာ ခေါင်းအုံးလေးများပါ ပြုလုပ်ရောင်းချသည်ကို တွေ့မြင်ခဲ့ရပါသည်။ အသီးယိုများ၊ ဖျော်ရည်များပြုလုပ်ရာတွင် Free Chemical Preservative ဖြစ်စေရန်နှင့် Food Safety ဖြစ်စေရန်ထုတ်လုပ်မှုအဆင့်တိုင်းကို စက်ကိရိယာများ သုံးစွဲပြီး စနစ်တကျ လုပ်ဆောင်နေကြသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

စက်ရုံလေ့လာရေး နောက်ဆုံးခရီးစဉ်အဖြစ် ၁၇-၅-၂၀၂၄ ရက်နေ့တွင် LAIWU Minhang Food Cooperation သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါစက်ရုံတွင် ချင်း၊ ကြက်သွန်ဖြူ၊ ဟင်းခတ်အမွှေးအကြိုင်မျိုးစုံတို့ကို အဆင်သင့်စားသောက်ကုန်မျိုးစုံအဖြစ် ထုပ်ပိုးမှုပုံစံမျိုးစုံဖြင့် ထုတ်လုပ်နေမှုကို လေ့လာတွေ့မြင်ခဲ့ရပါသည်။ ထုတ်လုပ်မှုအဆင့်တိုင်းတွင်လည်း ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်အတွက် အပင်စိုက်သည့်အခါမှစတင်၍ အပင်ဖျက်ပိုးများကို နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးအကြွင်းအကျန်များပါဝင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ထားရှိပါသည်။

ချင်း၏ အရည်အသွေးကို စက်များဖြင့် ရွေးချယ်ပြီး PLC System ကိုအသုံးပြုကြောင်း၊ ရေပါဝင်မှု ခြောက်ရာခိုင်နှုန်းအောက်လျော့အောင် Dryer များအသုံးပြု၍ အခြောက်ခံကြောင်း၊ Color Sorter၊ X-ray Machine များ အသုံးပြု၍ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်လျက်ရှိကြောင်း လေ့လာသိရှိခဲ့ရပြန်ပါသည်။ လေ့လာရေးအဖွဲ့သည် ၁၈-၅-၂၀၂၄ ရက်နေ့တွင် ဂျီနန်မြို့မှ ပေကျင်းမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ ၂၀-၅-၂၀၂၄ ရက်နေ့တွင် Evluation ပြုလုပ်ခြင်းနှင့် သင်တန်းပိတ်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြပါသည်။ ၂၁-၅-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

လေ့လာရေးခရီးစဉ်အတွင်း စက်ရုံ ငါးရုံနှင့် Institute တစ်ခုသို့ သွားရောက်၍ လေ့လာခွင့်ရရှိခဲ့ပါသည်။ အဆိုပါနေရာများအားလုံးတွင် တူညီသောအချက်များမှာ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Physical Treatment များဖြစ်သော ကုန်ထုတ်လုပ်မှုနေရာများသို့ ပြင်ပလူများ ဝင်ရောက်ခွင့်မပြုခြင်း၊ ယိုစက်ရုံများတွင်လည်း တာရှည်ခံဆေးဝါးများ မသုံးစွဲဘဲ Microorganism များ ပေါက်ပွားမှုကာကွယ်ရန်၊ ရေဓာတ်လျှော့ချရန် Electric Dryer များအသုံးပြုခြင်း၊ သစ်သီးဖျော်ရည်စက်ရုံများတွင် သစ်သီးဖျော်ရည်များ အရည်အသွေးကောင်းမွန်စေရန် Enzyme အသုံးပြုခြင်း၊ တာရှည်ခံဓာတုဆေးဝါးများ အသုံးမပြုဘဲ High Temperature၊ Short Time Method ကိုအသုံးပြုခြင်း၊ Heat Exchanger များအသုံးပြုခြင်း၊ Aseptic Filling System (Radio Frequency Technology) ကို အသုံးပြုခြင်းများကိုသာ တွေ့ရှိခဲ့ရပါသည်။

သုံးသပ်ချက်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အသီးအနှံစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ အသီးအနှံများ ပေါများပိုလျှံစွာထွက်ရှိလာပြီး သဘာဝအတိုင်း စားသုံးကြသည့်အပြင် ဖျော်ရည်၊ ယို စသည်ဖြင့် ပြုလုပ်စားသုံးကြခြင်းကို အလေ့အထတစ်ခုအဖြစ် တွေ့မြင်ခဲ့ရပါသည်။ အဆိုပါ အသီးအနှံများကို ဈေးကွက်ဝင်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး နိုင်ငံတကာသို့ တင်ပို့ရောင်းချသည့်အခါတွင် သန့်ရှင်းလတ်ဆတ်ပြီး ကြာရှည်ခံစေရန် ကျန်းမာရေးနှင့် ညီညွတ်သောထုတ်ကုန်များ ပြုပြင်ထုတ်လုပ်မှုများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လာကြောင်း တွေ့ရှိရပါသည်။

ဌာနမှ ဆောင်ရွက်ပေးနေမှုများ

မိမိတို့ဌာနအနေဖြင့်လည်း ထိုကဲ့သို့ အစားအသောက်ဆိုင်ရာ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းရှင်များထံသို့ နည်းပညာလွှဲပြောင်းပေးခြင်း၊ Incubation Center များ တည်ထောင်၍ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ မွေးထုတ်ပေးခြင်း၊ ထုတ်ကုန်များ အရည်အသွေးတိုးတက်စေရန် Research & Innovation များ ဆောင်ရွက်ပေးခြင်း၊ ထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ ဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

ယခင်က Chemical Treatment များ အသုံးပြုခဲ့ကြသော်လည်း ယခုအခါ လေ့လာခဲ့သော Physical Treatment နည်းစနစ်များအတိုင်း သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားပါမည်။ Solar စနစ်ဖြင့် ချိတ်ဆက်အသုံးပြုနိုင်သော Electric Dryer များ Solar Dryer များ Heat Exchanger များ တီထွင်ဆောင်ရွက်ပေးသွားပါမည်။

နိဂုံး

မိမိတို့နိုင်ငံတွင် သစ်သီးဝလံများကို Value Added ထုတ်ကုန်များ ထုတ်လုပ်သည့်အခါ Dryer များ၊ Heat Exchanger များ သုံးစွဲလာနိုင်ရေး အကြံပြုဆောင်ရွက်ပေးသွားရမည်ဟု ဆုံးဖြတ်မိပါသည်။ တရုတ်နိုင်ငံခရီးစဉ်မှ လေ့လာခွင့်ရရှိခဲ့သော အကြောင်းအရာများကို စားသောက်ကုန်လုပ်ငန်းလုပ်ကိုင်သည့် MSMEs လုပ်ငန်းငယ်လေးများသို့လည်း ဗဟုသုတများ၊ နည်းပညာများ ပြန်လည်မျှဝေပေးနိုင်ပြီး ပြည်သူများအနေဖြင့်လည်း ဘေးအန္တရာယ်ကင်းသည့် စားသောက်ကုန်များ စားသုံးလာနိုင်ရန် ကူညီဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုအစီအစဉ်ဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

ချောင်းဆုံ ဇွန် ၂၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မွန်ပြည်နယ် အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မွန်ပြည်နယ်ကုသရေး ဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အထူးကုဆရာဝန်ကြီးများ ဆေးကုသမှုအစီအစဉ်ကို ဇွန် ၂၂ ရက်က မုရစ်ကလေး တိုက်နယ်ဆေးရုံ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက ဆေးကုသမှုအစီအစဉ်တွင် လာရောက်ပြသသူများအား အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ ပြန်လည်ပေးအပ်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုကာ အထူးကုဆရာဝန်ကြီးများအား ကုသရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ပြီး ဆေးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားခြင်းနှင့် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆေးကုသခြင်းအစီအစဉ်ကို မွန်ပြည်နယ်ကုသရေးဦးစီးဌာန ပြည်နယ်မှူး ဒေါက်တာအောင်မြင့်ဦး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်နှင့် ကလေးရောဂါများ၊ အရိုးအဆစ်နှင့် ပြန်လည်သန်စွမ်းရေး၊ စိတ်ကျန်းမာရေး၊ အာထရာဆောင်းနှင့် ခွဲစိတ်အထူးကုစသည်တို့ကို အခမဲ့ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မောင်တောမြို့ရှိ ရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် အိမ်ထောင်စုဝင်များအတွက် ဆန်အိတ်များထောက်ပံ့ပေးအပ်

နေပြည်တော် ဇွန် ၂၃

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ရပ်ကွက်များတွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၊ အိမ်ထောင်စုဝင်များ စားရေးအထောက်အကူ ဖြစ်စေရန်အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၂၂ ရက်တွင် မောင်တောမြို့ရှိ ရပ်ကွက်နေ ဒေသခံပြည်သူများထံ ဆန်အိတ်များကို လက်ဝယ်အရောက် ထောက်ပံ့ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မောင်တောမြို့ ရပ်ကွက် (၁) ရှိ အိမ်ထောင်စု ၁၉၈၊ ရပ်ကွက် (၂) ရှိ အိမ်ထောင်စု ၆၁၃ စု၊ ရပ်ကွက် (၃) ရှိ အိမ်ထောင်စု ၁၀၄ စု၊ ရပ်ကွက် (၄) ရှိ အိမ်ထောင်စု ၁၈၇ စု၊ ကညင်တန်းရပ်ကွက်ရှိ အိမ်ထောင်စု ၆၀၆ စုနှင့် မောင်နီရပ်ကွက်ရှိ အိမ်ထောင်စု ၃၁၉ စု စုစုပေါင်း အိမ်ထောင်စု ၂၀၁၉ စု တို့အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ဆန်အိတ်ပေါင်း ၂၀၁၉ အိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြဝတီမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

မြဝတီ ဇွန် ၂၃

ကရင်ပြည်နယ် မြဝတီမြို့တွင် မိုးရာသီကာလ၌ ဖြစ်ပွားမှုများသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက် ၈ နာရီက အမှတ် (၅) ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်မှုဖြင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့်တာဝန်ရှိသူများက အမှတ် (၅) ရပ်ကွက်အတွင်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေး ဆွေးနွေးပြောကြားပြီး ခြင်၊ လောက်လန်းများ မပေါက်ပွားစေရန် အသုံးပြုနေသည့် ရေစည်၊ ရေကန်များ၊ ဘုရားပန်းအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ စုပေါင်းဆောင်ရွက်ပေးသည်။

အလားတူ မြဝတီမြို့နယ်အတွင်း ကျန်ရှိသည့်မြို့ပေါ်ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများတွင်လည်း အသိပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဇာဖြူဝင်း(မြဝတီ)

မြစ်သားမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

မြစ်သား ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကျွဲတပ်ကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျွဲတပ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကျွဲတပ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ခရိုင်/မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသောဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

သဃ်န်းကျွန်းမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

သဃ်န်းကျွန်း ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် သဟပုညကာရီဓမ္မာရုံ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ရပ်ကွက်အတွင်း နေထိုင်ကြသောမြန်မာတိုင်းရင်းသားလူမျိုးများ ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်မျိုးမျိုး ရရှိနိုင်ရေး ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သဃ်န်းကျွန်းမြို့နယ်မှ တာဝန်ရှိဝန်ထမ်းများက ဆ/က ရပ်ကွက် သဟပုညကာရီဓမ္မာရုံသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ပြည်သူများ၊ အသက် ၁၀ နှစ်ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများ၊ ပျောက်ဆုံးပျက်စီးမှုများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သိန်းအောင်**

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော် မာဆာကိုတို့ ဗြိတိန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိ



တိုကျို ဇွန် ၂၃

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော် မာဆာကိုတို့ ဗြိတိန်နိုင်ငံသို့ ယမန်နေ့တွင် အလည်အပတ်ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုခရီးစဉ်သည် ဧကရာဇ်နာရူဟီတို နန်းတက်ပြီးနောက်ပိုင်း ၎င်းတို့၏ ဒုတိယမြောက် ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော် မာဆာကိုတို့လိုက်ပါစီးနင်းခဲ့သော လေယာဉ်သည် ဇွန် ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် လန်ဒန်မြို့အနီးရှိ လေဆိပ်သို့ ဆင်းသက်ခဲ့သည်။

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော် မာဆာကိုတို့သည် ဘုရင်မကြီး အဲလိဇဘတ်စ်၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ၂၀၂၂ ခုနှစ်တွင် ဗြိတိန်နိုင်ငံသို့ပထမအကြိမ်ရောက်ရှိခဲ့သည်။

ယခုတစ်ကြိမ်တွင် ဗြိတိန်ဘုရင် ချားလ်စ်က ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော်တို့အား တရားဝင်ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်ဧကရာဇ်သည် လန်ဒန်မြို့တော်ရှိ ဂျပန်ယဉ်ကျေးမှုကို မြှင့်တင်မည့်နေရာသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

ဇွန် ၂၅ ရက်တွင် ၎င်းတို့ဇနီးမောင်နှံသည် ကြိုဆိုပွဲအခမ်းအနားနှင့် ဘက်ကင်ဟမ်နန်းတော်တွင်ကျင်းပမည့် ညစာစားပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ဗြိတိန်တော်ဝင်မိသားစု၏ သင်္ချိုင်းဂူသို့ ဇွန် ၂၇ ရက်တွင် ဗြိတိန်တော်ဝင်မိသားစု ရဲတိုက်ရှိ ဘုရင်မကြီးအဲလိဇဘတ်စ်နှင့် ၎င်း၏ခင်ပွန်း တော်ဝင်မင်းသား ဖိလစ်တို့၏ အုတ်ဂူများသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဧကရာဇ်နှင့် ကြင်ယာတော်တို့သည် ၎င်းတို့နှစ်ဦးစလုံး ပညာသင်ကြားခဲ့သည့် အောက်စဖို့ဒ်တက္ကသိုလ်သို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် –အောင်ကျော်ကျော်

ဂါဇာကမ်းမြောင်မြောက်ပိုင်းတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ၄၂ ဦးထက်မနည်း သေဆုံး

ဂျေရုဆလင် ဇွန် ၂၃

ဂါဇာကမ်းမြောင်မြောက်ပိုင်းတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ၄၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဟားမတ်စ်မီဒီယာက ဇွန် ၂၂ ရက်တွင် အတည်ပြုပြောကြားသည်။

အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပြိုကျခဲ့သည့် အဆောက်အအုံမှ ဖုန်မှုန့်များလေပေါ်လွင့်ပျံတက်သွားပုံ၊ ကလေးများကို ကိုင်ဆောင်ပြီး ထွက်ပြေးနေကြသူများနှင့် ဒဏ်ရာရသူများကို ထမ်းစင်ပေါ်တင်ဆောင်ထားသည့်မှတ်တမ်းတင် ဗီဒီယိုဖိုင်များကို လူမှုကွန်ရက်များတွင် ကြည့်ရှုနိုင်သည်။

ဂါဇာစီးတီး ဧရိယာရှိ ဟားမတ်စ် စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံ နှစ်ခုကို ၎င်းတို့၏ တိုက်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့များက ဆိုရှယ်မီဒီယာတွင် ပြောကြားသည်။

အရပ်သားအသေအပျောက်အရေအတွက်သည် ဆက်လက်တိုးမြင့်လျက်ရှိသည်။ အစ္စရေးတပ်ဖွဲ့များသည် တောင်ပိုင်း ရာဖာမြို့အပြင်ဘက်ရှိ ယာယီဒုက္ခသည်စခန်းများကို ဇွန် ၂၂ ရက်တွင် ပစ်ခတ်ခဲ့ရာ အနည်းဆုံး ၂၅ ဦး သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

မြောက်ပိုင်းတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အိမ်နီးချင်း လက်ဘနွန်နိုင်ငံ၌ ဟားမတ်စ်အဖွဲ့အား လက်နက်များ ထောက်ပံ့ပေးနေသည့် ဟစ်ဘိုလာအဖွဲ့ကို ဇွန် ၂၂ ရက်က လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဟစ်ဘိုလာအဖွဲ့တို့ စစ်ဆင်ရေး အပြန်အလှန်ဆင်နွှဲ

ဂျေရုဆလင် ဇွန် ၂၃

လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဟစ်ဘိုလာအဖွဲ့တို့ စစ်ဆင်ရေး အပြန်အလှန်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဟစ်ဘိုလာအဖွဲ့၏ စစ်ရေးပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များက ယမန်နေ့တွင် ပြောကြားသည်။

အလားတူ ဟစ်ဘိုလာအဖွဲ့က အစ္စရေးတပ်ဖွဲ့ဝင်များကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။

အရှေ့အလယ်ပိုင်း၌ ပဋိပက္ခများ ဖြစ်ပွားလာမှုအပေါ် ကမ္ဘာ့နိုင်ငံများ၏ စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အရေးပေါ်သတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ပြီး အစ္စရေးနှင့် ဟစ်ဘိုလာအဖွဲ့တို့၏ တင်းမာမှုများကို ဖြေလျှော့ရန် နှစ်ဖက်စလုံးကို တောင်းဆိုခဲ့သည်။

အစ္စရေးပြည်သူများအား ဟစ်ဘိုလာအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ခွင့်ပြုမည်မဟုတ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အစ္စရေးကတ်ဇ်က ဆိုရှယ်မီဒီယာတွင် ပြောကြားသည်။

အစ္စရေးအစိုးရအနေဖြင့် လိုအပ်သော ဆုံးဖြတ်ချက်များကို မကြာမီ ချမှတ်တော့မည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် –အောင်ကျော်ကျော်

တိုကျိုမြို့တော်ရှိ လမ်းမများပေါ်တွင် မောင်းသူမဲ့မော်တော်ယာဉ်များ စတင်ပြေးဆွဲ

တိုကျို ဇွန် ၂၃

တိုကျိုအခြေစိုက် ကုမ္ပဏီတစ်ခုက တိုကျိုမြို့တော်ရှိ လမ်းမများပေါ်တွင် မောင်းသူမဲ့မော်တော်ယာဉ်များ စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ အဆိုပါမောင်းသူမဲ့မော်တော်ယာဉ်များကို လက်ရှိတွင် အဆင့်(၄)ဆင့်သတ်မှတ်ချက်ဖြင့် ပြေးဆွဲလျက်ရှိသည်။

အများပြည်သူလမ်းမများပေါ်တွင် မောင်းသူမဲ့မော်တော်ယာဉ်များ ပြေးဆွဲရန် ခွင့်ပြုချက်ရရှိခြင်းသည် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုအတွက် ပထမဆုံးအကြိမ်ဖြစ်သည်။

မောင်းသူမဲ့မော်တော်ယာဉ်များပြေးဆွဲသည့် Boldly ကုမ္ပဏီသည် Softbank Corporation ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး Tokyo Metropolitan Public Safety Commission က ဇွန် ၂၂ ရက်တွင် ခွင့်ပြုချက်ပေးခဲ့ကြောင်း သိရသည်။ မောင်းသူမဲ့မော်တော်ယာဉ်များသည် ဟာနီဒါလေဆိပ်အနီး မီတာ ၈၀၀ ရှည်သော လမ်းမပေါ်တွင် ခရီးသည် ၁၀ ဦးအထိ တင်ဆောင်ကာ အများပြည်သူခရီးသွားလာရေး အဆင်ပြေစေရန် ပြေးဆွဲမည်ဖြစ်သည်။

ဘတ်စ်ကားများသည် ရာသီဥတုကောင်းမွန်ပါက တစ်နာရီလျှင် ၁၂ ကီလိုမီတာ အမြန်နှုန်းအထိ မောင်းနှင်နိုင်မည်ဖြစ်သည်။

ဂျပန်သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနသည် မောင်းသူမဲ့ကားနည်းပညာကို အဆင့်(၅)ဆင့်ဖြင့် အမျိုးအစားခွဲထားသည်။ အဆင့် (၄)တွင် မော်တော်ယာဉ်များသည် မြန်နှုန်း၊ လမ်းကြောင်းများနှင့် ရာသီဥတုဆိုင်ရာ အချို့သောအခြေအနေများတွင် လူသားယာဉ်မောင်းမပါဘဲ မောင်းနှင်နိုင်သည်။ အဆင့် (၅) တွင် အကန့်အသတ်မရှိ အလိုအလျောက် မောင်းနှင်နိုင်မည် ဖြစ်သည်။

အစိုးရက ၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံအတွင်းရှိ နေရာ ၅၀ ခန့်တွင် မောင်းသူမဲ့ကားများ ပြေးဆွဲရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျည်ကာအင်္ကျီ (သံပြားမပါ) အထည် ၃၀ အပါအဝင် ကုန်ပစ္စည်းမျိုးစုံ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကောင်းမှုတော် လမ်းဆုံအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သံပြားအပါး ၂၆၆ ချပ်၊ သံပြားအထူ ၈၂ ချပ်၊ သံပိုက်လုံး ၂၄၁၅ လုံး၊ သံပိုက်ချောင်း ၇၃၂၈ ချောင်း၊ ကြေးပိုက်ခွေ ၁၀ ခွေပါ ၁၉ ဖာ၊ မြေတူးစက်တစ်လုံး၊ နှမ်းနက် ၃၃ အိတ် အပါအဝင် ကုန်ပစ္စည်း ၄၁ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၃၉၃၉၇၉ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၇၄၁ တန်၊ သစ်မာ သုည ဒသမ ၅၅၃ တန်၊ အခြားသစ် ၂ ဒသမ ၈၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၇၉၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်၍ ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၈၁၄၇၆၉) ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ငွေကြေးကြောင့် အလောင်းမထုတ်နိုင်သည့် မလေးရှားရောက် မြန်မာအမျိုးသမီး၏ ရုပ်အလောင်းကို သင်္ဂြိုဟ်ပေး

ရန်ကုန် ဇွန် ၂၃

မလေးရှားနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ရပြီး ငွေကြေးကြောင့် အလောင်းမထုတ်နိုင်ခဲ့သောကြောင့် ပိုင်ရှင်မဲ့အဖြစ်ရှိနေသည့် မြန်မာအမျိုးသမီး၏ ရုပ်အလောင်းကို မလေးရှားရောက် မြန်မာများက ဝိုင်းဝန်း အလှူငွေထည့်ပြီး သင်္ဂြိုဟ်ပေးနိုင်ခဲ့ကြောင်း မြန်မာလူမှုကူညီရေးအသင်း (မလေးရှား)၏ ဥက္ကဋ္ဌ ဦးစန်းဝင်းက ပြောသည်။

သေဆုံးသူ အမျိုးသမီးသည် အသက် ၃၇ နှစ်အရွယ်ရှိသူဖြစ်ကာ မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခြင်းဖြစ်ပြီး ဇွန် ၂ ရက်က ဆိုင်ကယ်ကယ်ရီဖြင့် ဈေးသွားဝယ်စဉ် ၎င်းစီးလာသော ဆိုင်ကယ်ကို နောက်က ကားတိုက်ရာ အပြင်းအထန် ဒဏ်ရာရသောကြောင့် လန်ကာဝီဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေစဉ် ဇွန် ၈ ရက်တွင် ဆေးရုံ၌ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကားသမားကလည်း မောင်းပြေးသွားတယ်။ သူကဒီမှာ ဆွေမျိုးလည်းမရှိဘူး။ နေတာလည်းကြာပြီ။ မြန်မာနိုင်ငံက မိသားစုကိုလည်းဆက်သွယ်မရဘူး။ သူဆုံးတော့ ဆေးရုံမှာပေးရမယ့် ဆေးဖိုးက ရင်းဂစ် ခုနစ်ထောင်ကျော်တယ်။ အဲဒီတော့ မပေးနိုင်ဘူးဆိုတော့ သင်္ဂြိုဟ်ဖို့က အခက်အခဲဖြစ်နေခဲ့တာ။ သူ့အသိတွေကလည်း မပေးနိုင်ဘူး" ဟု ၎င်းက ပြောသည်။

အဆိုပါ သတင်းကိုကြားသိသော မလေးရှားနိုင်ငံ နဂရီဆင်ပီလန်းခရိုင် ဆရင်ဗန်းမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်း ဗောဓိဥယျာဉ်ကျောင်းဆရာတော်က လန်ကာဝီကျွန်းရှိ မြန်မာနိုင်ငံသားများနှင့် မြို့ခံများကို ညှိနှိုင်းတိုင်ပင်ကာ အလှူငွေ ကောက်ခံပြီး ဆေးရုံစရိတ်ပေးကာ ဇွန် ၂၁ ရက်တွင် အဆိုပါကျွန်း၌ပင် မီးသင်္ဂြိုဟ်နိုင်ခဲ့ကြောင်း သိရသည်။

"လန်ကာဝီကျွန်းက သူ့မိတ်ဆွေတွေလည်း အလှူငွေထည့်ကြပါတယ်။ ဒါပေမဲ့ ဆေးရုံစရိတ်သာရပြီး မီးသင်္ဂြိုဟ်မယ့် ကိစ္စအတွက် ရင်းဂစ်သုံးထောင့်ငါးရာလိုနေသေးတဲ့အခါ နာရေးကုမ္ပဏီကို ဒီအကြောင်းရှင်းပြတော့ ကုမ္ပဏီဘက်ကနေ တစ်ပြားမှ မယူဘဲ ကူညီပေးသွားခဲ့ပါတယ်" ဟု ဦးစန်းဝင်းက ပြောသည်။

Htet Oo Maung

ပန်းတနော်မြို့နယ်၌ လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံစစ်ဆေး

ပန်းတနော် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှုရှိ/မရှိကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ရှောင်တခင်လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများသည် ပန်းတနော်မြို့နယ်အတွင်းရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီပြတ်လပ်မှု မရှိစေရေး၊ စက်သုံးဆီ ဈေးနှုန်းမှန်ကန်စွာရောင်းချမှု ရှိ/ မရှိ၊ အကန့်အသတ်ဖြင့်ရောင်းချမှု ရှိ/မရှိ၊ ချိန်တွယ်မှန်ကန်မှု ရှိ/မရှိ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် စက်သုံးဆီသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၆-၂၀၂၄ တနင်္လာနေ့

MRTV HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ မင်းကွန်းဆရာတော်ဘုရားကြီးဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ "သဘာဝတရားဆီသို့အလည်သွားခြင်း" (စိတ်ကူးကောင်းသောဗိသုကာငှက်လေးများ)
- ၀၉:၁၅ တောင်သူဘဝမြှင့်တင်ဖို့စနစ်တကျလယ်မြေဖော်ထုတ်ကြပါစို့
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ဘဝနှင့်အနုပညာ "ဂီတဥယျာဉ်ထဲကနှင်းဆီမလေး" (တက္ကသိုလ်လှဲ့လှဲ့)(အပိုင်း-၁)
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) 'ဆုတောင်းပြည့် ကြယ်တာရာစတာလာ' (အပိုင်း-၇၀)(ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၅:၄၀ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၆:၄၅ မျိုးဗီဇတင့်စေဆိုကရေးတီးအမွေ
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မျှော်လင့်ခြင်းအိပ်မက်' (အပိုင်း-၂၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၀)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ "လျှို့ဝှက်လရောင်" (အပိုင်း-၁၂)

mitv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:09 Let's go to....Natural Paradise
- 07:40 Swiftlet BirdS (Aerodramus Fuciphagus) (Part-I)
- 08:01 News
- 08:26 Asia Updates; Solar Flares
- 08:41 Myanmar Childhood Games (Episode-3)
- 08:51 People's Military Service Law 2
- 09:01 Mt. Taung Pu La
- 09:32 Daingnak Style
- 09:45 Mogok, Ruby Land
- 10:01 News
- 10:26 Topical Topics (No. 21) Some Fish Options for One's Health
- 10:32 Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung)

MRTV NRC

ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)
သံလွင်မြစ်တစ်ဖက်ကမ်းမှ မိုးသားမဲ့ကောင်းကင်

ဝ (၀၈:၀၀ မှ ၁၀:၀၀)
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

ကချင် (၁၀:၀၀ မှ ၁၂:၀၀)
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

ကယား (၁၂:၀၀ မှ ၁၄:၀၀)
လီဆူတိုင်းရင်းသားတို့ စံပျော်ရာ အိုင်စန့်ကျေးရွာ

ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)
တောင်ပေါ်သူလေးရဲ့ရိုးရာဟင်းလျာ

အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)
နှလုံးသားလေး ဒုံးယိမ်းက(ဇာတ်လမ်းတို)

ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)
ပြည်ထောင်စုရဲ့အလှပန်းတစ်ပွင့် ချင်းရိုးရာ "ခွါနိုကြွပွဲတော်"

ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)
တောင်ပေါ်ဒေသချောင်းကလေးမှ

မွန် (၁၉:၀၀ မှ ၂၁:၀၀)
အလှပြာဝေရာမညမြေ(ဒေသအလှ၊ ဝေလှေ့ရိုးရာ ထုတ်ကုန်များ)

ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)
မြို့ပဒေသာ(မောင်သာလှနှင့်လည်လွှန်းတဲ့ဘီး)

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကမ္ဘာ(LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို "ကိုယ်နှင့်မဆိုင်သော်လည်း"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၀:၃၀ "ရှေ့သို့ချီမည်....ပန်းတိုင်ဆီ" (အပိုင်း-၃၃)
- ၁၈:၀၀ Economic review "Digital Economy and lieracy"

MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ဆည်ရေစနစ်တကျသုံးစွဲဖို့ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ထူထောင်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ The Batman (Ep-1) (နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ A Complete Guide to Digging & Planting Your First Vegetable Garden: Tomatoes, Peppers & Herb
- ၂၃:၃၀ The Seeds We Sow

MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Max
- ၀၇:၄၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

မြင်းခြံမြို့နယ် မြင်းခြံ-မကျီးသမျှားသွား ကားလမ်းပေါ်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်၍ ဆရာတော် တစ်ပါး ပျံလွန်တော်မူခဲ့ရပြီး အပြစ်မဲ့ပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၃

၂၀၂၄ ခုနှစ် ဇွန် ၂၃ ရက် နံနက် ၀၀း၁၅ နာရီခန့်တွင် မြင်းခြံမြို့နယ်၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ မြင်းခြံမြို့နယ် မကျီးသမျှားကျေးရွာ၏ မြောက်ဘက် မြင်းခြံ-မကျီးသမျှားသွား ကားလမ်းတွင် မော်တော်ယာဉ် တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်၍ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ အခင်းဖြစ်ရာသို့ ဇွန် ၂၃ ရက် နံနက် ၀၀း၅၀ နာရီခန့်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များ ပါဝင်သော လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် မြင်းခြံမြို့နယ် စခမကျေးရွာ မြတ်ပုညပရဟိတအသင်း တံဆိပ်ပါ NOAH ခဲရောင်(နံပါတ်မပါ) မော်တော်ယာဉ်ပေါ်၌ မြင်းခြံမြို့နယ် စခမကျေးရွာ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဥတ္တမ သက်တော်(၅၀) ဝါတော်(၁၂)ဝါတွင် ဝဲနံဘေးကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲချိုစောင်း ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ယာနောက်ကျော ကျည်ဖောက်ဝင် ဒဏ်ရာ နှစ်ချက်တို့ဖြင့် ပျံလွန်တော်မူနေသည်ကို တွေ့ရှိရပြီး ဦးအောင်မျိုးသောင်း ၄၀ နှစ်(ဘ)ဦးအောင်သောင်း စခမကျေးရွာနေသူတွင် ဝဲဒူးခေါင်းအထက် ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲနားနောက် ပေါက်ပြဲဒဏ်ရာ တစ်ချက်ရရှိနေသည်ကို တွေ့ရှိရပြီး မောင်းနှင်လာသည့် မော်တော်ယာဉ်၏ အမိုးပေါ်တွင် လုံခြုံရေးမီးတန်းပုံစံပါရှိသဖြင့် လုံခြုံရေးယာဉ်အဖြစ် မှားယွင်းပစ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ဖြစ်စဉ်ကို စိစစ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၂၂ ရက် ည ၁၀ နာရီခန့်တွင် စခမကျေးရွာနေ မဝင့်ဝါအေး အသက်(၂၈) နှစ်(ဘ)ဦးအေးသောင်းသည် ဗိုက်အောင့်ဝေဒနာ ခံစားနေရသည့်အတွက် စခမကျေးရွာ မြတ်ပုည ပရဟိတအသင်းယာဉ်ဖြင့် ဘဒ္ဒန္တ ဥတ္တမက မောင်းနှင်ပြီး အဖော်အဖြစ် ဦးအောင်မျိုးသောင်းကို ခေါ်ဆောင်၍ ထွက်လာခဲ့ကြောင်း၊ ထို့နောက် မဝင့်ဝါအေးအား မြင်းခြံမြို့ အမှတ်(၇)ရပ်ကွက်ရှိ ဖခင်ဖြစ်သူ ဦးအေးသောင်းနေအိမ်သို့ ပို့ဆောင်၍ စခမကျေးရွာသို့ ပြန်လည်ထွက်ခွာလာခဲ့ရာ မြင်းခြံ-မကျီးသမျှားသွားကားလမ်း ဖြစ်စဉ်နေရာအနီးအရောက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်း၏ ပြောဆိုချက်အရ သိရသည်။

အဆိုပါဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်နှင့် ဒဏ်ရာရရှိသူတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁ နာရီ ၃၀ မိနစ်ခန့်တွင် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မြင်းခြံမြို့နယ် စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဥတ္တမနှင့် ဦးအောင်မျိုးသောင်းတို့ကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်ပြပုံ။

PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပျံလွန်တော်မူခဲ့သည့် မြင်းခြံမြို့နယ် စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဥတ္တမ။

"မြတ်ပုည" ပရဟိတအသင်း မော်တော်ယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်း။

ရှမ်းယူနိုက်တက်အသင်းကစားသမားများကို တွေ့ရစဉ်။

❖ အာဆီယံမှ

ခြေစစ်ပွဲ Play-off ပွဲစဉ်များအဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကီအသင်း၊ လာအိုကလပ် Young Elephant အသင်းနှင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက နောက်ဆုံးအဆင့် အုပ်စု (က)တွင် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်း၊ ဗီယက်နမ်ကလပ်ထန်ဟွာအသင်း၊ မလေးရှားကလပ် တီရန်ဂါနူးအသင်း၊ အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ခြေစစ်ပွဲအောင်မြင်သည့် နောက်အသင်းတို့နှင့် ကျရောက်မည်ဖြစ်သည်။ အုပ်စု (ခ) တွင်မူ ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်း၊ မလေးရှားကလပ် ကွာလာလမ်ပူစီးတီးအသင်း၊ ဗီယက်နမ်ကလပ် ဟန္နိုင်းအသင်း၊ အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ဖိလစ်ပိုင်ကလပ် ကာယာအသင်း၊ စင်ကာပူကလပ် Lion City Sailors အသင်းတို့ ပါဝင်နေသည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ပြည်ပပြိုင်ပွဲ နှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံကလပ်ပြိုင်ပွဲအပြင် AFC Challenge League ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီ ပထမဆုံးပြည်တွင်းပြိုင်ပွဲဖြစ်သည့် MNL League Cup ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိထားသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး

မြန်မာနိုင်ငံ ပညာရေးလောကဦးသျှောင် ဆရာကြီး ဒေါက်တာသန်းဦး ကွယ်လွန်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဝိဇ္ဇာ သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)၊ ပညာတန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အမျိုးသားစာပေ တစ်သက်တာဆု(၂၀၂၂ ခုနှစ်)၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု(၂၀၁၈ ခုနှစ်)နှင့် အမျိုးသား စာပေဆုရှင် ဝဏ္ဏကျော်ထင် ဆရာကြီး ဒေါက်တာ သန်းဦး(ပြည်စိုးမင်း)သည် အင်းစိန်မြို့နယ် လမ်းသစ်လမ်း နေအိမ်တွင် ဇွန် ၂၃ ရက်က ကွယ်လွန် သွားကြောင်း သိရသည်။

အမျိုးသားစာပေဆုရှင်ဝဏ္ဏကျော်ထင်ဆရာကြီး ဒေါက်တာသန်းဦး(ပြည်စိုးမင်း)ကို အဘ ဦးဘိုးသောင်၊ အမိ ဒေါ်အိုတို့က ၁၉၂၈ ခုနှစ် ဧပြီ ၁၃ ရက်တွင် ပြည်မြို့ ချောင်းနားတန်းရပ်၌ မွေးဖွားသည်။

ပြည်မြို့ အမျိုးသားအထက်တန်းကျောင်း တွင် ပညာသင်ကြားခဲ့ပြီး နိုင်ငံတော်တန်းမြင့် ကျောင်းတွင် ဆက်လက်ပညာသင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ(အီးဒီ) ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာဖြင့် ပထမရရှိပြီး ၁၉၆၃ ခုနှစ်တွင် M.Ed ဘွဲ့ကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်မှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ သည်။

၁၉၅၄ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ပုတီးကုန်းမြို့ နှင့် အုတ်ဖိုမြို့တို့ရှိ အထက်တန်းကျောင်းများနှင့် ပုသိမ်ဆရာအတတ်သင်ကျောင်းတို့တွင် ကျောင်းအုပ် ကြီး၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ မြန်မာနိုင်ငံ ပညာရေးသုတေသနဗျူရိုတွင် ဥက္ကဋ္ဌ၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အခြေခံပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်၊ ၁၉၈၉ ခုနှစ်တွင် ပညာရေး ဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်သမ္မတ၏ ပညာရေး အကြံပေးအဖွဲ့တွင် အဖွဲ့ဝင်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ပညာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင် နေစဉ်အတွင်း နိုင်ငံတော်၏ တာဝန်ပေးအပ်မှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြင်သစ်၊ သီရိလင်္ကာ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဆိုဗီယက်ဆိုရှယ် လစ်သမ္မတနိုင်ငံ၊ အမေရိကန်၊ အင်ဒိုနီးရှားနှင့် ဟန်ဂေရီနိုင်ငံတို့သို့ ပညာရေး၊ လေ့လာရေးခရီးများ သွားရောက်ခြင်း၊ ဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများစွာကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်း သဘင်တွင် B.Ed စာမေးပွဲ၌ ပထမရသဖြင့် မဟာ သရေစည်သူ ဒေါက်တာဘဦး၏ ရွှေတံဆိပ်ဆု၊ ၁၉၉၉ ခုနှစ်တွင် အမျိုးသားစာပေဆု၊ ၂၀၁၅ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်၌ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့၊ အမေရိကန် ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်၏ (၁၀၄)ကြိမ် မြောက် ဘွဲ့နှင်းသဘင်တွင် ဂုဏ်ထူးဆောင်လူမှုရေး အကျိုးပြု စာပေပါရဂူဘွဲ့၊ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ၂၀၁၈ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေတစ်သက်တာစာပေဆုတို့ ချီးမြှင့်ခံခဲ့ရသည်။



ဆရာကြီး ဦးသန်းဦးသည် မြန်မာနိုင်ငံ ပညာရေး လောက၏ဦးသျှောင် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံပညာရေးလောက ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ယခု အသက် ၉၇ နှစ်တိုင် ဘဝတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပညာရှင်ကြီးဖြစ်ပါ သည်။ ကြေးမုံ

ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်းဆင်းပွဲ ပြုလုပ်

နေပြည်တော် ဇွန် ၂၃

မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံးအသင်း(MIAC) တရားဝင် တည်ထောင်ထားသော Myanmar International Arbitration Centre(MIAC)Incorporated အသင်းကြီးက ဖွင့်လှစ်သင်ကြားပို့ချ

ပေးခဲ့သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်း(An Introduction to Mediation and Arbitration Course) သင်တန်းအမှတ်စဉ်(၈) ဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့် အမှတ်(၄၉)တတိယအထပ်ရှိ MIAC(ဗဟို)သင်တန်းခန်းမ၌ ဇွန်၂၂ ရက် မွန်းလွဲ ၃ နာရီက ပြုလုပ်သည်။

သင်တန်းဆင်းပွဲသို့ MIAC (ဗဟို)အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် MIAC(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်း ကိုယ်စား သင်တန်းတာဝန်ခံဆရာကြီး ဦးကျူးခေါင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဗဟိုဘဏ္ဍာရေးမှူး ဦးရဲညွှန့်က မှာတာစကားပြောကြားသည်။ သင်တန်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ(၂၀၁၆)၊ တရားမကျင့်ထုံးဥပဒေ ပုဒ်မ-၈၉(က)၊ တရားရုံး၏စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာ၊ ပဋိညာဉ်အက်ဥပဒေဆိုင်ရာ ဂီတမူပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ၊ IT ပညာရပ်ဆိုင်ရာ အငြင်းပွားမှုများ၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ခြားနားချက်များကို သင်ကြားပို့ချပေးခဲ့သည်။ တင်ဝင်းတင်

ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကျောက်တန်း ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပါဒကြီးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောက်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ပါဒကြီးကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၂၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၁ မိုင် ၁ ဒသမ ၉၈ ဖာလုံနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ပါဒကြီးကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၇၂၄ အိမ်၊ လူဦးရေ ၂၈၃၀ တို့၏ လယ်ယာဧက ၁၀၀၀ ကျော်မှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ၂၂၂

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၆-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၅၈၀	၂၆၅၅	၂၆၃၅	၂၅၉၀	၂၆၆၀	၂၆၇၀	၂၆၈၀	၂၆၄၀	၂၇၇၀	၂၈၀၀	၂၆၄၅	၂၆၆၀	၂၆၉၅	၂၆၈၅	၂၆၉၅	၃၁၀၅	၃၇၀၀
95 Ron	၂၇၁၅	၂၇၉၅	၂၇၇၀	၂၇၂၅	၂၇၉၅	၂၈၀၅	၂၈၂၀	၂၇၇၅	၂၉၀၅	၂၉၃၅	၂၇၈၀	၂၇၉၅	၂၈၃၀	၂၈၂၀	၂၈၃၀	၃၂၄၀	၃၈၅၀
HSD (500 ppm)	၂၄၂၀	၂၅၀၀	၂၄၇၅	၂၄၃၀	၂၅၀၀	၂၅၁၅	၂၅၂၅	၂၄၈၀	၂၆၁၀	၂၆၄၀	၂၄၉၀	၂၅၀၅	၂၅၃၅	၂၅၂၅	၂၅၃၅	၂၉၄၅	၃၈၀၀
HSD (50 ppm)	၂၈၅၀	၂၉၃၀	၂၉၀၅	၂၈၆၀	၂၉၃၀	၂၉၄၅	၂၉၅၅	၂၉၁၀	၃၀၄၀	၃၀၇၀	၂၉၂၀	၂၉၃၅	၂၉၆၅	၂၉၅၅	၂၉၆၅	၃၃၇၅	၃၈၀၀
HSD (10 ppm)	၂၈၅၀	၂၉၃၀	၂၉၀၅	၂၈၆၀	၂၉၃၀	၂၉၄၅	၂၉၅၅	၂၉၁၀	၃၀၄၀	၃၀၇၀	၂၉၂၀	၂၉၃၅	၂၉၆၅	၂၉၅၅	၂၉၆၅	၃၃၇၅	၃၈၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၃၇	၂၅၁၉
95 Ron	၂၅၆၉	၂၆၅၄
HSD (500 ppm)	၂၂၈၄	၂၃၅၉
HSD (50 ppm)	၂၇၀၀	၂၇၈၄
HSD (10 ppm)	၂၇၀၀	၂၇၈၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၂၃

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။ မိုး/ဇလ

မသိသူကျော်သွား သိသူဖော်စား လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ

၂၀၂၄ ခုနှစ် ဧပြီလဆန်းမှစပြီး အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများလက်စွဲစာအုပ်၊ ၂၀၂၁-၂၀၂၄ ခုနှစ် (Handbook on Human Resources Development Indicators, 2021–2024 – HRDI) ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ စာအုပ်ထွက်ရှိမှာကို စောင့်မျှော်နေကြသူတွေ၊ အညွှန်းကိန်းအသုံးပြုနေကြသူ (user) တွေက သိရှိပြီးဖြစ်ပေမယ့် မသိသေးတဲ့သူတွေအတွက် သိရှိစေဖို့ မျှဝေပေးခြင်း ဖြစ်ပါတယ်။

အေးမွန်(လေဘာ)

လွန်ခဲ့တဲ့ တစ်လခန့်က ထိုင်းနိုင်ငံ Khon Kaen မြို့မှာရှိတဲ့ Mekong Institute မှာ Regional Cooperation Training တက်နေတဲ့ ကျွန်မရဲ့ မိတ်ဆွေက နိုင်ငံအလိုက် မိမိနိုင်ငံအကြောင်း Presentation ပြုလုပ်ရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ Data တွေကို ရှာဖွေရာမှာ ပေးထားတဲ့အချိန်ကလည်းနည်း၊ အခြားသင်ခန်းစာတွေလည်းရှိ၊ စာရှာချိန်မရဘူးလို့ Online ကနေ စကားပြောရင်း ညည်းပြနေတာနဲ့ ကျွန်မက **"ငါတို့နိုင်ငံရဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း ၆၂ ခုရဲ့ အချက်အလက်ကိန်းဂဏန်း Data တွေ ခြောက်နှစ်စာ ပါရှိတဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ဖတ်ကြည့်လိုက်၊ အဲဒီစာအုပ်မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိန်းဂဏန်းစတဲ့ အချက်အလက်တွေကို ခြောက်နှစ်စာ ဖော်ပြထားတယ်။ အဲဒီ အချက်အလက်တွေနဲ့ နင် Presentation ပြောလို့ လွယ်သွားပြီလို့"** အကြံပြုလိုက်ပါတယ်။

မကြာခင်မှာ Presentation အောင်မြင်စွာပြီးစီးကြောင်း၊ ကျွန်မကို ကျေးဇူးတင်ကြောင်း၊ သူ့ရဲ့ Presentation မှာ Reference အဖြစ် ၂၀၂၀-၂၀၂၁ ခုနှစ် HRDI စာအုပ်ရရှိနိုင်တဲ့ ကျွန်မတို့ဝန်ကြီးဌာန Website လိပ်စာ www.mol.gov.mm ကို ထည့်သွင်းဖော်ပြပေးခဲ့ကြောင်း၊ အခြား မဲခေါင်နိုင်ငံများမှ သင်တန်းသားတွေလည်း ကျွန်မမိတ်ဆွေရဲ့ Presentation ကို စိတ်ဝင်စားကြကြောင်း Message ပို့လာခဲ့ပါတယ်။ အဲဒီစာအုပ်ကတော့ မနှစ်က (၂၂) ကြိမ်မြောက်ထုတ်ဝေခဲ့တဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ (HRDI)လက်စွဲစာအုပ် ဖြစ်ပါတယ်။

HRDI စာအုပ်ရဲ့ အသုံးဝင်မှု

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ (HRDI) လက်စွဲစာအုပ်ကို အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ၁၉၉၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ရာမှာ ၂၀၂၁-၂၀၂၄ စာအုပ် ထုတ်ဝေခြင်းဟာ (၂၃) ကြိမ်မြောက်အဖြစ် ထုတ်ဝေခြင်း ဖြစ်ပါတယ်။ ဒီစာအုပ်လေးဖြစ်ပေါ်လာပုံကို မနှစ်က (၂၂) ကြိမ်မြောက် HRDI စာအုပ်ထွက်ရှိစဉ်က သတင်းစာတွေမှာ ကျွန်မရေးသားခဲ့တဲ့ "စကားပြောနေသော အညွှန်းကိန်းများ" ဆောင်းပါးမှာ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့ပြီးဖြစ်လို့ ထပ်ပြီး မဖော်ပြလိုတော့ဘဲ ယခုဆောင်းပါးမှာ HRDI စာအုပ်ရဲ့ အသုံးဝင်မှုကို အလေးထားဖော်ပြသွားမှာ ဖြစ်ပါတယ်။

ယခင်က HRDI စာအုပ် ထုတ်ဝေဖြန့်ဝေရင် စာအုပ်ကို အညွှန်းကိန်းရဲ့ ကိန်းဂဏန်းတွေ ပို့ပေးတဲ့ဦးစီးဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေနဲ့ တက္ကသိုလ်၊ စာကြည့်တိုက်တွေကိုသာ ပေးပို့ဖြစ်ခဲ့ပါတယ်။ အခုနောက်ပိုင်း Digital ခေတ်မှာတော့ ဝန်ကြီးဌာန Website မှာပါ လွှင့်တင်ပေးထားတဲ့အတွက် ပြည်တွင်း/ပြည်ပ ဘယ်အရပ်ဒေသကမဆို လွယ်ကူလျင်မြန်စွာ HRDI စာအုပ်ကို ဖတ်နိုင်ပြီး စာအုပ်ပါ Data တွေကို အသုံးပြုနိုင်ပြီဖြစ်တဲ့အတွက် အထူးဝမ်းမြောက်စရာဖြစ်ပါတယ်။ စာအုပ်ရဲ့အသုံးဝင်ပုံကို သိရှိသူတွေက ပြည်ပခရီးစဉ်တွေ၊ ပြည်တွင်း/ ပြည်ပဆွေးနွေးပွဲတွေနဲ့ အစည်းအဝေးတွေ တက်ရောက်တဲ့အခါ HRDI စာအုပ်ကို အရင်က ယူဆောင်သွားရလေ့ရှိပါတယ်။ အခုအချိန်မှာတော့ ဘယ်နေရာကမဆို ကျွန်မတို့ဝန်ကြီးဌာန Website မှတစ်ဆင့် ကြည့်ရှုနိုင်တဲ့အတွက် Smart ဖုန်းတစ်လုံးပါရင်ပဲ အားလုံးအဆင်ပြေနေပြီ ဖြစ်ပါတယ်။ လက်စွဲစာအုပ်အဖုံးမှာ QR Code ထည့်သွင်းထားပြီး အလွယ်တကူ Website ကို ဝင်ရောက်လေ့လာနိုင်စေရန် ဆောင်ရွက်ထားပါတယ်။

ပုံမှန်အားဖြင့် HRDI လက်စွဲစာအုပ်မှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ သက်ဆိုင်တဲ့ အညွှန်းကိန်း ၆၂ ခုရဲ့ ခြောက်နှစ်စာ ကိန်းဂဏန်းအချက်အလက်တွေကို ဖော်ပြပါရှိပေမယ့် အခုစာအုပ်က ၂၀၂၁-၂၀၂၂ ခုနှစ်အတွက် ခြောက်လကြားကာလ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၂၂ -၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးအတွက်ပါပေါင်းပြီး ဘဏ္ဍာရေးကာလနှစ်ခုပေါင်း ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒီလိုဘဏ္ဍာရေးကာလ နှစ်ခုပေါင်း (၂၀၂၁-၂၀၂၃) ခုနှစ် ထုတ်ဝေခြင်းမှာလည်း အညွှန်းကိန်း အသုံးပြုသူတွေရဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ အညွှန်းကိန်းနဲ့ သက်ဆိုင်တဲ့ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေရဲ့ အကြံပြုချက်တွေအရ ပိုပြီး အထောက်အကူဖြစ်စေဖို့ ထည့်သွင်းဖော်ပြခဲ့ခြင်းလည်းဖြစ်ပါတယ်။

ကိန်းဂဏန်းအချက်အလက်တွေ တောင်းခံ

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းတွေက နှစ်စဉ်အဆိုပါ HRDI စာအုပ်ထုတ်ဝေနိုင်ဖို့ ပထမဦးစွာ စာအုပ်မှာပါရှိတဲ့ အညွှန်းကိန်းနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာန ၂၁ ခုအောက်ရှိ ဦးစီးဌာနနဲ့ အဖွဲ့ ၄၄ ခု၊ တက္ကသိုလ်/ကောလိပ် လေးခု၊ အသင်းအဖွဲ့ နှစ်ခု၊ ကော်မတီတစ်ခုတို့ကို ကိန်းဂဏန်းအချက်အလက်တွေ တောင်းခံရပါတယ်။

ရရှိလာတဲ့ ကိန်းဂဏန်းအချက်အလက်တွေကို ပြုစုပြီးနောက် HRDI လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (Core Working Group–CWG) အစည်းအဝေး ပြုလုပ်ပြီး အစည်းအဝေးမှာ ပထမမူကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေး၊ ညှိနှိုင်း၊ အတည်ပြုခြင်းတွေ ဆောင်ရွက်ရပါတယ်။ ဆက်လက်ပြီး စာအုပ်ထုတ်ဝေနိုင်ဖို့အတွက် ဒုတိယမူကြမ်းနဲ့ ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကိုတော့ CWG အဖွဲ့ဝင်တွေသာမကဘဲ စာအုပ်ပါ အညွှန်းကိန်းနဲ့သက်ဆိုင်တဲ့ ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေက ကိုယ်စားလှယ်တွေပါ ဖိတ်ကြားပြီး အကြံပြုချက်တွေ၊ ဆွေးနွေးချက်တွေကို ရယူပြီးနောက် ပြင်ဆင်အတည်ပြုကာ နောက်ဆုံးမူကြမ်းကို အလုပ်သမားဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလ လူစုလူဝေးနဲ့ အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ခွင့်မရှိတဲ့ ကာလတွေမှာတောင် HRDI လက်စွဲ

စာအုပ်နှစ်စဉ်ထုတ်ဝေနိုင်ရေး အညွှန်းကိန်းနဲ့ သက်ဆိုင်တဲ့ ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေ၊ CWG အဖွဲ့ဝင်တွေဆီ သဘောထားမှတ်ချက်တွေ ပေးပို့၊ အကြံပြုချက်၊ ဆွေးနွေးချက်၊ ပြင်ဆင်အတည်ပြုချက်တွေရယူပြီး စာအုပ်ထွက်ရှိနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီ HRDI စာအုပ်ပါ ကိန်းဂဏန်းတွေက သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၊ ကော်မတီတွေက ပြုစု/တွက်ချက်ထားရှိတဲ့အညွှန်းကိန်းတွေရဲ့ အချက်အလက် ကိန်းဂဏန်းတွေ၊ စစ်တမ်း၊ သန်းခေါင်စာရင်းတွေမှ ကိန်းဂဏန်းတွေ ဖြစ်ကြပါတယ်။ ဒါ့အပြင် စာအုပ်မှာ အညွှန်းကိန်းနဲ့ သက်ဆိုင်တဲ့ အဓိပ္ပာယ်ဖော်ပြချက်တွေ၊ တွက်ချက်မှုတွေ (Glossary, Definition and Methodology)၊ ကိန်းဂဏန်း ရရှိတဲ့အရင်းအမြစ်တွေကို အောက်ခြေမှတ်ချက် foot note တွေနဲ့ ခိုင်မာစွာဖော်ပြထားပြီး စာအုပ်ကို လွယ်ကူစွာအသုံးပြုနိုင်ဖို့ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ ထုတ်ဝေထားခြင်းဖြစ်ပါတယ်။

ခြောက်နှစ်စာ ကိန်းဂဏန်းအချက်အလက်တွေ ထည့်သွင်းဖော်ပြထား

HRDI စာအုပ်မှာ မိမိတို့နိုင်ငံရဲ့ ဧရိယာအကျယ်အဝန်း၊ လူဦးရေပမာဏ၊ လူဦးရေသိပ်သည်းဆတွေ၊ မြန်မာနိုင်ငံရဲ့ လုပ်သားအင်အား၊ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ လုပ်သားအင်အားပါဝင်မှုနှုန်းတွေ၊ ကျန်းမာရေးဆိုင်ရာကဏ္ဍမှာ ကျန်းမာရေးဝန်ထမ်းနဲ့ လူဦးရေအချိုး၊ ဆေးရုံ၊ ဆေးခန်းအရေအတွက်၊ ပညာရေးဆိုင်ရာကဏ္ဍမှာ ကျောင်းနေနှုန်း၊ ဘွဲ့ရနဲ့ သက်မွေးပညာကျောင်းတွေရဲ့ သင်တန်းပြီးမြောက်သူ အရေအတွက်၊ စီးပွားရေးကဏ္ဍတွေမှာ ဂျီဒီပီ၊ ကဏ္ဍအလိုက် နိုင်ငံတော်အသုံးစရိတ်တွေ၊ အခြားကဏ္ဍတွေမှာ မြေယာအသုံးချမှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ သတင်းနဲ့ ပြန်ကြားရေးကဏ္ဍနဲ့ လူဦးရေနဲ့ မော်တော်ကားစီးရေအချိုး၊ တယ်လီဖုန်း၊ Mobile ဖုန်းသုံးစွဲသူ၊ အင်တာနက်သုံးစွဲသူအရေအတွက်၊ စာတိုက်မှ ဝန်ဆောင်မှုပေးမှု၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုအရေအတွက်၊ လူမှုဝန်ထမ်းဆိုင်ရာ သင်တန်းကျောင်းတွေ၊ စင်တာတွေ၊ မှုခင်းဖြစ်ပွားမှုအခြေအနေ၊ ပြည်သူလူထုရဲ့ ဆေးရုံတက်ရောက်ကုသရခြင်းနဲ့ သေဆုံးရခြင်းအကြောင်းရင်းတွေ စတဲ့ အဓိကအကြောင်းအရာတွေကို အသေးစိတ် ခြောက်နှစ်စာ ကိန်းဂဏန်းအချက်အလက်တွေ ထည့်သွင်းဖော်ပြထားပါတယ်။

အခြား စာရင်းအင်းနဲ့ပတ်သက်တဲ့ ဌာနတွေ၊ အဖွဲ့အစည်းတွေက နိုင်ငံရဲ့ သက်ဆိုင်ရာ စာရင်းအင်း ကိန်းဂဏန်းတွေကို နှစ်စဉ် စာအုပ်ထုတ်ဝေလျက်ရှိပေမယ့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းလက်စွဲစာအုပ်က စာရင်းအင်းကိန်းဂဏန်းအချက်အလက်တွေကို ခြောက်နှစ်စာ ဖော်ပြထားတဲ့အတွက် တစ်ပြိုင်တည်း နှိုင်းယှဉ်ကြည့်ရှုနိုင်ရုံမက အလွန်အသုံးဝင် ရည်ညွှန်းကိုးကားနိုင်တဲ့ အထောက်အထားခိုင်မာတဲ့စာအုပ် ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

အခြေအနေအရပ်ရပ်ကို သုံးသပ်နိုင်မှာဖြစ်

စာအုပ်မှာ ခြောက်နှစ်စာလူဦးရေ၊ ဖွားသေစာရင်းအင်း၊ ကျန်းမာရေးနဲ့ အာဟာရ၊ ပညာရေးနဲ့ လေ့ကျင့်မှု၊ လုပ်သားစာရင်းအင်း၊ စီးပွားရေး၊ စားသောက်ကုန်ထုတ်လုပ်မှုနဲ့ မြေယာအသုံးချမှု စတဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ ပတ်သက်တဲ့ အချက်အလက်ကိန်းဂဏန်းတွေကို အခန်းအလိုက် ဖော်ပြထားပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အတက်အကျ အနိမ့်အမြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်နိုင်မှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပညာရေးကဏ္ဍရှိ အညွှန်းကိန်းတွေကို လေ့လာကြည့်ပါက ၂၀၂၀/၂၀၂၁ ခုနှစ်မှာ ကျောင်းသားတွေ ကျောင်းတက်ရောက်မှု၊ ဘွဲ့ရရှိမှုအခြေအနေဟာ အရေအတွက် အလွန်နည်းပါးကြောင်း တွေ့ရမှာဖြစ်လို့ ဘာကြောင့်ဖြစ်သလဲဆိုတာကို အခြားအချိန်တွေနဲ့ နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့တဲ့ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ကြောင်း သုံးသပ်နိုင်မှာဖြစ်ပါတယ်။

အဲဒါကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ခြောက်နှစ်စာအညွှန်းကိန်းတွေကို လေ့လာပြီး ဖြစ်ပျက်ခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ကျဆင်းမှုတို့ကိုသုံးသပ်ပြီး အနာဂတ်အတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းတွေ ရေးဆွဲခြင်းကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်၊ ၂၀၂၁-၂၀၂၄ ခုနှစ် (Handbook on Human Resources Development Indicators, 2021–2024–HRDI) ဟာ ဝန်ကြီးဌာနတွေ၊ အစိုးရဌာနဆိုင်ရာတွေ၊ NGO၊ INGO တွေ၊ တက္ကသိုလ်၊ ကောလိပ်တွေ၊ ကျောင်းသား ကျောင်းသူတွေ၊ သုတေသီတွေအတွက် အထူးပင် အသုံးဝင်တန်ဖိုးရှိတဲ့ စာအုပ်တစ်အုပ် ဖြစ်လို့ မသိရှိသေးသောသူတွေအနေနဲ့ ကျော်သွားခြင်းတွေမဖြစ်စေဖို့နဲ့ အများပိုမိုသိရှိ အသုံးပြုနိုင်စေဖို့ မျှဝေလိုက်ရခြင်း ဖြစ်ပါတယ်။ ။

❝ စာအုပ်မှာ ခြောက်နှစ်စာလူဦးရေ၊ ဖွားသေစာရင်းအင်း၊ ကျန်းမာရေးနဲ့ အာဟာရ၊ ပညာရေးနဲ့ လေ့ကျင့်မှု၊ လုပ်သားစာရင်းအင်း၊ စီးပွားရေး၊ စားသောက်ကုန်ထုတ်လုပ်မှုနဲ့ မြေယာအသုံးချမှု စတဲ့လူ့စွမ်းအား အရင်းအမြစ်နဲ့ပတ်သက်တဲ့ အချက်အလက်ကိန်းဂဏန်းတွေကို အခန်းအလိုက် ဖော်ပြထားပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အတက်အကျ အနိမ့်အမြင့်အခြေအနေ အရပ်ရပ်ကို သုံးသပ်နိုင်မှာဖြစ် ❞

တွံတေးမြို့နယ်၌ လောကသရဖူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကျင်းပ

တွံတေး ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ညောင်ပိုင်းမယ်တော်ကြီးကျောင်းလမ်းတွင် လောကသရဖူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ ညောင်တံခါးဆရာတော်ကြီး ဘဒ္ဒန္တ သုမန၊ တွံတေးမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တနန္ဒာဘိဝံသ၊ ရွှေဘုန်းပွင့်ဆရာတော် ဘဒ္ဒန္တ အာလောက(နယ်လှည့်သာသနာပြု)၊ ရွှေတွံတေး ကြယ်တစ်ပွင့်ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ မဇ္ဈိမအိမ်ဆရာတော် ဘဒ္ဒန္တပညာသာမိတို့၏သြဝါဒကိုခံယူ၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး၊ တွံတေးခရိုင်ရဲတပ်ဖွဲ့မှူးတို့အားအမှူးထား၍ လောကသရဖူစေတီတော် (ဝဏ္ဏကမြေ) အလှူရှင် မယ်တော်ကြီး ဒေါ်မလေး (မိသားစု)၊ လောကသရဖူစေတီတော်ကြီး၏ မတည်အလှူရှင်နှင့်အသစ်ပြုပြင်တည်ထားကိုးကွယ်ရေး (နာယကကြီး) တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဦး၊ တွံတေးမြို့မစခန်းမှူး ဒုတိယရဲမှူးအောင်မျိုးနိုင်၊ ကွမ်းခြံရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ပေါင်းစုညီညာစွာဖြင့် အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်ပူဇော်ခြင်းဖြစ်သည်။ ရွှေထီးတော်တင်လှူပွဲကျင်းပရာ လောကသရဖူစေတီတော်မြတ်ကြီး ရွှေထီးတော်ကို အလှူရှင်အပေါင်းက စေတီတော်ကြီးကို သုံးပတ်လှည့်လည်ကာ ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်ကြသည်။

အဆိုပါစေတီတော်၏ဉာဏ်တော်အမြင့်မှာ ၄၅ ပေ ဖြစ်ကာရင်ပြင်တော်ပတ်လည်မှာ ၄၅ ပေကျယ်ဝန်းကြောင်းသိရသည်။

မျိုးလှိုင်(တွံတေး)

လဲချားမြို့နယ် သီရိမင်္ဂလာဓမ္မစကူးလ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

လဲချား ဇွန် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်၌ စတုတ္ထအကြိမ်မြောက် ဓမ္မစကူးလ်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉နာရီက သီရိမင်္ဂလာအင်္ဂကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမြင့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲထွန်းဦး၊ အထက(ခွဲ)နောင်မိန်းကျောင်းအုပ်ဆရာကြီး ဦးချမ်းငြိမ်းအောင်နှင့် ဓမ္မစကူးလ်အဖွဲ့ဝင် ဦးဝင်းမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမြင့်ဝေက အမှာစကားပြောကြားပြီး ဓမ္မစကူးလ်ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းသား သင်တန်းသူများက ဓမ္မစကူးလ်အဓိဋ္ဌာန် သုံးချက်ကို ရွတ်ဆိုကာ ဓမ္မစကူးလ်ကော်မတီအဖွဲ့ဝင် အတွင်းရေးမှူး ဦးဝင်းရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါဓမ္မစကူးလ်ဗုဒ္ဓဘာသာယဉ်ကျေး လိမ္မာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀၀ ကျော် တက်ရောက်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

နမ့်စန်တွင် GEC ပညာရေး ငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

နမ့်စန် ဇွန် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် GEC ပညာရေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကျင်းပသော နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်ရှိအခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) သရဖီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်က အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသင်းသား အသင်းသူများ၏ သားသမီးများထဲမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ရိုးရိုးအောင်မြင်သူ ငါးဦးနှင့်လူရည်ချွန် ရရှိသူ နှစ်ဦး စုစုပေါင်း ၁၀ ဦးကို တစ်ဦးလျှင် ပညာသင်ဆု ကျပ်သုံးသောင်းစီနှင့်ဂုဏ်ထူးရတစ်ဘာသာအတွက် ကျပ် ၁၀၀၀၀ စီကို ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် GEC ပညာရေးငွေစုငွေချေး သမဝါယမအသင်းမှ တာဝန်ရှိသူများက တက်ရောက်လာသော အသင်းသားများကို စုစုပေါင်း ငွေကျပ် သိန်း ၃၀ကျော်တန်ဖိုးရှိ ဇလာမပါ ငွေသား ကံစမ်းမဲများ မဲဖောက်၍ ပေးအပ်ပြီး အသင်းသား ၅၂၅ဦး ၏ ရှယ်ဆောင်ငွေပေါ်အတိုး စုစုပေါင်း ၁၂၇၇၆၃၂ ကျပ်ကို စနစ်တကျခွဲဝေထုတ်ပေးခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ဓမ္မနှင့်နေထိုင်ခြင်း

စာရေးသူ ဝေမိုး(ကျွန်းလှ) စီစဉ်ရေးသားသည့် ဓမ္မနှင့်နေထိုင်ခြင်း စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ ဆေးကောင်းနှင့်တူသောဓမ္မခေါင်းစဉ်ဖြင့် ဆေးကောင်းဝါးကောင်းသည် အနာရောဂါများကို ပျောက်ကင်းစေတတ်သည့်အတွက် လူတို့၏ ကိုးကွယ်အားထားရာဖြစ်သည်။ သတ္တဝါတို့တွင် ခန္ဓာကိုယ်မှဖြစ်ပွားသည့် ၉၆ ပါး ရောဂါဝေဒနာများအပြင် ကိလေသာဒုစရိုက်ခေါ် အနာရောဂါများ ဖြစ်ပွားလေ့ရှိကြသည်။ ကိလေသာကို အနာရောဂါဟု ခေါ်ဆိုခြင်းမှာ အနာရောဂါသည် ဖြစ်ပွားရာပုဂ္ဂိုလ်ကို ဒုက္ခပေးသကဲ့သို့ ကိလေသာသည်လည်း ဖြစ်ပွားရာပုဂ္ဂိုလ်ကို ဒုက္ခဆင်းရဲပေးတတ်ခြင်း တူညီသောကြောင့် ဖြစ်ပေသည်။

အနာရောဂါသည် ဤဘဝတွင်သာ ဒုက္ခပေးနိုင်၏၊ ဆေးကောင်းဝါးကောင်းများနှင့်တွေ့လျှင် ပျောက်ကင်းချမ်းသာနိုင်၏၊ ကိလေသာရောဂါကမူ ဤဘဝတွင်သာမက ဘဝအဆက်ဆက်တွင် ဒုက္ခပေးနိုင်သည်၊ ဆေးကောင်းဝါးကောင်းများနှင့် မည်သို့မျှ ကုစား၍မရနိုင်သောကြောင့်ဖြစ်၏။ အနာသိလျှင် ဆေးရှိသည်ဆိုသကဲ့သို့ မြတ်စွာဘုရားသည် ရောဂါဝေဒနာကို သိတော်မူသလို ရောဂါပျောက်ကြောင်း ဆေးကောင်းကိုလည်း သိတော်မူသည်။ ထိုရောဂါကား ၉၆ ပါးရောဂါထက် ပို၍ဒုက္ခပေးတတ်သော၊ ကိလေသာရောဂါဆိုသည့် အနာရောဂါကို ကုစားနိုင်သော ဓမ္မဆေးတော်ကြီးဖြစ်၏။

ရောဂါပျောက်ကင်းလို၍ အသက်ရှည်လိုသူသည် ဆရာပေးသည့် အာဟာရများ၊ ဆေးများကို တိကျစွာ စားသုံးလိုက်နာရသကဲ့သို့ အနာရောဂါပျောက်ကင်းလိုသူတို့သည် ဗုဒ္ဓ၏ဓမ္မဆေးတွင် ညွှန်ပြသည့်အတိုင်း ရှောင်သင့်သည်ကိုရှောင်၊ ဆောင်သင့်သည်ကိုဆောင်ရပေလိမ့်မည်။ ဗုဒ္ဓသည် ဆေးဆရာကြီးနှင့်တူပြီး ဓမ္မသည် ရောဂါပျောက်ကြောင်း ဆေးဝါးကောင်းနှင့်တူလေသည်။

စာအုပ်ကို သိရိရတနာစာပေ ဖုန်း (၂)လမ်း ဖုန်း-၀၉ ၇၇၇၆၃၈၈၀၀နှင့် ၀၉-၅၁၂၅၈၅တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။



မအေးတည်ငြိမ်က တံခါးဖွင့်ပေးခဲ့သည်

စာရေးသူ ရွှေနေမောင်ဝ ရေးသားသည့် မအေးတည်ငြိမ်က တံခါးဖွင့်ပေးခဲ့သည်စာအုပ် ထွက်ရှိလာသည်။

တရားခွင်လောက၌ နေ့စဉ်ကျင်လည်နေကြသော တရားသူကြီး၊ ဥပဒေအရာရှိ၊ ရှေ့နေများသည် လူထဲကလူများသာ ဖြစ်ကြသည်။ လူသားများဖြစ်၍ မှားတတ်ကြသူများဖြစ်ပါသည်။ အမှန်တရားကို စောင့်ထိန်းကာကွယ် ဆုံးဖြတ်ပေးနေသော တရားသူကြီးများလည်း မှားတတ်ကြောင်း ကြုံတွေ့ခဲ့ပုံများကို မျှဝေထားခြင်းဖြစ်သည်။

စာရေးသူသည် လူမျိုးပေါင်းစုံ၊ စရိုက်ပေါင်းစုံတို့နှင့် ဆုံခဲ့ရ၏။ ထိုအမှုသည်များအနက် အမှုစွဲဆိုပြီးနောက်၌ တရားခွင်သို့လာရောက်ရန် ဝန်လေးနေသူများနှင့် ဆုံခဲ့ဖူးသည်။ ရာဇဝတ်မှုခင်းတွင် တရားလိုသည် နိုင်ငံတော် ဖြစ်ပါသည်။ တရားမမှု၌ တရားလိုသည် ယေဘုယျအားဖြင့် ပြည်သူဖြစ်ပါသည်။ တရားမမှုတရားလိုသည် ရုံးချိန်းနေ့တိုင်းတွင် သက်ဆိုင်ရာတရားရုံး တရားခွင်ရှေ့သို့ ချိန်းဆိုထားသည့်အချိန်၌ ရောက်ရှိနေရန် တာဝန်ရှိပါသည်။ ပျက်ကွက်လိုပါက မိမိ၏ရှေ့နေမှတစ်ဆင့် တရားရုံးသို့ လိုအပ်သလို တင်ပြရပါသည်။ ပျက်ကွက်ရခြင်းအကြောင်းသည် ခိုင်လုံဖို့လိုပါ၏။ အမှုသည်တိုင်း သိသင့်သောအချက်ဟုယူဆ၍ တင်ပြပေးခြင်းဖြစ်သည်။

တရားမျှတမှုကိုအလိုရှိသူတိုင်းသည် အရာရာကို နှစ်ဖက်မျှတွေးတတ်ကြသည်။

စာအုပ်ကို ဝန်ချတောင်စာပေ တိုက် (၁၅) အခန်း (၂၂) အင်းဝအိမ်ရာ (၆၆) ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉- ၂၅၀၂၀၅၀၅၄ နှင့် ၀၉ - ၉၇၁၇၂၄၆၅ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

စာဖတ်ခြင်းနှင့် ကျန်းမာရေး

ဒေါက်တာဇေယျာဝင်း

စာဖတ်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပါသည်။ စာဖတ်ခြင်းဖြင့် ဦးနှောက်ကို အားကောင်းစေခြင်း၊ တခြားသူအပေါ် စာနာနားလည်နိုင်စွမ်း မြင့်မားလာခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချခြင်းနှင့် ဝေါဟာရအသုံးအနှုန်း ကြွယ်ဝလာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

၁၁ ရာစုတွင် Murasaki Shikibu ဟု လူသိများသော ဂျပန်အမျိုးသမီးတစ်ဦးသည် ကမ္ဘာ့ပထမဆုံး ဝတ္ထုဟု ယူဆနိုင်သည့် အခန်း ၅၄ ခန်းပါသော "Genji ပုံပြင်–The Tale of Genji" အမည်ရှိ အချစ်ဝတ္ထုကိုရေးသားခဲ့သည်။ နှစ်ပေါင်း ၁၀၀၀ ကျော်ကြာပြီးနောက် ယနေ့ခေတ်တွင် ဝတ္ထုဇာတ်လမ်းများကို လက်ကိုင်ဖုန်း၊ တက်ဘလက်များပေါ်တွင် အလွယ်တကူဖတ်ရှုနိုင်ပြီး အလွယ်တကူ ပျောက်ကွယ်သွားလေ့ရှိသည့်တိုင် ကမ္ဘာပေါ်ရှိ လူများသည် ဝတ္ထုများကို စွဲစွဲလမ်းလမ်း ဖတ်ရှုနေကြဆဲဖြစ်သည်။

အဓိကအချက်များ

လူသားသည် စာအုပ်ဖတ်ခြင်းမှ မည်သည့် အကျိုးကျေးဇူးကို တိတိပပ ရရှိစေနိုင်သနည်း။ ပျော်ရွှင်ဖွယ်၊ စိတ်ကျေနပ်ဖွယ် တစ်ခုတည်းပေလော။ သို့တည်းမဟုတ် ထိုထက်မကသော အကျိုးကျေးဇူးတရားများ ရရှိနိုင်ပါသေးသလော။ ထိုမေးခွန်းကို သိပ္ပံနည်းကျ ဖြေဆိုရလျှင် **"ဟုတ်ကဲ့၊ ရရှိနိုင်ပါသည်"**ဟုပင် ဖြစ်ပေလိမ့်မည်။ စာအုပ်ဖတ်ခြင်းသည် သင်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုပြီး ထိုအကျိုးကျေးဇူးများသည်လည်း တစ်သက်တာ တည်တံ့နိုင်ပါသည်။ ငယ်ရွယ်စဉ် ကလေးဘဝမှစတင်ကာ သက်ကြီးပိုင်းရောက်လာသည်အထိ စာဖတ်ခြင်းမှ ရရှိသည့် အကျိုးကျေးဇူးများမှာ စိတ်နှင့် ခန္ဓာကို ဆက်လက်အထောက်အကူပြုနေကြဆဲ ဖြစ်သည်။

ဦးနှောက်ကို အားကောင်းစေခြင်း

စဉ်ဆက်မပြတ် တိုးတက်လာသော သုတေသနအမျိုးမျိုး၏ တွေ့ရှိချက်များအရ စာဖတ်ခြင်းသည် လူတို့၏စိတ်ကို အမှန်တကယ်ပြောင်းလဲစေကြောင်း ညွှန်ပြနေပါသည်။ သုတေသီများက MRI စကင်န်ဖတ်ခြင်းကို အသုံးပြု၍ ဦးနှောက်အတွင်းရှိ ရှုပ်ထွေးသော ဆားကစ်များနှင့် အချက်ပြမှုများရှိနေကြောင်းကို တွေ့ရှိခဲ့ရသည်။ စာဖတ်အား ရင့်သန်လာသည်နှင့်အမျှ အဆိုပါ ဆားကစ်ကွန်ရက်များသည် တဖြည်းဖြည်း ပိုမိုအားကောင်းလာပြီး ပိုမိုစနစ်တကျ အလုပ်လုပ်ဆောင်လာနိုင်သည်ကို တွေ့ရှိရကြောင်းလည်း ဆိုပါသည်။

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုတွင် သုတေသီများသည် ဦးနှောက်အတွင်း ဝတ္ထုဖတ်ခြင်း၏ အကျိုးသက်ရောက်မှုကို တိုင်းတာရန်အတွက် MRI စကင်န်များကို အသုံးပြုခဲ့ကြသည်။ အဆိုပါသုတေသနအတွင်း ပါဝင်သူများအား အီတလီနိုင်ငံရှိ Mount Vesuvius မီးတောင်ပေါက်ကွဲမှု ဖြစ်ရပ်မှန်ကိုအခြေခံ၍ စိတ်ကူးယဉ်ရေးသားထားသော စိတ်လှုပ်ရှားဖွယ်စွန့်စားခန်းများ ပါဝင်သည့် **"Pompei"** ဝတ္ထုကို ကိုးရက်တာ ဖတ်ရှုစေခဲ့သည်။ ဝတ္ထုဇာတ်ရှိန်တက်လာသည်နှင့်အမျှ စာဖတ်သူများ၏ ဦးနှောက်အစိတ်အပိုင်းများ လှုပ်ရှားမှုပိုမိုမြန်ဆန်လာပြီး ပိုမိုဉာဏ်အလင်းပွင့်လာသည်ကို တွေ့ရှိခဲ့ရသည်။

ဦးနှောက်စကင်န်ဖတ်ခြင်း ပြုလုပ်နေစဉ်ကာလ တစ်လျှောက်လုံးနှင့် နောက်ပိုင်းရက်များတွင် ၎င်းတို့၏ ဦးနှောက်ချိတ်ဆက်မှုတိုးတက်လာသည်ကို တွေ့ရှိရပြီး အထူးသဖြင့် လှုပ်ရှားမှုနှင့် နာကျင်ခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အာရုံခံစားမှုများကို တုံ့ပြန်သည့် ဦးနှောက်အစိတ်အပိုင်းဖြစ်သော Somatosensory Cortex ၏ တိုးတက်မှုကို မြင်တွေ့ခဲ့ရသည်။

စာနာနားလည်နိုင်စွမ်း တိုးတက်လာနိုင်ခြင်း

ရသစာပေကိုဖတ်ရှုသူများသည် စာနာနားလည်နိုင်စွမ်း ပိုမိုအားကောင်းသူများဖြစ်ကြောင်းကို တွေ့ရှိရသည်။ ဇာတ်ကောင်များ၏ အတွင်းကျကျ ဘဝနေထိုင်မှုများကို စူးစမ်းလေ့လာသည့် ဇာတ်လမ်းများကို ဖတ်ရှုခြင်းအားဖြင့် အခြားသူများ၏ ခံစားချက်နှင့် ယုံကြည်ချက်များကို နားလည်နိုင်စွမ်းမြင့်မားစေကြောင်း သုတေသနပြုချက်များအရ တွေ့ရှိရသည်။

သုတေသီများသည် ဤစွမ်းရည်ကို စိတ်သီအိုရီ (Theory of Mind) ဟု ခေါ်ဆိုကြပြီး လူမှုဆက်ဆံရေး တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုအစုတစ်ခုဖြစ်သည်။ ရသစာပေကို ဖတ်ရှုခြင်းတစ်ခုတည်းအားဖြင့် ဤခံစားချက်ကို ဖြစ်ပေါ်စေနိုင်သည်ဟု မဆိုနိုင်သော်လည်း ကာလရှည်ရသစာပေဖတ်သူများသည် ပိုမိုကောင်းမွန်သော စိတ်သီအိုရီစွမ်းရည်ကို ရရှိလေ့ရှိကြောင်း သုတေသနအရင်းအမြစ်များက ဆိုသည်။

သက်ကြီးရွယ်အိုများ၏ မှတ်ဉာဏ်ကျဆင်းမှုကို တားဆီးပေးနိုင်ခြင်း

စာအုပ်ဖတ်ခြင်းသည် အယ်လ်ဇိုင်းမားကဲ့သို့သောရောဂါများကို ကာကွယ်နိုင်သည်ဟု သုတေသနများအနေဖြင့် အခိုင်အမာ သက်သေမပြသေးသော်လည်း နေ့စဉ် သင်္ချာပုစ္ဆာများကို ဖတ်ရှုပြီး ဖြေရှင်းသော သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ထိန်းသိမ်းရာတွင် ပိုမိုကောင်းမွန်လာကြောင်း လေ့လာသူများက ယုံကြည်ကြသည်။

ထို့ကြောင့် စာဖတ်ခြင်းအလေ့အထကို စောစောစတင်လေ ကောင်းလေဖြစ်သည်။ Rush University Medical Center မှ ပြုလုပ်သော ၂၀၁၃ ခုနှစ် လေ့လာမှုတစ်ခုတွင် စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်ပေးသည့် အလေ့အထများကို တစ်သက်တာလုံး လုပ်ဆောင်ခဲ့သူများသည် စိတ်ကျရောဂါရှိသူများ၏ ဦးနှောက်တွင်တွေ့ရှိရသည့် အမှုန်ခဲလေးများ၊ ယိုယွင်းမှုများနှင့် ပရိုတင်းအစအနလေးများ ဖြစ်ပေါ်မှုလျော့နည်းစေနိုင်ကြောင်း သိရှိရသည်။

စိတ်ဖိစီးမှုကို လျော့ကျစေနိုင်ခြင်း

၂၀၀၉ ခုနှစ်တွင် သုတေသီအဖွဲ့တစ်ခုသည် အမေရိကန်ပြည်ထောင်စုရှိ ကျန်းမာရေးသိပ္ပံများမှ ကျောင်းသားများ၏ စိတ်ဖိစီးမှုအဆင့်အပေါ် ယောဂ၊ ဟာသနှင့်စာဖတ်ခြင်း၏ အကျိုးသက်ရောက်မှုကို တိုင်းတာခဲ့သည်။ မိနစ် ၃၀ စာဖတ်ခြင်းသည် ယောဂနှင့် ဟာသများကဲ့သို့ပင် သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်းနှင့် စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှု ခံစားချက်များကို လျော့ကျစေကြောင်း လေ့လာမှုက တွေ့ရှိခဲ့သည်။

ညဘက်ကောင်းစွာအိပ်စက်အနားယူနိုင်စေခြင်း

Mayo Clinic မှ ဆရာဝန်များသည် စာဖတ်ခြင်းကို ညအိပ်ရာဝင်ခါနီး ပုံမှန်ပြုလုပ်ခြင်း အလေ့အထတစ်ခုအဖြစ် ဆောင်ရွက်ရန် အကြံပြုထားသည်။ ထိုသို့စာဖတ်ရာတွင်လည်း ဖုန်း၊ Ipad၊ Tablet များကဲ့သို့ အီလက်ထရွန်နစ်ကိရိယာများပေါ်တွင် ဖတ်ရှုခြင်းထက် စာအုပ်ဖြင့်ဖတ်ရှုခြင်းက ပိုမိုကောင်းမွန်သောရလဒ်များ ရရှိစေနိုင်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိရိယာများမှ ထုတ်လွှတ်သော အလင်းရောင်သည် စာဖတ်သူ၏ စိတ်ကိုနိုးကြားစေပြီး အခြားမလိုလားအပ်သော ကျန်းမာရေးရလဒ်များဆီသို့ ဦးတည်သွားနိုင်သောကြောင့် ဖုန်း စသည့်ကိရိယာများဖြင့် စာဖတ်မည့်အစား ပုံနှိပ်စာအုပ်ကို ရွေးချယ်ရန် လိုအပ်ပေလိမ့်မည်။ အိပ်မပျော်လျှင် အိပ်ရာပေါ်၌ စာဖတ်ခြင်းထက် အိပ်ခန်းအပြင် အခြားတစ်နေရာရာတွင် စာဖတ်ကြည့်ရန် ဆေးပညာကျွမ်းကျင်သူများက အကြံပြုထားပါသည်။

စိတ်ကျရောဂါလက္ခဏာများဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်ခြင်း

ဗြိတိသျှတွေးခေါ်ပညာရှင် Sir Roger Scruton က **"စိတ်ကူးယဉ်ရေးသားထားသော အရာများမှ ရရှိလာသည့် စိတ်ကျေနပ်နှစ်သိမ့်မှုဖြစ်ပေါ်ခြင်းသည် လက်တွေ့ရလဒ်ဖြစ်သည်။ စိတ်ဓာတ်ကျနေသူများသည် အထီးကျန်ပြီး တခြားသူများနှင့် သီးခြားကွဲကွာနေတတ်သည်။ ဤအခြေအနေကို စာအုပ်များက လျော့ပါးသက်သာစေနိုင်သည်"**ဟု ဆိုပါသည်။ ရသစာပေဖတ်ရှုခြင်းသည် သင့်ကိုယ်ပိုင်ကမ္ဘာမှ ခေတ္တလွတ်မြောက်စေနိုင်ပြီး ဇာတ်ကောင်များ၏ စိတ်ကူးယဉ်အတွေ့အကြုံများက သင့်စိတ်ကို လွှမ်းမိုးနိုင်မည်ဖြစ်သည်။ ထို့အပြင် သုတစာပေများသည် စိတ်ကျရောဂါလက္ခဏာများကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်သည့် နည်းဗျူဟာများကို သင်ကြားပေးနိုင်ပါသည်။

ထို့ကြောင့် United Kingdom ရှိ National Health Service သည် လူနာများ၏ စိတ်ကျန်းမာရေးအခြေအနေအလိုက် ဆေးအညွှန်းတွင် ဖတ်ရှုသင့်သည့် စာအုပ်များကို လမ်းညွှန်ပေးသည့် Reading Well ဆိုသည့် Books on Prescription program ကို စတင်ကျင့်သုံးခဲ့သည်။

အသက်ရှည်စေရန် အထောက်အပံ့

၁၂ နှစ်တာကာလအတွင်း အသက်အရွယ်ကြီးသူ ၃၆၅ ဦး၏ အငြိမ်းစားယူပြီးနောက်ပိုင်း အလေ့အထများကို သုတေသနပြုလေ့လာရာ စာအုပ်နှင့် မဂ္ဂဇင်းကဲ့သို့သော စာပေများကို ဖတ်ရှုသူများသည် မဖတ်ရှုသူများထက် ပျမ်းမျှအားဖြင့် နှစ်နှစ်ခန့် အသက်ပိုရှည်သည်ကို တွေ့ရှိရသည်ဟု ဆိုသည်။ တစ်ပတ်လျှင် သုံးနာရီခွဲကျော် စာဖတ်သူများသည် စာမဖတ်သူများထက် အသက်ပိုရှည်နိုင်ခြေ ၂၃ ရာခိုင်နှုန်းပိုများကြောင်း အဆိုပါလေ့လာမှုက ကောက်ချက်ချခဲ့သည်။

စာဖတ်ခြင်းမှရရှိနိုင်မည့် အဓိကအကျိုးကျေးဇူးများ

စာဖတ်ခြင်းသည် လူတို့အတွက် အလွန်ကောင်းမွန်ပါသည်။ ပုံမှန်စာဖတ်ခြင်းသည် ဦးနှောက်ချိတ်ဆက်မှုကို တိုးတက်စေခြင်း၊ ဝေါဟာရကြွယ်ဝမှုနှင့် နားလည်နိုင်စွမ်းကို တိုးမြင့်စေခြင်း၊ တစ်ပါးသူများအပေါ် စာနာတတ်သော စိတ်ခွန်အားကိုဖြစ်ပေါ်စေခြင်း၊ အိပ်ရေးဝဝအိပ်စက်နိုင်ရန် အထောက်အပံ့ပေးခြင်း၊ စိတ်ဖိစီးမှုကို လျော့ကျစေခြင်း၊ စိတ်ကျရောဂါလက္ခဏာများကို တိုက်ဖျက်ပေးခြင်း၊ အသက်ကြီးလာသည်နှင့်အမျှ မှတ်ဉာဏ်ကျဆင်းမှုကို တားဆီးပေးခြင်း၊ အသက်ရှည်စေခြင်း စသည့် လက်တွေ့ကျသော အကျိုးကျေးဇူးများစွာရှိပါသည်။

စာဖတ်ခြင်းသည် ဘဝတစ်သက်တာအတွက် လွန်စွာအကျိုးကျေးဇူးရှိစေသောကြောင့် ကလေးငယ်များအား ငယ်စဉ်မှစ၍ စာဖတ်သည့် အလေ့အထကို ပျိုးထောင်ပေးရန် အရေးကြီးပါသည်။ သို့သော်လည်း ကောင်းမွန်သောအလေ့အကျင့်တစ်ခုကို စတင်ရာတွင် နောက်ကျသည်ဟူ၍ မရှိရိုးအမှန်ပင်။ စာအုပ်များနှင့် စာမျက်နှာများသည် လူတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများကို ပေးအပ်ရန် အသင့်ရှိနေကြောင်း ရေးသားလိုက်ရပါသည်။ ။

Reference:

Benefits of Reading Books: How It Can Positively Affect Your Life, www.healthline.com

❝ Mayo Clinic မှ ဆရာဝန်များသည် စာဖတ်ခြင်းကို ညအိပ်ရာဝင်ခါနီး ပုံမှန်ပြုလုပ်ခြင်း အလေ့အထတစ်ခုအဖြစ်ဆောင်ရွက်ရန် အကြံပြုထားသည်။ ထိုသို့စာဖတ်ရာတွင်လည်း ဖုန်း၊ Ipad၊ Tablet များကဲ့သို့ အီလက်ထရွန်နစ်ကိရိယာများပေါ်တွင် ဖတ်ရှုခြင်းထက် စာအုပ်ဖြင့်ဖတ်ရှုခြင်းက ပိုမိုကောင်းမွန်သောရလဒ်များ ရရှိစေနိုင်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိရိယာများမှ ထုတ်လွှတ်သော အလင်းရောင်သည် စာဖတ်သူ၏စိတ်ကိုနိုးကြားစေပြီး အခြားမလိုလားအပ်သော ကျန်းမာရေးရလဒ်များဆီသို့ ဦးတည်သွားနိုင်သောကြောင့် ဖုန်း စသည့်ကိရိယာများဖြင့် စာဖတ်မည့်အစား ပုံနှိပ်စာအုပ်ကို ရွေးချယ်ရန် လိုအပ်ပေလိမ့်မည်။ အိပ်မပျော်လျှင် အိပ်ရာပေါ်၌ စာဖတ်ခြင်းထက် အိပ်ခန်းအပြင် အခြားတစ်နေရာရာတွင် စာဖတ်ကြည့်ရန် ဆေးပညာကျွမ်းကျင်သူများက အကြံပြုထား ❞

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

မြန်မာစာ

ဆရာ ကျော် (အမြုတေ-မြန်မာစာ)

၃ - ၆- ၂၀၂၄ ရက်နေ့မှအဆက်-

ညောင်ရမ်းကြီးသမီး၏ စိတ်ထား

ကျောက်စာစာသားတို့ကို အထောက်အထားပြု၍ ညောင်ရမ်းကြီးသမီး၏ စိတ်ထားကို ဖော်ထုတ်ရေးသားတတ်ရန် လိုပါသည်။

အလှူပြုသော နေ့စွဲကို အသေးစိတ် အတိအကျဖော်ပြထားသဖြင့် တိကျသေချာမှုကို နှစ်သက်စိတ်ရှိကြောင်း၊ မိမိနာမည်ကျော်ကြားမှုကို အဓိကမထားဘဲ ဖခင်ကိုရှိသေ၍ ဦးထိပ်ထားသူ ဖြစ်ကြောင်း၊ နှစ်ဖက်မျိုးရိုးသန့်စင်မှုကို ဂုဏ်ယူနေကြောင်း၊ ခင်ပွန်းကို ချစ်မြတ်နိုးစိတ်ကြီးမားကြောင်း၊ အနိစ္စသဘောကို သတိသံဝေဂ အလေးအနက်ဖြစ်မိကြောင်း၊ ရတနာသုံးပါးကို သဒ္ဓါကြည်ညိုစိတ် အလွန်ထက်သန်ကြောင်း၊ အမျှဝေပုံကိုကြည့်၍ ခင်ပွန်းနှင့်မိဘများကို ရိုသေလေးစားကာ အကျိုးလိုလားစိတ်ရှိကြောင်း၊ အလှူပစ္စည်းမြောက်မြားစွာ လှူခြင်းဖြစ်၍ စေတနာသဒ္ဓါတရား ထက်သန်ကြောင်း၊ နှမြောတပ်မက်စိတ်ကင်းပြီး စေတနာပြတ်သားကြောင်းတို့ကို အထောက်အထားများဖြင့် ယှဉ်တွဲ ဖော်ပြတတ်ရပါမည်။

ပုဂံခေတ် စကားပြေအရေးအသား

စကားအသုံးအနှုန်းထူးခြားပုံအဖြစ် ယနေ့သုံး "သက္ကရာဇ်" အစား "သကရာဇ်" ဟုသာ ကနှစ်လုံးမဆင့်ဘဲ သုံးထားပုံ၊ သကရာဇ် ၆ဝ၄ ခုဟု သာမန်မဖော်ပြဘဲ "ပိသျှက်နှစ်"ဟူသော စကားနှင့် တွဲသုံးထားပုံ၊ လကွယ်သီတင်းဟု မသုံးဘဲ လသေသီတင်းဟု သုံးပုံ၊ ကွယ်လွန်တော်မူဟူသော ယနေ့အသုံးအစား "ပျံတော်မူ"ဟု သုံးပုံ၊ အနိစ္စဟု မသုံးဘဲ "အတည်မရှိသောတရား" ဟု သုံးပုံ၊ "သံဝေဂ" ဟူသော ယနေ့အသုံးအစား "ထိတ်လန့်၍" ဟု သုံးပုံစသည်တို့သည် ယနေ့ခေတ်နှင့်မတူသော အသုံး များဖြစ်ပုံ၊

"ဤလူတွင်၌"ဟူသောစကားတွင် နေရာပြဝိဘတ်ဖြစ်သော "တွင်" နှင့် "၌"ကို တွဲသုံးထားပုံ၊ "ဤကျောင်းသောတွင်" ဟူ၍ "သော" ကို အပိုသဘောသုံးထားပုံ၊

"အသက်နှင့်တူသော၊ မျက်စေ့မျက်ဆန်နှင့်တူသော" ဟူ၍ နှိုင်းယှဉ်ပြ ဥပမာစကား (၂) ခုကို တွဲဆက်ထားပုံ၊ ဥပမာ အလင်္ကာ စကားများကို ထိမိစွာ သုံးထားတတ်ပုံ။

ဝါကျဖွဲ့ရာတွင် အလှူပြုချိန်၊ အလှူရှင်၊ အလှူအကြောင်းရင်းနှင့် အလှူပြုရာနေရာတို့ကို ဝါကျအရှည်ကြီးဖြင့် ပထမဆုံး ဖော်ပြထားပုံ၊ အမျှဝေပုံကို ဝါကျလတ်တစ်ကြောင်းဖြင့် ဖော်ပြပုံ၊ အလှူပစ္စည်းအသေးစိတ်နှင့် ရေစက်ချပုံတို့ကို ဝါကျအရှည်ကြီးဖြင့် ဖော်ပြပုံ၊ အလှူပစ္စည်းများ ခွဲဝေလှူဒါန်းပုံကို ဖော်ပြသည့် ဝါကျမှာ အဆုံးထိ မပါပုံ၊ ဝါကျရှည်ကြီးများ ရေးသော်လည်း အဓိပ္ပာယ် ရှင်းလင်းပေါ်လွင်နေပုံတို့ကို အကိုးအကားများဖြင့် တင်ပြနိုင်ရန် လိုပါသည်။

အလင်္ကာများ

အသက်နှင့်တူသော- ဥပမာအလင်္ကာ

မျက်စေ့မျက်ဆန်နှင့်တူသော- ဥပမာအလင်္ကာ

သင်ခန်းစာအကျဉ်းချုပ်

မြန်မာနှစ် ၆ဝ၄ ခုတွင် ခင်ပွန်းကွယ်လွန်၍ (၃) ရက်အကြာတွင် ညောင်ရမ်းကြီးသမီးသည် အနိစ္စသဘောကို ဆင်ခြင်မိကာ ခင်ပွန်းအားရည်စူး၍ ကျောင်းသုံးကျောင်းတွင် အလှူပစ္စည်းများ ခွဲဝေလှူဒါန်းပုံ၊ ခင်ပွန်းအပြင် မိခင် ဖခင်တို့အား အမျှဝေပုံ၊ ရေစက် သွန်းချပုံတို့ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

နမူနာစမ္မဒိဋ္ဌာန် မေးခွန်း

၁။ **(က) အောက်ပါတို့ကို မှားလျှင် (မှား) မှန်လျှင် (မှန်) ဟု ဖြေပါ။**

(၁) ညောင်ရမ်းကြီးသမီး စကားပြေသည် ပုဂံခေတ်နှောင်းပိုင်းတွင် ရေးထိုးခဲ့သော ကျောက်စာဖြစ်သည်။

(၂) မြန်မာနှစ် ၆ဝ၄ ခု ပြာသိုလဆန်း (၃) ရက်နေ့တွင် ကက်သူ ပျံတော်မူသည်။

(၃) ညောင်ရမ်းကြီးသမီးသည် မြန်မာနှစ် ၆ဝ၄ ခု နတ်တော်လဆုတ် ၁၄ ရက်နေ့တွင် အလှူပြုလုပ်သည်။

၁။ **(ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။**

(၁) ညောင်ရမ်းကြီးသမီးသည် .... မင်း၏သားတော် ကက်သူ၏ ဇနီးဖြစ်သည်။

(၂) ညောင်ရမ်းကြီးသမီးသည် ကောင်းမှု၏အကျိုးကို .... တို့အား အမျှဝေသည်။

၁။ **(ဂ) အောက်ပါတို့မှ အဖြေမှန်ကို ရွေးပါ။**

(၁) ညောင်ရမ်းကြီးသမီးသည် အလှူပစ္စည်းများကို လှူဒါန်းရာတွင် .... ခွဲကာ လှူဒါန်းသည်။

(က) နှစ်မျိုး (ခ) သုံးမျိုး (ဂ) လေးမျိုး

(၂) ညောင်ရမ်းကြီးသမီးကျောက်စာကို မြန်မာနှစ် .... တွင် ရေးထိုးခဲ့သည်။

(က) ၆ဝ၃ (ခ) ၆ဝ၄ (ဂ) ၆ဝ၅

၂။ **(က) အောက်ပါ ဝေါဟာရတို့၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။**

မဟာဒါန်၊ ရေသွန်း၊ သလွဲ၊ ခံလောက်၊ ကြေးဖြူ။

(ခ) အောက်ပါတို့သည် မည်သည့်အလင်္ကာဖြစ်ကြောင်း ရှင်းပြပါ။

အသက်နှင့်တူသော၊ မျက်စေ့မျက်ဆန်နှင့်တူသော

အဖြေများ

၁။ **(က) မှား/မှန်ဖြေ။**

(၁) မှန် (၂) မှား (၃) မှား

၁။ **(ခ) ကွက်လပ်ဖြည့်**

(၁) နရပတိစည်သူ (၂) အဖေ၊ အမေ၊ ခင်ပွန်း

၁။ **(ဂ) အဖြေမှန်ရွေး**

(၁) (က) နှစ်မျိုး (၂) ၆ဝ၄

၂။ **(က) ဝေါဟာရအဓိပ္ပါယ်**

မဟာဒါန် = ကြီးမြတ်သောဒါန။ (အလှူကြီး)။

ရေသွန်း = အဓိဋ္ဌာန်ပြုလျက် ရေစက်ချသည်။

သလွဲ = ခဲမဖြူ။ (အဖြူအနက်နှစ်မျိုးရှိသည်။)

ခံလောက် = ခနောက်စိမ်း၊ ဖြူဖွေးကြွပ်ဆတ်သော သတ္တုတစ်မျိုး။

ကြေးဖြူ = အဖြူရောင်အဆင်းရှိသော မြေထွက်သတ္တုတစ်မျိုး။

၂။ **(ခ) အလင်္ကာ**

အသက်နှင့်တူသော - ညောင်ရမ်းကြီးသမီး ချစ်ခင်မြတ်နိုးသော ခင်ပွန်း (အနှိုင်းခံ) ကို ချစ်ခင်မြတ်နိုးအပ်သော အသက်(အနှိုင်း) နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် **ဥပမာအလင်္ကာ**မြောက်ပါသည်။

မျက်စေ့မျက်ဆန်နှင့်တူသော - ညောင်ရမ်းကြီးသမီး ချစ်ခင်မြတ်နိုးသော ခင်ပွန်း(အနှိုင်းခံ) ကို ချစ်ခင်မြတ်နိုးအပ်သော မျက်စေ့မျက်ဆန် (အနှိုင်း) နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် **ဥပမာအလင်္ကာ** မြောက်ပါသည်။

အင်္ဂလိပ်စာ

ဆရာ ဦးဆန်း

၁၀-၆- ၂၀၂၄ ရက်နေ့မှအဆက်-

UNIT 2 : KEY TO HAPPINESS
ပျော်ရွှင်မှုရဲ့ သော့ချက်

Read the passage.

If you were asked အကယ်၍ မင်းကိုမေးခဲ့မယ်ဆိုရင် the question "What is happiness?" ပျော်ရွှင်မှုဆိုတာ ဘာလဲဆိုတဲ့မေးခွန်းကို then ထို့နောက် what would be your answer? မင်းရဲ့အဖြေဟာဘာဖြစ်ခဲ့လိမ့်မလဲ။ It may be hard for you မင်းအတွက် ခက်ခဲကောင်းခက်ခဲနိုင်ပါတယ်။ to come up with a clear-cut answer. ရှင်းလင်းပြတ်သားတဲ့ အဖြေတစ်ခုကိုရရှိဖို့ Your answer မင်းရဲ့အဖြေဟာ may be different from ကွဲပြားနိုင်ပါတယ်။ those of other people. အခြားသူတွေရဲ့အဖြေနဲ့ Moreover, ဒါ့အပြင် the definition of happiness ပျော်ရွှင်မှုရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်ဟာ may change over time အချိန်နဲ့အမျှပြောင်းလဲနိုင်ပါတယ်။ today's view on happiness ဒီနေ့ခေတ်ရဲ့ပျော်ရွှင်မှုအပေါ်ရှုမြင်ပုံဟာ may be a different one ကွဲပြားတဲ့အမြင်တစ်ခုဖြစ်ပါလိမ့်မယ်။ tomorrow. မနက်ဖြန်ကျရင် Thus, ဒါ့ကြောင့် happiness ပျော်ရွှင်မှုဆိုတာ is a difficult concept to measure, တိုင်းတာဖို့ခက်ခဲတဲ့အယူအဆတစ်ခုဖြစ်ပါတယ်။ because အဘယ်ကြောင့်ဆိုသော် it is not constant. ၎င်းဟာ ကိန်းသေသဘောမဟုတ်လို့ပါပဲ။

According to the Merriam-Webster Dictionary (2016), မယ့်ရီယမ်းဝက်ဘ်စတာအဘိဓာန် (၂၀၁၆) ရဲ့အဆိုအရ 'happiness' ပျော်ရွှင်မှုဆိုတာ means ဆိုလိုပါတယ်။ 'a state of well-being and contentment'. စိတ်ချမ်းသာမှုနဲ့ရောင့်ရဲမှုရဲ့ အခြေ အနေတစ်ရပ်ကို Psychologically, စိတ်ပိုင်းဆိုင်ရာအရ when you are မင်းရှိတဲ့အခါ in a peaceful state of mind စိတ်ငြိမ်းချမ်းတဲ့အခြေအနေမှာ or ဒါမှမဟုတ် when you have no မင်းမှာမရှိတဲ့အချိန်မှာ stressful factors to think about, စဉ်းစားစရာ ဖိအားများရတဲ့အကြောင်းအချက်တွေ you are most likely to feel relaxed and happy. မင်းဟာ စိတ်အေးလက်အေးနဲ့ပျော်ပျော်ရွှင်ရွှင်ခံစားရနိုင်ခြေများပါတယ်။ Whatever you are မင်းဟာ ဘာပဲဖြစ်ဖြစ်ပေါ့။ a student, a worker, a housewife or a pensioner, ကျောင်းသားတစ်ဦး၊ အလုပ်သမားတစ်ယောက်၊ အိမ်ရှင်မတစ်ယောက် သို့မဟုတ် ပင်စင်စားတစ်ဦးဆိုပါတော့ happiness ပျော်ရွှင်မှုဆိုတာ means ဆိုလိုပါတယ်။ a better quality of life ပိုမိုကောင်းမွန်တဲ့ဘဝအရည်အသွေးကို။

A group of scientists သိပ္ပံပညာရှင်တစ်စုက who have examined a number of studies လေ့လာမှုတစ်ချို့ကို ဆန်းစစ်ပြီးတဲ့ from across the world ကမ္ဘာတစ်ဝှမ်းလုံးမှ have suggested အကြံပြုထားပြီးပါပြီ။ ten ways to achieve happiness: ပျော်ရွှင်မှုကိုရရှိဖို့ နည်းလမ်း (၁၀) ချက်ကို -

1. Have a good relationship with friends and family သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိပါစေ။

It seems reasonable ကျိုးကြောင်းဆီလျော်ပုံရပါတယ်။ to assume ယူဆဖို့ that what makes people really happy လူတွေကို အမှန်တကယ်ပျော်ရွှင်စေတဲ့အရာဟာ is their relationships with others. အခြားသူတွေနဲ့ သူတို့ရဲ့ကြား ဆက်ဆံရေးဖြစ်တယ်လို့ Having a wide circle of friends and family သူငယ်ချင်းတွေနဲ့ မိသားစုတွေ ဝိုင်းဝိုင်းလည်အောင်ရှိနေခြင်းဟာ is more enjoyable ပို၍ပျော်စရာကောင်းပါတယ်။ than having a lot of money. ပိုက်ဆံများစွာရှိခြင်းထက် In addition, ဒါ့အပြင် people with large families and lots of close friends အိမ်သားများတဲ့မိသားစုကြီးနဲ့ ရင်းနှီးတဲ့သူငယ်ချင်းများစွာရှိတဲ့လူတွေဟာ are happier ပို၍ပျော်ရွှင်ချမ်းမြေ့ကြပါတယ်။ than people who live on their own. သူတို့ဘာသာသူတို့တစ်ဦးတည်းနေထိုင်ကြသူတွေထက် Sometimes တစ်ခါတစ်ရံမှာ you may not be in a good mood မင်းဟာ စိတ်မပျော်တာမျိုးဖြစ်နိုင်ပါတယ်။ or သို့မဟုတ် may feel depressed. စိတ်ဓာတ်ကျတာမျိုးလည်းဖြစ်နိုင်ပါတယ်။ At that time, ထိုအချိန်မှာ if you hang out with friends မင်းဟာ သူငယ်ချင်းတွေနဲ့အပြင်ထွက်လည်လိုက်ရင် or သို့မဟုတ် spend time with your family, မင်းရဲ့မိသားစုနဲ့အချိန်ကုန်လွန်လိုက်ရင် your stressful feelings မင်းရဲ့စိတ်ဖိစီးမှုတွေဟာ will be released. ပြေပျောက်သွားပါလိမ့်မယ်။ It has even been suggested အကြံပြုထားပြီးပါပြီ။ that a happy home life and good friends ပျော်ရွှင်ဖွယ် အိမ်တွင်းဘဝနဲ့ သူငယ်ချင်းကောင်းတွေဟာ can protect against illness. ဖျားနာခြင်းမှ ကာကွယ်နိုင်တယ်လို့။

သင်္ချာ

ပါမောက္ခ ဒေါက်တာမီမီ(မန္တလေးတက္ကသိုလ်)

၃ - ၆- ၂၀၂၄ ရက်နေ့မှအဆက်-

Division in Trigonometric Form

Let $z_1 = r_1(\cos\theta_1 + i\sin\theta_1)$ and

$z_2 = r_2(\cos\theta_2 + i\sin\theta_2)$

$$\boxed{\frac{z_1}{z_2} = \frac{r_1}{r_2}\left[\cos(\theta_1-\theta_2) + i\sin(\theta_1-\theta_2)\right]}$$

Example 8.

Given that $z_1 = 1+\sqrt{3}i$, $z_2 = -1+i$, find $\frac{z_1}{z_2}$ by using trigonometric forms. Check your answer by direct calculation.

Solution

$$z_1 = 1+\sqrt{3}i = (1,\sqrt{3})$$

$$r = \sqrt{1+3}$$
$$= \sqrt{4}$$
$$= 2$$

$$\cos\theta_1 = \frac{1}{2}, \sin\theta_1 = \frac{\sqrt{3}}{2}.$$

$$\theta_1 = \frac{\pi}{3}$$

$$z_1 = r_1(\cos\theta_1 + i\sin\theta_1)$$
$$= 2(\cos\frac{\pi}{3} + i\sin\frac{\pi}{3})$$

$$z_2 = -1+i$$
$$= (-1,1)$$

$$r_2 = \sqrt{1+1}$$
$$= \sqrt{2}$$

$$\cos\theta_2 = -\frac{1}{\sqrt{2}}, \sin\theta_2 = \frac{1}{\sqrt{2}}$$

$$\theta_2 = \frac{3\pi}{4}$$

$$z_2 = r_2(\cos\theta_2 + i\sin\theta_2)$$
$$= \sqrt{2}(\cos\frac{3\pi}{4} + i\sin\frac{3\pi}{4})$$

$$\frac{z_1}{z_2} = \frac{2}{\sqrt{2}}\left[\cos(\frac{\pi}{3}-\frac{3\pi}{4}) + i\sin(\frac{\pi}{3}-\frac{3\pi}{4})\right]$$

$$= \frac{-1+\sqrt{3}}{2} - \frac{1+\sqrt{3}}{2}i$$

Check

$$\frac{z_1}{z_2} = \frac{-1+\sqrt{3}i}{-1+i}\cdot\frac{-1-i}{-1-i}$$

$$= \frac{-1-i-\sqrt{3}i-\sqrt{3}i^2}{1-i^2}$$

$$= \frac{-1+\sqrt{3}-i-\sqrt{3}i}{1+1}$$

$$= \frac{-1+\sqrt{3}}{2} - \frac{1+\sqrt{3}}{2}i.$$

Power of Complex Numbers

Let $z = r(\cos\theta + i\sin\theta)$.

$\boxed{z^n = r^n(\cos n\theta + i\sin n\theta)}$, n is an integer.

Example 9.

Given that $z = 1+\sqrt{3}i$, find (a) z^{10} (b) z^{-10} .

Solution

$$z = 1+\sqrt{3}i = (1,\sqrt{3})$$

$$r = \sqrt{1+3}$$
$$= \sqrt{4}$$
$$= 2$$

$$\cos\theta = \frac{1}{2}, \sin\theta = \frac{\sqrt{3}}{2}.$$

$$\theta = \frac{\pi}{3}$$

$$z = r(\cos\theta + i\sin\theta)$$
$$= 2(\cos\frac{\pi}{3} + i\sin\frac{\pi}{3})$$

(a) $z^{10} = 2^{10}(\cos\frac{10\pi}{3} + i\sin\frac{10\pi}{3})$

$$= 1024\left[-\frac{1}{2} + i(-\frac{\sqrt{3}}{2})\right]$$

$$= -512 - 512\sqrt{3}i$$

(b) $z^{-10} = 2^{-10}\left[\cos(-\frac{10\pi}{3}) + i\sin(-\frac{10\pi}{3})\right]$

$$= \frac{1}{2^{10}}\left[\cos\frac{10\pi}{3} - i\sin\frac{10\pi}{3}\right]$$

$$= \frac{1}{1024}\left[-\frac{1}{2} - i(-\frac{\sqrt{3}}{2})\right]$$

$$= -\frac{1}{2048} + \frac{\sqrt{3}}{2048}i$$

1.5 Roots of Complex Numbers

An n^{th} root of a complex number z is a complex number ω that satisfies the equation

$$\boxed{\omega^n = z}$$

$\omega^n = z$ ဖြစ်စေမည့် complex number သည် z ၏ n^{th} root ဖြစ်သည်။ တစ်နည်းအားဖြင့် n အကြိမ်မြှောက်လျှင် z ရစေသော ကိန်းသည် z ၏ n^{th} root ဖြစ်သည်။

The root of z, denoted by ω_k are

$$\boxed{\omega_k = \sqrt[n]{r}\left(\cos\frac{\theta+2k\pi}{n} + i\sin\frac{\theta+2k\pi}{n}\right) k = 0,1,2, 3,\ldots,n-1.}$$

ဇီဝဗေဒ

တီချယ် Rachel (ရန်ကုန်တက္ကသိုလ်)

၃ - ၆- ၂၀၂၄ ရက်နေ့မှအဆက်-

1.1.5 Theme 5– Evolution for the Unity and Diversity of Life

(သက်ရှိတို့ရဲ့ စုစည်းမှုနဲ့ကွဲပြားမှုအတွက် ဆင့်ကဲဖြစ်စဉ်)

သင်ခန်းစာ ရည်ရွယ်ချက် – မျိုးစိတ်တူ သက်ရှိတွေအတွင်းမှာ ဆင့်ကဲဖြစ်စဉ်အရ အလိုက်သင့် ပြောင်းလဲသွားတတ်ကြောင်း သိရှိစေဖို့။

သင်ခန်းစာ နိဒါန်းပျိုးခြင်း –မြွေ မြွေချင်း ခြေမြင်တယ်ဆိုတဲ့စကား ကြားဖူးကြသလား။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မြွေတွေမှာ ခြေထောက်ရှိတယ်တဲ့၊ မြွေတွေဟာ သွားတဲ့အခါ ဝမ်းဗိုက်ကြွက်သားကိုသုံးပြီးတော့ဘဲ သွားလာတာတွေ လုပ်နေတော့ ကြာလာတဲ့အခါ သူတို့ရဲ့ခြေထောက်ဟာ သေးသိမ်ပြီးပျောက်ကွယ်သွားတယ်လို့ဆိုတယ်။ ဒါဟာ ဘာကိုပြသတာလဲဆိုတော့ အင်္ဂါရပ်တွေဟာ အသုံးမပြုဘဲထားတဲ့အခါ တစ်ဖြည်းဖြည်းပျောက်ကွယ်သွားတယ်လို့ ကောက်ချက်ချနိုင်တယ်။ သစ်ကုလားအုပ်တွေ ဘာကြောင့် လည်ပင်းရှည်နေရတာလဲ။ ဒါလည်း စဉ်းစားစရာဘဲနော်။ သားတို့ သမီးတို့လည်း ဦးနှောက်ကိုသုံးပြီး များများ စဉ်းစား၊ များများမှတ်သားရမယ်၊မဟုတ်ရင် ခေါးတွေသံချေးတက်သလို ဖြစ်သွားနိုင်တယ်။ ဒီအယူအဆကို အစပြုသူကတော့ Charles Darwin(1809–1882) (ချားစ်ဒါဝင်)ဖြစ်တယ်။ ဖတ်စာအုပ်လေး ကြည့်ရအောင် .....

Evolution is the process of change that have transformed life on Earth, accounts of the unity and diversity of life. ဆင့်ကဲဖြစ်စဉ်ဆိုတာ ပြောင်းလဲမှု ဖြစ်စဉ်တစ်ခုဖြစ်တယ်။ ဘာတွေပြောင်းလည်းသွားတာလဲဆိုတော့ ကမ္ဘာပေါ်ရှိသက်ရှိတွေ ပုံစံပြောင်းသွားတာ၊ အဲဒီအတွက် သက်ရှိတို့ရဲ့စုစည်းမှုနဲ့ ကွဲပြားမှုကို ဖြစ်စေတယ်။

It also explains evolutionary adaptation and match of organisms to the environment. ဒီပုံစံပြောင်းလဲသွားမှုက ပတ်ဝန်းကျင်ကိုလိုက်ပြီး ဆင့်ကဲလိုက်လျောညီထွေဖြစ်မှုနဲ့ သက်ရှိတွေနဲ့ ပတ်ဝန်းကျင်တို့ရဲ့လိုက်ဖက်ညီမှုတို့ကိုလည်း ရှင်းပြတယ်။

Biologists classify species according to the system of broader and broader groups. ဇီဝဗေဒပညာရှင်တွေက မျိုးစိတ်တွေကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုကျယ်ပြန့်လာတဲ့အုပ်စုဖွဲ့စနစ်နဲ့အမျိုးအစားခွဲခြားကြတယ်။

Domain Bacteria and Archaea consist of prokaryotes. ဘက်တီးရီးယားနယ်ပယ်နဲ့ အာခီယာနယ်ပယ်တို့မှာ ပရိုကာရီယုတ်တွေပါဝင်တယ်။

Domain Eukarya includes various groups of protists as well as fungi, plants, and animals. ယူကာရီယာနယ်ပယ်မှာ ပရိုတစ်အမျိုးမျိုးအပြင် မှိုတွေ၊အပင်တွေနဲ့ သတ္တဝါတွေလည်း ပါဝင်ကြတယ်။

Darwin (1809–1882) proposed natural selection as the mechanism for evolutionary adaptation of populations to their environments. ဒါဝင် (၁၈၀၉–၁၈၈၂) က သဘာဝရဲ့ ရွေးချယ်မှုဆိုတာ အမျိုးအစားတူ အုပ်စုအဖွဲ့များ (population) က ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ဆင့်ကဲပြောင်းလဲစေတဲ့ ယန္တရားတစ်ခုဖြစ်တယ်ဟု အဆိုပြုခဲ့တယ်။

Natural selection is thus defined as the evolutionary process that occurs when a population is exposed to environment factors that consistently cause individuals with certain heritable traits to have to greater reproductive success than do individuals with other heritable traits. ဒါကြောင့် သဘာဝရဲ့ရွေးချယ်မှုကို “population တစ်ခုဟာ တချို့သော မျိုးရိုးဆက်ခံနိုင်တဲ့ စရိုက်လက္ခဏာရှိတဲ့ သူတွေကို အခြားမျိုးရိုးဆက်ခံနိုင်တဲ့ စရိုက်လက္ခဏာများရှိတဲ့သူတွေထက် ပိုပြီးအောင်မြင်စွာမျိုးပွားနိုင်အောင် တသမတ်တည်းဖြစ်စေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာအခြေအနေတွေနဲ့ ထိတွေ့တဲ့အခါ ဖြစ်ပေါ်လာတဲ့ဆင့်ကဲဖြစ်စဉ်”လို့ အဓိပ္ပာယ်သတ်မှတ်ထားတယ်။

***Discuss the natural selection process.**

(Darwin proposed natural .... heritable traits)

*Explain the summary of evolution and Darwin’s Natural selection process. လို့ လေ့ကျင့်မယ်နော်။

Grade-12 ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း-09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

စိုက်ပျိုးပြီးသစ်ပင်များကို တန်ဖိုးထားထိန်းသိမ်းပြုစုစောင့်ရှောက်ကြရမည်

ဘားအံ ဇွန် ၂၃

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်အတွင်း သစ်မျိုး ၁၇ မျိုးဖြင့် အပင်ပေါင်း ၂၇၀၀၀၀ ကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုအခါ အပင်ပေါင်း ၂၈၆၇ ပင်ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဇွန် ၂၁ ရက် နံနက်ပိုင်းက ဘားအံဂေါက်ကွင်း၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီ(ဒုတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲမှ သိရသည်။

တန်ဖိုးထားထိန်းသိမ်း

သစ်ပင်စိုက်ပျိုးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတသာယာရေး၊ သဘာဝဘေးအန္တရာယ်များလျော့ပါးရေး၊ ပြည်သူလူထုအရိပ်ခိုနားနေအပန်းဖြေနိုင်ရေးအတွက် သစ်ပင်စိုက်ပျိုးနိုင်သည့် နေရာမှန်သမျှ သင့်လျော်သောသစ်ပင်များ စိုက်ပျိုးနိုင်ရန် ပြည်နယ်သစ်တောဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်း၊ တပ်ရင်းတပ်ဖွဲ့၊ ဒေသခံပြည်သူများဖြင့် ဝိုင်းဝန်းပူးပေါင်း၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးပြီးသစ်ပင်များကို တစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် အစုအဖွဲ့၊ ရပ်ကွက်/ကျေးရွာ၊ မြို့ပြဒေသအလိုက် တန်ဖိုးထားထိန်းသိမ်းပြုစုစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံဂေါက်ကွင်းမှ တာဝန်ရှိသူတစ်ဦးအား ပျိုးပင်များ ဖြန့်ဝေပေးပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ လူထုလှုပ်ရှားမှုအသွင်ဖြင့် ရေဝပ်ဒဏ်ခံနိုင်ပြီး ဒေသနှင့် ကိုက်ညီမှုရှိသည့် သစ်မျိုးများဖြစ်သော ပျဉ်းမ ၅၁၁ ပင်နှင့် မအူ ၄၉၈ ပင် စုစုပေါင်း ၁၀၀၉ ပင်ကို စိုက်ပျိုးခဲ့ကြသည်။ ထိုသို့ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေးအတွက် သစ်ပင်များစိုက်ပျိုးပေးနေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ကြီး ဇွန် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန်၊ စိမ်းလန်းသောသစ်ပင်များနှင့် လေကောင်းလေသန့် ရှူရှိုက်နိုင်ရန်၊ တောင်ကြီးမြို့ အိမ်တော်ရှေ့နှင့် တောင်ကြီးဟိုတယ်ရှေ့တွင် ဇွန် ၂၂ ရက် နံနက် ၈ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ချယ်ရီပင် ၅၀၊ စိန်ပန်းပြာပင် ၅၀၊ ထင်းရှူးပင် ၅၀ စိုက်ပျိုးပေးနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တောင်ကြီးမြို့ ကျောင်းကြီးစုမီးပွိုင့်လမ်းဆုံဘေးတွင် ပြည်သူများ စနစ်တကျအမှိုက်ပစ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ထားသော အမှိုက်ပစ်ကန်များကို ကြည့်ရှုစစ်ဆေးပြီး ချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် အမှိုက်သရိုက်များ သိမ်းဆည်းသန့်ရှင်းဆောင်ရွက်ရန် သက်ဆိုင်ရာ ဌာနများကို မှာကြားခဲ့ပြီး အနောက် မြို့ပတ်လမ်းရှိ စိန်ပန်းရပ်ကွက်လမ်းဆုံတွင် ဆက်သွယ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက Wifiကြိုးများ စနစ်တကျရှိစေရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုံကျဈေးသည်များ ရောင်းချမှုများရှိသည့်အတွက် ဈေးသိမ်းပါက ထွက်ရှိလာသော အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ပြည်နယ်ဝန်ကြီးချုပ်က မှာကြားခဲ့ပြီး ရှုခင်းသာပန်းခြံဘေးရှိ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် နေရာကို သွားရောက်ကြည့်ရှုစစ်ဆေး၍ သက်ဆိုင်ရာဌာနများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဇွန်လပိုင်းထွက်ရှိသည့် အာလူးအရည်အသွေး ပိုမိုကောင်းမွန်ပြီး ဈေးကွက်အတွင်း ဝယ်အားတက်နေ

ရန်ကုန် ဇွန် ၂၃

ဇွန်လပိုင်းထွက်ရှိသည့် အာလူးမှာ အရည်အသွေးပိုမိုကောင်းမွန်ပြီး ဈေးကွက်ဝယ်လက်လိုအပ်ချက်အရ အရောင်းအဝယ်ဖြစ်နေကြောင်း နောင်တရားအာလူးအသင်း တာဝန်ရှိသူက ပြောသည်။

ပိုမိုကောင်းမွန်

ဧပြီလနှင့် မေလတွင် နေရာဒေသအများစု အာလူးတူးဖော်ကြပြီး ထွက်ရှိမှုများသည့်အတွက် လိုအပ်သည်ထက်ပို၍ ဈေးကွက်ထဲ ရောက်ရှိသည့် တန်ချိန်ပိုများခဲ့ပြီး ယခုနှစ် အယ်လ်နီညိုရာသီဥတုကြောင့် ရာသီဥတုပူပြင်းချိန် တူးဖော်ခဲ့ကြ၍ အာလူးအရည်အသွေးကျဆင်းမှုရှိခဲ့ကာ ယခုနောက်ပိုင်းတွင် ထွက်ရှိသည့် အာလူး အရည်အသွေးမှာ ပိုမိုကောင်းမွန်ကြောင်း ပြောသည်။

“အဓိက ကတော့ Supply နဲ့ Demand ပေါ့။ ထုတ်လုပ်မှုနဲ့ ဈေးကွက်တောင်းဆိုမှုက တစ်ရက်ကို တန် ၃၀၀၊ ၄၀၀ လောက် ပုံမှန်လိုအပ်နေတယ်။ ဧပြီလ၊ မေလပိုင်းခန့်မှာ အာလူးစုပြုံထွက်လေ့ရှိပြီး ကျွန်တော်တို့မှာ ထိန်းသိမ်းတဲ့ အအေးခန်းစက်ရုံတွေမရှိတော့ စုပြုံပြီးရောင်းကြတာပါ။ အခုကျတော့ တဖြည်းဖြည်းနဲ့ထိန်းရောင်းကြတာပါ။ ဧပြီလလောက်ဆိုရင် အယ်လ်နီညိုကြောင့် ရာသီဥတုကလည်း တအားပူတော့ ပူတဲ့အချိန် အာလူးတူးကြတော့ အာလူးနာတယ်၊ အာလူးအရည်အသွေးလည်း မကောင်းပါဘူး။ အခုအာလူးကျတော့ အရည်အသွေးအတော်ကောင်းပြီး ပုပ်၊ ပျက်ပျက်စီးမှုမရှိဘူးလေ။ လူကြိုက်ပိုများပြီး အရောင်းအဝယ်ကောင်းမွန်တာပါ”ဟု ပြောသည်။

ဇွန်လတွင် နောင်တရားမှ အာလူး ထွက်ရှိနေသေးသော်လည်း ဩဂုတ်လခန့်တွင် အာလူးပြတ်သည့်အတွက် တရုတ်ဘက်မှ တင်သွင်းလေ့ရှိကြောင်း ၎င်းက ပြောသည်။

“ဩဂုတ်လပိုင်းလောက်မှာဆို အာလူးကပြတ်တယ်။ ပြတ်တာက မိုးကြိုဆိုတဲ့ မေလလောက်မှာ အာလူးက သိပ်မစိုက်တော့ဘူး။ စိန်ခေါ်မှုများတယ်၊ ရာသီဥတုအပြောင်းအလဲကြောင့် သိပ်အဆင်မပြေတော့ မိုးကြိုအာလူးဆိုတာက မစိုက်ကြတော့ အာလူးပြတ်ပြီး ကမောက်ကမဖြစ်ကြတာပါ။ အဲဒီအချိန်မှာ ကုန်ကြမ်းရရှိမှုခက်ခဲတယ်၊ အရင်တုန်းကတော့ တရုတ်အာလူးတွေ ဝင်ပါတယ်” ဟု ပြောသည်။

နောင်တရားဒေသ၌ ဇန်နဝါရီလ၊ မေလ၊ ဩဂုတ်လတွင် အာလူးစိုက်ပျိုးလေ့ရှိသော်လည်း ယခုနောက်ပိုင်း မေလတွင်စိုက်ပျိုးလေ့ရှိသော မိုးကြိုအာလူးကို ရောဂါပိုးမွှားထူထဲကာ အခက်အခဲနှင့် စိန်ခေါ်မှုများသည့် အတွက် စိုက်ပျိုးမှု နည်းပါးကြောင်း၊ ဩဂုတ်လပိုင်းရောက်မှသာ ထပ်မံစိုက်ပျိုးကြပြီး အောက်တိုဘာလ၊ နိုဝင်ဘာလခန့်တွင် အာလူးပြန်ထွက်ကာ ဧပြီလနှင့် မေလကဲ့သို့ မပေါများသော်လည်း ဈေးကွက်ကို ပြန်လည်အထောက်အကူပြုကြောင်း သိရသည်။

MT

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ဒေသတွင်းဆီဖူလုံရေး အထောက်အကူပြု ဝင်ငွေရ ပန်းနှမ်းသီးနှံ

နေသူရဇော်

မြန်မာနိုင်ငံ၌ စပါးအပါအဝင် ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံပေါင်းများစွာကို နိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး နိုင်ငံအတွင်း ထုတ်လုပ်မှုမှ ဆန်နှင့် ပဲကို ပြည်တွင်းစားသုံးမှုအတွက် လုံလောက်ရုံသာမက ပိုလျှံသောထုတ်ကုန်များကို ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သည်ကို တွေ့ရှိရပါသည်။ သို့သော် စားသုံးဆီကို လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးဘဲ ပြည်ပမှတင်သွင်းနေရသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဒေသတွင်း စားသုံးဆီဖူလုံရေးကို အလေးထား၍ ဆောင်ရွက်ရန်လိုအပ်ပြီး ယခုအခါ နိုင်ငံတော်အစိုးရက စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် အလေးအနက်ထားဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ စားသုံးဆီကို မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့် ဆီမုန်ညင်းတို့မှ အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ စုစုပေါင်းစိုက်ဧက၏ ၁၆ ရာခိုင်နှုန်း(၈ သန်း)ကျော်ကို ဆီထွက်သီးနှံများ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်သဖြင့် နိုင်ငံတွင်းစားသုံးမှုအရ ယေဘုယျအားဖြင့် ဆီဖူလုံမှုရှိသည်ဟု ဆိုနိုင်သော်လည်း ဆီထွက်သီးနှံ လုံးဆန်များအတိုင်း ပြည်ပသို့ တင်ပို့ခြင်း၊ အခြားတန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်ရောင်းချခြင်းတို့ကြောင့် လုံလောက်မှုမရှိတော့ဘဲ စားသုံးဆီကို နိုင်ငံခြားတိုင်းပြည်များမှ နှစ်စဉ် တင်သွင်းနေရခြင်းဖြစ်ပါသည်။

ဒေသတွင်း ဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးရေးနှင့် စိုက်ပျိုးသော သီးနှံများ၏ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးသည် အလွန်အရေးကြီးလှပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း မြေပဲဧက ၃ ဒသမ ၁၆၄ သန်း၊ နှမ်းဧက ၃ ဒသမ ၇၅၆ သန်း၊ နေကြာဧက ၁ ဒသမ ၀၇၂ သန်း၊ ပန်းနှမ်း ၂၉၈၈၃၉ ဧက၊ ဆီမုန်ညင်း ၉၂၇၄၇ ဧကဖြင့် စုစုပေါင်း ဆီထွက်သီးနှံဧက ၈ ဒသမ ၃၈၆ စိုက်ပျိုးနိုင်ခဲ့ပြီး ၈ ဒသမ ၂၈၄ ဧက ရိတ်သိမ်းနိုင်ခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဆီထွက်သီးနှံများထဲမှ သမပိုင်းဒေသများတွင်သာမက အပူပိုင်းနှင့် အအေးပိုင်းဒေသများတွင်ပါ စိုက်ပျိုးနိုင်ပြီး ဆီထွက်နှုန်းကောင်းသည့် ပန်းနှမ်းသီးနှံသည် စိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်သော ရွေးချယ်စရာတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပန်းနှမ်းကို ရှမ်းပြည်နယ်တွင် နှစ်စဉ် ဧကနှစ်သိန်းနီးပါးဖြင့် အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက ခုနစ်သောင်းကျော်အပြင် မန္တလေးတိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြပါသည်။

ပန်းနှမ်းပင်၏ သဘောသဘာဝ

ပန်းနှမ်းပင် (သိပ္ပံနာမည် *Guizotia abyssinica*) သည် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး အိန္ဒိယ၊ အီသီယိုးပီးယားနှင့် အရှေ့တောင်အာရှ၏ အချို့ဒေသများတွင် အဓိကစိုက်ပျိုး ထုတ်လုပ်လျက်ရှိပါသည်။ တစ်ရာသီပင်အမျိုးအစားဖြစ်ပြီး မျိုးကွဲအလိုက် သက်တမ်း ၉၀ - ၁၅၀ ရက်အထိ ရှိပါသည်။ ရေသောက်မြစ်ပါရှိ၍ ရေငတ်ဒဏ်ခံနိုင်ကာ အပင်အမြင့် သုံးပေခန့်အထိ ကြီးထွားနိုင်ပြီး တစ်ပင်တွင် ပန်းပွင့် ၃၀-၄၀ အထိ ပွင့်တတ်ပါသည်။

ပန်းနှမ်းပင်သည် မြေချဉ်ငန်ဓာတ်pH (၅.၅ - ၆.၅) အတွင်းရှိ မြေအမျိုးအစားမရွေး ကောင်းမွန်စွာ ပေါက်ရောက်ဖြစ်ထွန်းနိုင်ပြီး မြေစေးပါသော နုန်းမြေနှင့် သဲရောမြေစေးများကို ပို၍နှစ်သက်သော သီးနှံပင်ဖြစ်ပါသည်။ သီးနှံပင်၏ သဘာဝအရ ရေကြမ်း၊ မြေကြမ်းကို ခံနိုင်ရည်ရှိသဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးနိုင်သော သီးနှံဖြစ်ပါသည်။

ပန်းနှမ်းကို သီးသန့်စိုက်ခင်းဖြင့် စိုက်ပျိုးနိုင်သကဲ့သို့ မိုးသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် သီးထပ်အနေဖြင့်လည်း စိုက်ပျိုးနိုင်ပါသည်။ နေ့တာတို (အလင်းရောင်များစွာမလိုသော) သီးနှံဖြစ်သည့်အတွက် ဥယျာဉ်ခြံများ၊ ရော်ဘာကဲ့သို့ နှစ်ရှည်ပင်များအကြားတွင် ကြားသီးနှံ (သီးညှပ်) အဖြစ်လည်း စိုက်ပျိုးနိုင်ပါသည်။ ထိုသို့စိုက်ခြင်းဖြင့် အဆိုပါ နှစ်ရှည်စိုက်ခင်းများတွင် ပေါင်းမြက်ပြဿနာကို ဖြေရှင်းပြီးဖြစ်သကဲ့သို့ အပိုဝင်ငွေရရှိနိုင်ကာ ဆီဖူလုံမှုကို အထောက်အကူပြုနိုင်ပါသည်။

စိုက်ပျိုးနည်းစနစ်များ

၁။ မျိုးစေ့သေးငယ်သဖြင့် ထယ်ရေး/ထွန်ရေး ညက်ညက်ရအောင် ဆောင်ရွက်၍ စိုက်ခင်းမြေမျက်နှာပြင်ညီညာအောင် ညှိပေးပါ။

၂။ စိုက်ပျိုးချိန်တွင် တောင်တန်းဒေသများ၌ ဩဂုတ်လလယ်မှ စက်တင်ဘာလကုန်အထိ၊ အထက်မြန်မာပြည် အပူပိုင်းဒေသတွင် စက်တင်ဘာလလယ်မှ အောက်တိုဘာလလယ်အထိ၊ အောက်မြန်မာပြည်တွင် နိုဝင်ဘာလနှင့် အစိုဓာတ်ရှိပါက ဒီဇင်ဘာလ ဒုတိယပတ်အထိ စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးချိန်တွင် အစိုဓာတ်အပြည့်အဝရှိမှသာ အပင်ပေါက် ကောင်းပါသည်။

၃။ စိုက်ခင်းမြေ တစ်ဧကလျှင် နွားချေးသို့မဟုတ် သဘာဝမြေဆွေးကို လှည်း ၄-၆ စီးခန့်၊ ယူရီးယား ၅၆ ပေါင်၊ တီစူပါ ၅၆ ပေါင်နှုန်း ထည့်ပေးပါ။

၄။ တစ်ဧကလျှင် မျိုးစေ့နှုန်း နှစ်ပြည်ခန့် အသုံးပြုပါ။ သီးညှပ်စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့တစ်ပြည်နှုန်းနှင့် အပင်ပေါက် ရာခိုင်နှုန်း ၈၀ အထက်ရှိသော မျိုးစေ့များကို အသုံးပြုပါ။

၅။ ကြဲပက်စိုက်ပျိုးခြင်းအစား အတန်းစိုက် စိုက်ပျိုးသင့်ပါသည်။ တန်းကြား ၁၄-၁၈ လက်မနှင့် ပင်ကြား ၄-၆ လက်မ စိုက်ပျိုးပါ။ မျိုးစေ့များ မြေလွှာတွင်း တစ်လက်မထက်ပို၍ နက်မည်ဆိုပါက အပင်ပေါက်နှုန်း ကျဆင်းနိုင်ပါသည်။

၆။ မျိုးစေ့သေးငယ်သဖြင့် မျိုးစေ့ကျမှု ညီညာစေရန် သဲ(သို့)ပြာနှင့် ရောနှော၍ အစေ့ချပါ။ မျိုးစေ့နှင့် ဓာတ်မြေဩဇာများကို ရောနှော၍ ကြဲပက်ခြင်း မပြုရပါ။

၇။ စိုက်ခင်းမြေ၏ အစိုဓာတ်နှင့် အပူချိန်အပေါ်မူတည်၍ မျိုးစေ့ချပြီး ၂-၃ ရက်အကြာ၌ အပင်ငယ်များ ပေါက်လာပြီး ရက် ၂၀ သားအတွင်း တစ်ပင်နှင့်တစ်ပင် အကွာအဝေး ၄-၆ လက်မထား၍ သားခွဲခြင်း၊ အပင်မှုန်းခြင်းများ ဆောင်ရွက်ပါ။

၈။ အပင်ပေါက် ကောင်းမွန်ပြည့်စုံပါက စိုက်ခင်းအတွင်း ပေါင်းမြက်များ ပေါက်ရောက်နိုင်မှုနည်းသဖြင့် အပင်သက်တမ်းတစ်လျှောက် နှစ်ကြိမ်ခန့် ပေါင်းရှင်းပေးလျှင် လုံလောက်ပါသည်။ ပေါင်းမြက်ရှင်းလင်းခြင်းကို အပင်အမြင့် လေးလက်မခန့်ရှိချိန်တွင် တစ်ကြိမ်နှင့် အရွက်များ၊ အကိုင်းများ တစ်ပင်နှင့်တစ်ပင် ယှက်နွယ်ထိစပ်ခြင်းမပြုမီ (အဖူးမထွက်မီ) တစ်ကြိမ် ပြုလုပ်ပါ။

၉။ ပန်းနှမ်းတွင် ပိုးမွှားရောဂါများ ကျရောက်ဖျက်ဆီးမှု နည်းပါးပါသည်။

၁၀။ ပန်းနှမ်းပင်၏ အရွက်များဝါ၍ ခြောက်သွေ့ပြီး အစေ့များ ရင့်မှည့်လာချိန်တွင် ရိတ်သိမ်းပါ။ ပန်းနှမ်းပင်များအား တံစဉ်ဖြင့် ရိတ်သိမ်းပြီး စိုက်ခင်းထဲတွင် ၂-၃ ရက်ကြာ နေလှန်းပြီး တလင်းသို့ သယ်ယူနင်းနယ် ခြွေလှေ့ကာ ပန်းနှမ်းစေ့များကို ခြောက်သွေ့အောင် နေလှန်း၍ အိတ်ဖြင့် စနစ်တကျ သိုလှောင်ပါ။

ပန်းနှမ်းသီးနှံသည် အပူဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ အစိုဓာတ်များလွန်းသည့်အခြေအနေတွင်လည်း အခြားဆီထွက်သီးနှံများထက် ပိုမိုခံနိုင်ရည်ရှိသဖြင့် ရာသီဥတုကြောင့် အထွက်နှုန်းကို များစွာ ထိခိုက်ခြင်း မရှိသည့် သီးနှံဟု ဆိုနိုင်ပါသည်။ တစ်ဧကလျှင် ၈-၁၀ တင်းခန့် ထွက်ရှိနိုင်ပါသည်။ အစေ့တစ်တင်းမှ ဆီ ၅ ဒသမ ၅ ပိဿာ (အစေ့အလေးချိန်၏ ၃၇-၄၃ ရာခိုင်နှုန်းအထိ) ရရှိနိုင်ပြီး တစ်ဧကလျှင် ဆီ ၄၄-၅၅ ပိဿာအထိ ထွက်ရှိနိုင်ပါသည်။ ပန်းနှမ်းဆီကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ပါသည်။

ပြောင်းလဲလာသော ရာသီဥတုအခြေအနေအရ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး မြေအမျိုးအစားမရွေး သီးသန့်၊ သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးနိုင်သည့် ပန်းနှမ်းသီးနှံသည် ဒေသတွင်း စားသုံးဆီဖူလုံရေးကို အထောက်အကူပြုနိုင်သည်သာမက ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေရလွယ်သော သီးနှံတစ်ခုဖြစ်သည့်အတွက် ပိုမိုစိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❝ပန်းနှမ်းကို သီးသန့်စိုက်ခင်းဖြင့် စိုက်ပျိုးနိုင်သကဲ့သို့ မိုးသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် သီးထပ်အနေဖြင့်လည်း စိုက်ပျိုးနိုင်ပါသည်။ နေ့တာတို (အလင်းရောင်များစွာမလိုသော) သီးနှံဖြစ်သည့်အတွက် ဥယျာဉ်ခြံများ၊ ရော်ဘာကဲ့သို့ နှစ်ရှည်ပင်များအကြားတွင် ကြားသီးနှံ (သီးညှပ်) အဖြစ်လည်း စိုက်ပျိုးနိုင်ပါသည်။ ထိုသို့စိုက်ခြင်းဖြင့် အဆိုပါ နှစ်ရှည်စိုက်ခင်းများတွင် ပေါင်းမြက်ပြဿနာကို ဖြေရှင်းပြီး ဖြစ်သကဲ့သို့ အပိုဝင်ငွေရရှိနိုင်ကာ ဆီဖူလုံမှုကို အထောက်အကူ ပြုနိုင်❞

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပုသိမ်မြို့ အမှတ်(၁၀)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် မူလတန်းအဆင့်(ကဗျာရွတ်)၊ အလယ်တန်းအဆင့်(ပုံပြော)၊ အထက်တန်းအဆင့်(ကျပန်းစကားပြော)၊ အလယ်တန်းအဆင့်(စာစီစာကုံး)၊

အထက်တန်းအဆင့်(စာစီစာကုံး)ပြိုင်ပွဲများတွင် အထူးဆု(၂)၊ အထူးဆု(၁)နှင့် တတိယဆုရရှိသူများအား တိုင်းရင်းသားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ်တို့က လည်းကောင်း၊ မူလတန်းအဆင့်(ကဗျာရွတ်)၊ အလယ်တန်းအဆင့်(ပုံပြော)၊ အထက်တန်းအဆင့်(ကျပန်းစကားပြော)၊ အလယ်တန်းအဆင့်(စာစီစာကုံး)၊ အထက်တန်းအဆင့်(စာစီစာကုံး) ပြိုင်ပွဲများတွင် ဒုတိယဆုနှင့် ပထမဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၀ တိုက်အတွက် အလှူငွေကျပ်သိန်း ၃၀၊ စာအုပ်စာစောင် ၂၄၈၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌက အလှူငွေကျပ် ငါးသိန်းအားလည်းကောင်း ပေးအပ်ရာ လူမှုရေးရာဝန်ကြီးက လက်ခံရယူခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပုသိမ်မြို့ အမှတ်(၂၄)အခြေခံပညာမူလတန်းမှ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းဖြင့် ကပြဖျော်ဖြေမှုများ ကြည့်ရှုအားပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျောင်းကုန်း ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်သစ်တောဦးစီးဌာန ကျောင်းကုန်းဘိနယ်က ကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ချောင်းဝကျေးရွာ ထူပါရုံဘုရားကြီးဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂)ဦးတင်မောင်၊ ရေကြည်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထူးနိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့်က အမြင့် နှစ်ပေနှင့်အထက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်းရှား စုစုပေါင်းအပင် ၃၀၀ တို့အား စိုက်ပျိုးခဲ့ကြသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ပဲခူးမြို့၌ ပဒေသာကပွဲနှင့်အားကစားပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ပဲခူး ဇွန် ၂၃

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဒေသာကပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်နှင့် ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကက အလှူငွေကျပ် ငါးသိန်း၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့က အလှူငွေကျပ် ၁၀သိန်းနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ် ၁၂ သိန်း တို့အား ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့အတွက် ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်က လက်ခံရယူခဲ့သည်။

ထို့နောက် အမျိုးသမီးငယ်ရွယ်အဖွဲ့က "မြန်မာအမျိုးသမီးလေးပါ" သီချင်းဖြင့်လည်းကောင်း၊ ပဲခူးခရိုင်နှင့် နတ်တလင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က တေးသရုပ်ဖော်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပြဇာတ်ဖြင့် လည်းကောင်း၊ သာယာဝတီနှင့် ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က တေးသရုပ်ဖော်ဖြင့် လည်းကောင်း၊ ဘုရားကြီးမြို့ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက အငြိမ့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ (အမျိုးသမီးရေးရာ အဖွဲ့ဝင်ရဲမေ)များနှင့် တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များက တေးသရုပ်ဖော်ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက ဖျော်ဖြေတင်ဆက်ပေးသည့် ဘုရားကြီးအငြိမ့်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခဲ့ပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ထုပ်စည်းတိုးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာ၊ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်နှင့် အဖွဲ့ဝင်များက ဖျော်ဖြေရေးအဖွဲ့များနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ တောင်သူများအား သွင်းအားစုများပေးအပ်ပွဲကျင်းပ

တိုက်ကြီး ဇွန် ၂၃

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးချေးငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမ အသင်းသား တောင်သူများသို့ သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုက်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

သွင်းအားစုများ ပေးအပ်

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး အာကာကျော်၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးအုန်းထွန်း၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်နှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်း ၂၄ သင်း၊ အသင်းသားတောင်သူ ၃၄၅ ဦး၊ စိုက်ဧက ၂၀၂၀ အတွက် တစ်ဧကလျှင်ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ညီမျှသော ငွေကျပ်သိန်းပေါင်း ၄၀၄၀ တန်ဖိုးရှိသွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ဒေသတွင်း သဘာဝပေါက်ပင်ကို ဈေးကွက်ဝင်စားသောက်ကုန်အဖြစ် ထုတ်လုပ်နေသည့် “ဇာနည်ဝဥလုပ်ငန်း”

တွေ့ဆုံမေးမြန်း- လှလှဌေး၊ ဓာတ်ပုံ- နဒီ (ပြန်/ဆက်)

မွန်ပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အလားအလာကောင်းသည့် ဒေသထွက်ကုန်ကြမ်းများထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တစိုက်မတ်မတ် အားပေးလျက်ရှိပြီး တီထွင်ဆန်းသစ်မှုနှင့် အရည်အသွေးမြင့်ထုတ်ကုန်များအား ဈေးကွက်အတွင်း ယှဉ်ပြိုင်ထိုးဖောက်နိုင်မှုဖြင့် အလားအလာကောင်းများ ပေါ်ထွန်းလာစေရေး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြစ်မြောက်ရေးတို့ကိုလည်း ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ MSME စီးပွားရေးလုပ်ငန်းရှင်များ လိုအပ်သည့်လုပ်ငန်းဈေးကွက် အခိုင်အမာရရှိရေး၊ လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် လိုအပ်သည့်အခက်အခဲနှင့် မတည်ရင်းနှီးငွေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များနှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုအခြေအနေ၊ စွန့်ဦးတီထွင်လုပ်ငန်း အခန်းကဏ္ဍများအပြင် အကျိုးဖြစ်ထွန်းမည့် ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် အစဉ်တစိုက်အားပေးကူညီ ဆောင်ရွက်လျက်ရှိသည်။

သထုံမြို့နယ်တွင်လည်း စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြလျက်ရှိပြီး ယင်းတို့အနက် နောင်ကုလားကျေးရွာ “ဇာနည်” ဝဥလုပ်ငန်းသည် မွန်ပြည်နယ်အတွင်း သထုံမြို့နယ် အပါအဝင် အနီးဝန်းကျင် ဒေသတို့၌ သဘာဝပေါက်ပင်အဖြစ် မြင်တွေ့ရသည့် ဝဥအပင်မှတစ်ဆင့် ဈေးကွက်အတွင်း စားသောက်ကုန်အဖြစ် ဖန်တီးရောင်းချနေကြသည့် ဝဥကုန်ချောအဖြစ် ထုတ်လုပ်နေသည့် တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းတစ်ခု ဖြစ်သည်။

မိရိုးဖလာ အစဉ်အဆက် လက်အားကို အသုံးပြု၍ ထုတ်လုပ်ခဲ့ရာမှ ခေတ်မီစက်ပစ္စည်းတို့ဖြင့် အဆင့်မြှင့် ထုတ်လုပ်နေလျက်ရှိရာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအဖြစ် သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုအား ပြန်လည်မျှဝေလိုက်ရပါသည်-

မေး။ ။ ဒီလုပ်ငန်းကို ရွေးချယ်လုပ်ကိုင်ဖြစ်တဲ့ အကြောင်းကို ရှင်းပြပေးပါ။

ဖြေ။ ။ ဒီလုပ်ငန်းကို မိသားစု တစ်နိုင်တစ်ပိုင် စီးပွားရေး အနေနဲ့ ရွေးချယ်လုပ်ကိုင်ဖြစ်ခဲ့တာပါ။ အဓိကကတော့ ကိုယ့်နိုင်ငံမှာရှိတဲ့ ဒေသထွက် သဘာဝပေါက်ပင်ဖြစ်တဲ့ ဝဥကို တွင်တွင်ကျယ်ကျယ် အသုံးပြုကြဖို့နဲ့ ပြည်ပသွင်းကုန်လျှော့ချနိုင်ဖို့လည်း ရည်ရွယ်ပါတယ်။

မေး။ ။ လုပ်ငန်းလုပ်နေတဲ့ အချိန်မှာ ဘယ်လို အခက်အခဲတွေ တွေ့ကြုံခဲ့ရပြီး ဘယ်လိုကြိုးစားခဲ့ရတာကိုလည်း မျှဝေပေးပါဦး။

ဖြေ။ ။ ဒီဝဥကို ဈေးကွက်ပို့နိုင်တဲ့ ကုန်ချောအဖြစ် လုပ်တဲ့နေရာမှာ အခက်အခဲတွေ အများကြီးဖြစ်ခဲ့ပါတယ်။ စပြီးလုပ်တုန်းကဆိုရင် ပြုတ်ထားတဲ့ ဝဥကမကျက်လို့ ပျက်စီးတာတို့၊ ထုံးစပ်တာများလို့ ယားတာတို့၊ အဲလိုတွေပေါ့လေ၊ နည်းပညာပိုင်း အခက်အခဲတွေအများကြီး ဖြစ်ပြီးတော့ ဆုံးရှုံးမှုတွေလည်းများခဲ့တယ်။ နောက်ပြီး ဒီဝဥကုန်ကြမ်းတွေကို သယ်ယူတဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးပေါ့။ ကျွန်တော်တို့ ဒါတွေကို သယ်ယူတဲ့အခါမှာ ရေလမ်းကရော ကုန်းလမ်းကပါ အဆင့်ဆင့် သယ်ယူရတယ်။ မိုးတွင်းကာလဆို ပိုပြီး ခက်ခဲတယ်။ ကုန်ကြမ်းကတော့ နှစ်စဉ် လိုလို လိုသလောက်တော့ ရပါတယ်။

မေး။ ။ ဝဥကုန်ကြမ်းတွေကို ဘယ်လို အချိန်တွေမှာ စုဆောင်းရတယ် ဆိုတာကိုလည်း မျှဝေပေးပါဦး။

ဖြေ။ ။ ကျွန်တော်တို့ အခုလုပ်တဲ့ ဝဥက အလေ့ကျပေါက်တဲ့ သဘာဝပေါက်ပင် မျိုးတွေပါ။ ဒါကို အိမ်ခြံထဲမှာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးနေကြတာတွေလည်း ရှိပါတယ်။ ဒီနယ်တစ်ကြောမှာ အများဆုံးထွက်တာကတော့ ဘီးလင်းမြို့နယ်က လေးကေကျေးရွာ၊ နတ်ကြီးကျေးရွာတွေမှာ အထွက်များတယ်။ မိုးအကုန်ဆောင်းဦးကာလကစပြီး ပြာသို၊ တပို့တွဲလလောက်အထိ နောက်ဆုံးထားပြီး လိုက်ဝယ်ရတယ်။ အဲဒီနောက်ပိုင်းဆိုရင် ဥတုံးပြီ။ အစို့တွေ ထွက်ပြီဆိုတော့ အဆင်မပြေတော့ဘူး။ ကျွန်တော်တို့ လိုက်ဝယ်ကြတော့ ဒေသခံတွေအနေနဲ့ကလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရတာကြောင့် ပျော်ကြတယ်။ ကျွန်တော်တို့ များများဝယ်လေ သူတို့မိသားစုတွေ အဆင်ပြေလေပေါ့။

မေး။ ။ ဝဥကုန်ချောအဖြစ်နဲ့ ဈေးကွက်ပို့နိုင်ဖို့ ဘယ်လိုလုပ်ရတယ် ဆိုတာကိုလည်း အနည်းငယ်လောက် မျှဝေပေးပါ။

ဖြေ။ ။ ဝဥကိုဈေးကွက်ပို့နိုင်ဖို့အတွက် ဆိုရင် အရင်ဆုံး ကျွန်တော်တို့ ဒီဥတွေကို ဖွဲမီးနဲ့ သုံးနာရီလောက်ကြာအောင်ပြုတ်တယ်။ ပြုတ်ပြီးရင်တော့ အခွံတွေကို ဓွန်းနဲ့ ခွာတာပေါ့။ ဒီလိုခွာပြီးမှ အနေတော်အတုံးလေးတွေဖြစ်အောင် လှီးရတယ်။ လှီးပြီးမှ ကြိတ်စက်ထဲ ထည့်ရတယ်။ ဒီလိုရလာတဲ့ကြိတ်သားကို မွှေတဲ့အိုးထဲထည့်မွှေပြီးရင် ပုံစံခွက်ထဲ ထည့်အခဲပြုလုပ်ပြီး ဈေးကွက်ပို့ဖို့ ကိုယ်လိုတဲ့ အတုံးတွေပြန်ဖြတ်ယူရပါတယ်။ ဒီလုပ်ငန်းက မိရိုးဖလာလုပ်ခဲ့တယ်လို့ပဲ ပြောရမယ်။ အရင်ကဆို ထောင်းတယ်၊ ပြုတ်တယ်၊ ဒါမျိုးတွေလုပ်ခဲ့ကြရတာ။ အခု ကိုယ့်လက်ထက်ကျတော့မှပဲ စက်တွေ အသုံးပြုပြီး အဆင့်မြှင့် လုပ်ဆောင်ခဲ့ရတာ။ လက်နဲ့လုပ်တာက အရေအတွက် နည်းသလို အရည်အသွေးကျတော့လည်း စက်နဲ့လုပ်သလောက် မကောင်းဘူး။ လက်အားနဲ့လုပ်ရင် တစ်နေ့ကိုမှ ၁၀ ပိဿာဝန်းကျင်လောက်ပဲ ရတယ်။ စက်နဲ့လုပ်တာကျတော့ လုပ်နိုင်သလောက်ရပါတယ်။

မေး။ ။ လက်ရှိအချိန်မှာ ထုတ်ကုန်ရဲ့ ဈေးကွက်အခြေအနေနဲ့ ဆက်ပြီး ချဲ့ထွင်လုပ်ကိုင်ချင်တဲ့အခြေအနေကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ ဈေးကွက်ကတော့ အဓိက အားဖြင့် ဘားအံဘက်ကို ပို့တာများတယ်။ ဒေသတွင်းမှာလည်း ရောင်းချနေပါတယ်။ ကျွန်တော်တို့ ဆီမှာကတော့ တစ်နိုင်တစ်ပိုင်လောက်ပဲ လုပ်ပါတယ်။ တစ်နေ့ကို ပိဿာချိန် ၃၀ လောက် နေ့စဉ်လုပ်ဖြစ်တယ်။ အခုပေါက်ဈေးက လုပ်ပြီးသားဝဥက တစ်ပိဿာကို ငွေကျပ် ၈၀၀၀ ကျပ်နဲ့ ရောင်းပေးတယ်။ အပြင်မှာ လက်လီ ပြန်ရောင်းတဲ့ သူတွေကျတော့ ဈေးတစ်မျိုးဖြစ်မှာပေ့ါ။ လက်ရှိတော့ ဘားအံဈေးကွက်ကို အားထားတယ်။ အဲဒီကနေမှတစ်ဆင့် တဖြည်းဖြည်း ဈေးကွက်ချဲ့ဖို့ကိုလည်း ကြိုးစားနေပါတယ်။ နောက်ပြီး ဝဥကနေပြီးတော့ အခုလိုကုန်ချောတွေအပြင် ဝဥဂျယ်လီ၊ ဝဥကြာဇံ၊ ဝဥခေါက်ဆွဲ ဒါတွေကိုလည်း လုပ်လို့ရပါတယ်။ ကျွန်တော် စဉ်းစား

ထားတာကတော့ ဝဥဂျယ်လီကို ဆက်ပြီး ထုတ်နိုင်ဖို့ရည်ရွယ်ထားတယ်။ ဒီဒေသမှာ ဝဥဂျယ်လီက မရှိသေးဘူး။ လုပ်နိုင်ခဲ့ရင် ဈေးကွက်ရနိုင်တယ်။ ကုန်ကြမ်းကလည်း ဒီမှာသက်သက်သာသာနဲ့ အလွယ်တကူ ရနိုင်တယ်။ ခုလောလောဆယ်မှာတော့ နည်းပညာတွေကို လေ့လာနေတုန်းပါပဲ။

မေး။ ။ ထုတ်ကုန်ကိုအခုလိုတရားဝင်ဖို့နဲ့ စားသုံးသူတွေအပေါ် အာမခံချက် ပေးနိုင်ဖို့ ဆောင်ရွက်ခဲ့တာကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ ကျွန်တော် ဒီလုပ်ငန်းကို လုပ်ရင်းနဲ့ပဲ တဖြည်းဖြည်း လုပ်ငန်းက အထိုက်အလျောက် တွင်ကျယ်လာတဲ့အခါမှာ မှတ်ပုံတင်လုပ်ဖို့ စဉ်းစားရတာပေ့ါ။ ဒါကြောင့် သထုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ချိတ်ဆက်ပြီး တရားဝင် မှတ်ပုံတင်ခဲ့ပါတယ်။ ကျွန်တော့် ထုတ်ကုန်ကို ဓာတ်ခွဲစမ်းသပ်ပြီးပါပြီ။ အောင်မြင်တယ်လို့လည်းပြန်သိရပါတယ်။ တစ်ခုကျေးဇူးတင်ချင်တာက မှတ်ပုံတင်လျှောက်တဲ့အခါမှာ အစစအရာရာ လွယ်ကူအဆင်ပြေအောင် ကူညီပေးခဲ့ကြတဲ့ ခရိုင်ဦးစီးမှူးနဲ့ ဝန်ထမ်းအားလုံးကိုပါ။ ဒီလိုမှတ်ပုံတင်လိုက်တော့ လုပ်ငန်းက တရားဝင်လုပ်ငန်း တစ်ခုအဖြစ် ရပ်တည်နိုင်ပြီဖြစ်သလို လိုအပ်တဲ့ အကူအညီတွေလည်း အများကြီးရလာတယ်။ အဓိကကတော့ စားသုံးသူတွေ အန္တရာယ်ကင်းကင်းနဲ့ သုံးစွဲနိုင်တယ်ဆိုတဲ့ အာမခံချက် ပေးနိုင်သွားပါတယ်။

မေး။ ။ အလားတူ ဒီလို ဝဥလုပ်ငန်း လုပ်ကိုင်နေသူတွေနဲ့ ဒီလုပ်ငန်း ထပ်မံလုပ်ကိုင်ချင်သူတွေကို ပေးနိုင်တဲ့ အကူအညီတွေနဲ့အတူ ဘယ်လို တိုက်တွန်းအားပေးစကားတွေကို မျှဝေပေးချင်ပါသလဲ။

ဖြေ။ ။ အခုဆိုရင် ကျွန်တော်တို့ အနီးအနားမှာပဲ ဝဥလုပ်တဲ့သူက ၁၀ ဦး လောက်ရှိပြီ။ အရင်ကတော့ နှစ်ဦးလောက်ပဲရှိတယ်။ အားလုံးကတော့ အချင်းချင်းအခက်အခဲတွေကို မျှဝေတယ်၊ ဖြေရှင်းကြတယ်။ အသစ်လုပ်ချင်တဲ့ သူတွေကိုပြောချင်တာကတော့ အဓိကက လုပ်ချင်စိတ်ရှိဖို့ပဲလိုတယ်။ လုပ်ချင်တယ်ဆိုရင် ပထမဆုံးက ကျွမ်းကျင်မှုရှိဖို့ သေသေချာချာ လေ့လာစေချင်တယ်။ ဒီနေ့ခေတ်က လေ့လာစရာတွေများပါတယ်။ ကျွန်တော့်ဆီလာပြီးတော့လည်း အချိန်မရွေးလေ့လာနိုင်ပါတယ်။ ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် အရှုံးနဲ့ အမြတ်ဆိုတာ ရှိပါတယ်။ အမှန်တကယ် လုပ်လိုသူတွေကို အားပေးပါတယ်။ နောက်ဆုံး ပြောချင်တာကတော့ အလုပ်ကို လုပ်ကြည့်ပါ။ မခက်ခဲပါဘူး။ စဖို့ပဲလိုတယ်လို့ စကားလက်ဆောင် ပါးချင်ပါတယ်။

မြန်မာနိုင်ငံဂီတနေ့ဖျော်ဖြေပွဲ လက်မှတ်ထုတ်ယူနိုင်

၁။ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဦးဆောင်ကျင်းပမည့် မြန်မာနိုင်ငံဂီတနေ့ ဇွန်လ(၂၇)ရက်နေ့တွင် ပြည်သူများအတွက် တေးဂီတဖျော်ဖြေပွဲကြီးကို နာမည်ကျော် တေးဂီတတီးဝိုင်းများနှင့် နိုင်ငံကျော်တေးသံရှင်များစုဖွဲ့၍ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ၂၇-၆-၂၀၂၄ ရက်နေ့ ညနေ ၅:၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ တေးဂီတဖျော်ဖြေပွဲကြီးသို့ ပြည်သူများနှင့် ဂီတအနုပညာရှင်များ လာရောက်ကြည့်ရှုနိုင်ရန် ဝင်ခွင့်လက်မှတ်များကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် နံနက် ၁၀:၀၀ နာရီအချိန်မှစ၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တွင်လည်းကောင်း၊ အမျိုးသားဇာတ်ရုံ(မြို့မကျောင်းလမ်း)တွင်လည်းကောင်း၊ မြို့နယ်ဂီတအစည်းအရုံးများတွင်လည်းကောင်း၊ ဂီတလောကသားများနှင့် ဂီတဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် - 10DMS/2024-2025(L) ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်	-	(၂၄-၆-၂၀၂၄) ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့် အချိန်	-	(၈-၇-၂၀၂၄) ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ်	-	၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

ကွန်ဒိုတိုက်ခန်းဝယ်ယူကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် - ၈၅၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်၊ THE CENTRAL Condominium Tower 1, Level – 15, Unit (H) အကျယ်အဝန်း (၁၁၇၁) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း (၁) ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသော ရေမီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နွယ်ဌေး [၉/လဝန(နိုင်)၁၄၈၃၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြု တိုက်ခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးဇော်ဇော်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးမော် B.Sc, DBL, DIL, DML, PGDL
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၇၄)
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ သုမနလမ်း၊ မြေကွက်အမှတ်(၅၆၂)၊ ဧရိယာ(၄၀'× ၆၀')ရှိသည့်၊ နှစ်(၆၀)မြေငှါးဂရန်တွင် ဦးဆီဗာလင်ဂမ်(၁၂/ကမရ(နိုင်)၀၁၆၁၆၉)အမည်ပေါက်မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်ကို နှစ်(၆၀)မြေငှါးဂရန်တွင်တရားဝင်အမည်ပေါက်သူ ဦးဆီဗာလင်ဂမ်(၁၂/ကမရ(နိုင်)၀၁၆၁၆၉)ကတရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL-B)	ဒေါ်ဟန်နွေးနိုင်(LL-B)	အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
